မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၁)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

တောင်ကြီး ဇူလိုင် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူနှင့် ဦးသိန်းဆွေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် တောင်ကြီးဟိုတယ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်အစိုးရ၊ ပြည်နယ် တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

(၁၆)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကျင်းပ

ပြည်တွင်း စာ-၄

သခင်မြ သို့မဟုတ် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များ ချန်ထားခဲ့သူ ခေါင်းဆောင်တစ်ဦး

ဆောင်းပါး စာ-၆

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ mntv ၊ SKY Net Up to Date ၊ SKY Net တိုင်းရင်းသား၊ SKY Net Hluttaw၊ မြဝတီ(MWD)၊ MWD(Variety)၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ MIR(Radio) နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

ဝန်ထမ်းကောင်းများအဖြစ် ပြည်သူ့တာဝန်များကိုထမ်းဆောင်

ပစ္စုပ္ပန်သည် ပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ကြိုးပမ်းနေကြသည့် ကာလဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုဟု ဆိုရာတွင် ခေတ်ဟောင်း စနစ်ဟောင်းကို ဖြိုဖျက်ကာ ခေတ်သစ်စနစ်သစ်ကို တည်ဆောက်လိုသော ပြည်သူတို့၏ အလိုဆန္ဒကို အလေးမူခြင်းလည်း ဖြစ်သည်။ အပြောင်းအလဲတွင် ပြည်သူက အဓိကကျသည်။ သို့ရာတွင် လက်တွေ့အကောင်အထည်ဖော်ကြရမည့်သူများမှာမူ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တစ်နည်းအားဖြင့် ဝန်ထမ်းများပင် ဖြစ်သည်။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော အဆိုရှိသည်။ ပြောင်းပြန်အယူအားဖြင့်မူ "ဝန်ထမ်းမကောင်းပါက နိုင်ငံမကောင်းနိုင်" ဟု ဆိုရလိမ့်မည်။ ဝန်ထမ်းဟု ဆိုလိုက်သည်နှင့် ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းတို့ဖြင့် တစ်ဦးချင်း အပေါ်မှာရော အဖွဲ့အစည်းအပေါ်မှာပါ ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ "ဝန်ထမ်းသည် နိုင်ငံတော်၏ အကျိုးအတွက် အချိန်ပြည့်အလုပ်လုပ်ရန် တာဝန်ရှိပါသည်။ မူလတာဝန်သာမက အခြားလိုအပ်သော တာဝန်များကိုလည်း နိုင်ငံတော်က ပေးအပ်လာလျှင် ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ထို့ပြင် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် စသည့်များကိုလည်း လိုက်နာရန် တာဝန်ရှိပါသည်"ဟူ၍ ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်ကို ပြဋ္ဌာန်းထားသည်။

ဝန်ထမ်းတစ်ဦးသည် မိမိအား ပေးအပ်ထားသော လုပ်ငန်းတာဝန်ကို မှန်ကန်စွာ ပြီးမြောက်အောင် ဆောင်ရွက်ခြင်းသည် တာဝန်ကျေပွန်ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဦးတည်ကာ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်လျှင်မူ အမြင့်ဆုံးသော တာဝန်ကျေပွန်ခြင်းပင် ဖြစ်သည်။ "မိမိတို့၏ လုပ်ပိုင်ခွင့်များကို လွဲမှားစွာအသုံးချခြင်းမပြုဘဲ ပြည်သူ့တာဝန်ကို ထမ်းဆောင်ရန် လက်ရှိနေရာ ဌာနများသို့ ရောက်ရှိနေခြင်း၊ ဆောင်ရွက်နေရခြင်း ဖြစ်သည်ကို သိမြင်ကြစေလိုပါကြောင်း၊ ပြည်သူ့တာဝန် ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကျေးဇူးသစ္စာခံယူပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ အလားတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများကိုလည်း ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့၏ ဆောင်ရွက်ချက်တိုင်းသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးတည်ကြရမည် ဖြစ်ပါကြောင်း" နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဇူလိုင် ၉ ရက် ရှမ်းပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းစင်ရေး၊ တာဝန်ကျေပွန်ရေးနှင့် စည်းမျဉ်း၊ စည်းကမ်းလိုက်နာရေးတို့အပြင် အမြင့်ဆုံးသော တာဝန်ကျေပွန်မှုအထိ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတက မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ဝန်ထမ်းကောင်းတို့၏ စွမ်းဆောင်မှုများဖြင့် နိုင်ငံကောင်းအောင် တည်ဆောက်နိုင်ဖို့ပင် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများတွင် တာဝန်များရှိသလို အခွင့်အရေးများလည်း ရှိသည်။ နိုင်ငံတော်က ပေးသည့် ဝန်ထမ်းများအတွက် အခွင့်အရေးများကို ဝန်ထမ်းများသာလျှင် ခံစားခွင့်ရှိသည်။ "ရေမြင့်လျှင် ကြာတင့်သည်" ဆိုရိုးစကားကဲ့သို့ပင် နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းများမှာ တစ်ဆက်တစ်စပ်တည်း ရှိနေသည်။ ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံနှင့် ပြည်သူကို အလုပ်အကျွေးပြုကာ နိုင်ငံမြင့်မားလာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းဘဝ မြင့်မားလာရမည်မလွဲဟု ယုံကြည်ပါကြောင်း။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ဇူလိုင် ၉

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၈လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ရှမ်းရွာသစ်တွင် ၂ ဒသမ ၄၉ လက်မ၊ ခန္တီးမြို့၊ ပဲခူးမြို့၊ ဘားအံမြို့၊ သထုံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၁၇လက်မ၊ ဟသ်ာတမြို့နယ်နှင့် ရွှေဂူမြို့တို့တွင် ၂ ဒသမ ၀၈ လက်မစီ၊ ဖာပွန်မြို့နှင့် ကတိုင်တီတို့တွင် ၂ ဒသမ ၀၁ လက်မစီတို့ ဖြစ်ကြသည်။ မိုး/ဇလ

ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၄)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်း တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁) တွင် ရုံးထိုင်၍ ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တရားရုံးတွင် ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံသင်တန်းဖွင့်ပွဲကို ဇူလိုင် ၇ ရက်နံနက်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများနှင့် သင်တန်းသား ၄၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်အထိ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ မိုး/ဇလ

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့ လမူးနယ်မြေရဲစခန်းမှူး ရဲအုပ်နေဝင်းနှင့် တပ်ဖွဲ့ဝင်များ ဇူလိုင် ၆ ရက်က တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ သက်ငယ်မုဒိမ်းမှု၊ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောစဉ်။

မြို့နယ်(ပြန်/ဆက်)

သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၉

သတင်းမီဒီယာကောင်စီဝင် အသစ်ပြန်လည်ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲဝင်မည့်ကိုယ်စားလှယ်လောင်းများအတွက် မိမိတို့နှင့်သက်ဆိုင်ရာပုံစံများကို www. Myanmarpresscouncil.org တွင်လည်းကောင်း၊ Mm. presscouncil (facebook) တွင်လည်းကောင်း ရယူပုံစံဖြည့်နိုင်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်း၊ အမှတ် ၁၃၆၊ ၁၃၈ (A+C) ၊ ၃၅ လမ်းအလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(ဖုန်း- ၀၉၄၄၈၀၂၆၃၂၆)တွင်လည်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများသည် မိမိတို့နှင့် သက်ဆိုင်ရာပုံစံများကို ရယူဖြည့်စွက်ပြီး ၂၀၁၈ခုနှစ် ဇူလိုင် ၂၀ ရက် (သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထား၍ mmpresscouncil@gmail.com မှတစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီရုံးခန်းသို့ လိပ်မူ၍ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ပေးပို့နိုင်ကြောင်း သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။

သတင်းစဉ်

ထင်သာမြင်သာ ပြုပြင်စရာ

မော်ကျွန်းမြို့အဝင်လမ်းရှိ ရေအိုင်ချိုင့်ခွက်များ ပြုပြင်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အဝင် တပင်ရွှေထီးလမ်းမကြီးသည် အရေးပါသော လမ်းတစ်လမ်းဖြစ်ရာ တပင်ရွှေထီးအဝေးပြေးလမ်းမကြီးအတိုင်း နေ့စဉ် မော်တော်ယာဉ်ကြီးငယ်မျိုးစုံ မြို့အတွင်းသို့ခေါက်ရေများစွာ ဖြတ်သန်းမောင်းနှင်ဝင်ရောက်လျက်ရှိရာ ယခုအခါ အမှတ် ၁၁ ရပ်ကွက် မအူပင်လမ်းမှ မဟာဗန္ဓုလ ၁ လမ်းထိပ်အထိ ကတ္တရာလမ်းမပေါ်နေရာအနှံ့အပြားတို့တွင် ရေအိုင်ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိသည်။

ယင်းကတ္တရာလမ်းမှာ မော်တော်ယာဉ်ကြီးငယ်သွားလာမှုများပြီး ယခုမိုးရာသီတွင် လမ်းစတင်ပျက်စီးလာသဖြင့် မော်တော်ယာဉ်မျိုးစုံတို့မှာ ရေအိုင်ချိုင့်ခွက်များကို ရှောင်တိမ်းမောင်းနှင်နေရသောကြောင့် ဒေသခံပြည်သူများသွားလာရာတွင် ယာဉ်အန္တရာယ်ရှိနေသဖြင့် ဂရုပြုသွားလာနေကြရသည်။

သို့ဖြစ်ပါ၍ မော်လမြိုင်ကျွန်းမြို့ရှိ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပျက်စီးနေသောရေအိုင်ချိုင့်ခွက်များကို သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ပေးပါရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြသည်။

မော်ကျွန်း- မြင့်အောင်

ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သားညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တောင်ကြီးမြို့အမျိုးသမီးနှင့် ကလေးဆေးရုံလေးထပ်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများကို ပကတိအခြေအနေမှန်များနှင့် အရှိတရားအတိုင်း သိရှိနိုင်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်တိုးမြှင့်နိုင်ရန် လာရောက်ရခြင်း ဖြစ်ပါကြောင်း။

တာဝန်ကျေပွန်စွာထမ်းဆောင်

ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် ရှားပါးသည့်အခွင့်အရေးများကို ရရှိနေပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက လိုက်ပါပြုပြင်ပြောင်းလဲမှသာ ပြောင်းလဲမှုအောင်မြင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသူများသည် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများဖြစ်ပါကြောင်း၊ ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ ချီးမြှင့်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် တာဝန်ယူမှုများရှိပါကြောင်း၊ နိုင်ငံဝန်ထမ်းများတွင် မိမိနှင့်ထိုက်တန်သည့်အခွင့်အရေးများကို မှန်မှန်ကန်ကန် မျှမျှတတသုံးစွဲရန်ရှိသကဲ့သို့ ပြည်သူလူထု၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါမူဝါဒများကို ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများ၊ တာဝန်ယူဆောင်ရွက်နေကြသူများအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာအသုံးချခြင်းမပြုဘဲ ပြည်သူ့တာဝန်ကို ထမ်းဆောင်ရန် လက်ရှိနေရာဌာနများသို့ ရောက်ရှိနေခြင်း ဆောင်ရွက်နေရခြင်းဖြစ်သည်ကို သိမြင်ကြစေလိုပါကြောင်း၊ ပြည်သူ့တာဝန်ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကျေးဇူးသစ္စာခံယူပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ အလားတူ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများကိုလည်း ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့၏ ဆောင်ရွက်ချက်တိုင်းသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးတည်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေများ မလေမလွင့်မဆုံးရှုံးစေရန် ဂရုပြုကြရမည်ဖြစ်ပြီး နိုင်ငံပိုင်ပစ္စည်းများအလွဲသုံးစားမလုပ်ကြစေရန် အထူးသတိချပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူကို ဗဟိုပြု ပြည်သူကိုမျက်နှာမူ၍ တာဝန်ထမ်းဆောင်ကြ စေလိုပါကြောင်း၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့်၊ ပြည်သူကိုညှဉ်းပန်းနှိပ်စက်သည့် ယန္တရားအဖြစ် မဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူကို တန်ဖိုးထားလေးစား၍ တရားဥပဒေများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှု၊ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီ မျှတမှုနှင့် ဥပဒေအရာတွင် ညီမျှမှုများ ရှိစေလိုပါကြောင်း။

အညီအမျှဖြစ်ကြမည်ဖြစ်

တရားစီရင်ရေးကဏ္ဍတွင် ပြည်ထောင်စုတရားသူကြီးချုပ်မှစတင်၍ တရားသူကြီးအဆင့်ဆင့်၏ ကြပ်မတ်ထိန်းသိမ်းကွပ်ကဲမှုများဖြင့် ဆောင်ရွက်နေပါကြောင်း၊ တာဝန်ယူမှု တာဝန်ခံမှုများဖြင့်ဆောင်ရွက်ကြရာတွင် အဂတိတရားကင်းစင်သည့် တရားစီရင်ရေးကဏ္ဍ ဖြစ်စေလိုပါကြောင်း၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေးနှင့် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်မှသာ တရားဥပဒေစိုးမိုးရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိကြဘဲ တရားဥပဒေ၏ ရှေ့မှောက်တွင် အညီအမျှဖြစ်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့သောအခြေအနေများရောက်ရှိရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် လိုက်ပါပြောင်းလဲခြင်းမရှိလျှင် ပြုပြင်ပြောင်းလဲရေးသည် တုံ့ဆိုင်းနေမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို ကြောက်နေလျှင်ဖွံ့ဖြိုးတိုးတက်မှုမရရှိနိုင်ပါကြောင်း၊ ပြောင်းလဲနေသည့်ရေစီးကြောင်းတွင် ခေတ်နှင့်အညီမပြောင်းလဲနိုင်၊ အကောင်အထည်မဖော်နိုင်ပါက ပြုပြင်ပြောင်းလဲရေးပန်းတိုင်သို့ မရောက်ရှိနိုင်ပါကြောင်း၊ မိမိတို့၏ပြုပြင်ပြောင်းလဲနိုင်စွမ်းကို သုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏အနာဂတ်ကို ပုံဖော်တည်ဆောက်ကြရာတွင် ပြုပြင်ပြောင်းလဲမှုများကို မနှောင့်နှေးစေလိုပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်အခြေအနေအရ နိုင်ငံ့ဝန်ထမ်းများအား ထိုက်သင့်သည့်လစာနှုန်းထားများ တိုးမြှင့်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းသူများကို ချီးမြှင့်ငွေများပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အခွင့်အလမ်းများက အသင့်စောင့်

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာကို တိုးတက်စေပါကြောင်း၊

စာမျက်နှာ ၅ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တောင်ကြီးမြို့စဝ်စံထွန်းဆေးရုံအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

(၁၆)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၉

(၁၆)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပသည်။ **(ယာပုံ)**

(၁၆)ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးသုဝေ၊ ပူးတွဲကော်မတီဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ UPDJC ကိုယ်စားလှယ်များ၊ အကျိုးဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယနေ့အစည်းအဝေးသည် UPDJC အဖွဲ့ဝင်များအနေဖြင့် လာမည့်ညီလာခံကိုတင်ပြမည့် အခြေခံမူ အဆိုပြုမူဝါဒများ ချမှတ်ပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည့် အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအနာဂတ်အတွက် ယနေ့ အစည်းအဝေးသည် အရေးကြီးသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ UPDJC က ချမှတ်ပေးလိုက်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး တင်ပြလာသည့် စာတမ်းများကို ပြီးခဲ့သည့် (၁၅)ကြိမ်မြောက် UPDJC တွင် အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများ ခေါ်ယူကျင်းပပြီး ဆွေးနွေးကြကာ ပြန်လည်တင်ပြလာသည့် အခြေခံမူအဆိုပြုချက်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးပြီး ညီလာခံကို ဆက်ပြီးတင်ပြရမည်ဖြစ်သည့်အတွက် ယနေ့ UPDJC အစည်းအဝေးသည် အထူးပင် အရေးကြီးပါကြောင်း။

ယုံကြည်မှုများမှတစ်ဆင့် ရင်းနှီးမှု

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ UPDJC က အဓိကတာဝန်ရှိသည့်အတိုင်း အသွင်လက္ခဏာ အရနှင့် အနှစ်သာရအရပါ အောင်မြင်သည့် ညီလာခံဖြစ်အောင် UPDJC ခေါင်းဆောင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အရေးကြီးလှပါကြောင်း၊ မူဘောင်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြပြီး တစ်ခါတလေ

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

ပြင်းပြင်းထန်ထန်၊ တစ်ခါတလေ ပြေပြေလည်လည်ဖြင့် နားလည်မှုများ၊ ယုံကြည်မှုများမှတစ်ဆင့် ရင်းနှီးမှုများ တည်ဆောက်နိုင်သည့် အခြေအနေအထိရောက်ရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲများ ခိုင်ခိုင်မာမာကျင်းပ

နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ၊ စာနာရိုင်းပင်းမှုများ ထားပြီး လျှောက်လှမ်းလာခဲ့ကြသည့် UPDJC ဖြတ်သန်းလာခဲ့သည့် ခရီးလမ်းတွင် မိမိတို့အားလုံး ပြည်သူများ လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေကြခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယနေ့ မိမိတို့ ပါဝင်လုပ်ဆောင်နေသည့် UPDJC ကဲ့သို့ နိုင်ငံရေးဆွေးနွေးပွဲများကို မူဘောင်များ၊ လုပ်ငန်းလမ်းညွှန်များချမှတ်ပြီး စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ UPDJC ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ခိုင်ခိုင်မာမာ ကျင်းပနိုင်အောင် ချမှတ်ပေးခဲ့ကြသည့်အတွက် အဆင်ပြေပြေ ဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင် ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲများတွင် အဓိကအရေးအကြီးဆုံး အချက်သည် မိမိတို့အားလုံး ဦးတည်ကြိုးပမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ထွက်ပေါ်လာရေးပင်ဖြစ်ပါကြောင်း၊ ထိုတာဝန်၊ ထိုရည်မှန်းချက်သည် မိမိတို့ UPDJC ၏ တာဝန်နှင့် ရည်မှန်းချက်လည်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် အစုအဖွဲ့များ ဘယ်လိုပင် ကွဲပြားကွဲပြား၊ UPDJC ဆိုသည့် တစ်ဖွဲ့တည်း၊ တစ်သင်းတည်းစိတ်ဓာတ်မျိုးထားရှိပြီး နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ကြရန် အင်မတန်အရေးကြီးလှ

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ

ပါကြောင်း၊ နောင်လာမည့် သမိုင်းစာမျက်နှာများတွင် UPDJC ၏ အခန်းကဏ္ဍ ဖြစ်တည်လာမည့်မှတ်တိုင်များကို မိမိတို့အားလုံး ပူးတွဲစိုက်ထူနေကြခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပြဿနာများ ပြေလည်အောင်ကြိုးပမ်း

မိမိတို့နိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ဖန်တီးခဲ့သူများက ယခု အစည်းအဝေးတွင် ထိုင်နေသည့် ပုဂ္ဂိုလ်များ မဟုတ်ပါကြောင်း၊ မိမိတို့လက်ထက်အထိ လက်ဆင့်ကမ်း လွှဲပြောင်းပေးခဲ့သည့် ပဋိပက္ခနှင့်အတူ မိမိတို့ရင်ထဲကို အာဃာတတရားများကိုပါ လွှဲပြောင်းပေးခံရသည်မျိုးမဖြစ်အောင် အထူးသတိပြုကြရန် လိုပါကြောင်း၊ ပဋိပက္ခများ၏ အဓိက ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာများ ပြေလည်အောင် ယနေ့ မိမိတို့ ကြိုးပမ်းနေကြခြင်းဖြစ်ပါကြောင်း။

အတိတ်ကိုသင်ခန်းစာယူပြီး အနာဂတ်ကို မျက်နှာမူ

ပြစ်တင်ဝေဖန်ခြင်း၊ လက်ညှိုးထိုးခြင်းက ပဋိပက္ခများကို ပြေလည်အောင်ဆောင်ရွက်ရာတွင် အထောက်အကူမပြုနိုင်ပါကြောင်း၊ ယနေ့အထိ မိမိတို့နိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ မချုပ်ငြိမ်းနိုင်သေးပါကြောင်း၊ ထို့ကြောင့် မိမိတို့ လက်ထက်တွင် ပြဿနာများချုပ်ငြိမ်းစေအောင် ကြိုးပမ်းနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ UPDJC သည် ပြဿနာများ ဖန်တီးနေကြခြင်းမဟုတ်ဘဲ ပြဿနာများပြေလည်အောင် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ အတိတ်ကိုပြန်ပြီး အသက်သွင်းနေကြပါက အတိတ်၏အရိပ်အောက်တွင်ပင် ရောက်နေမည်ဖြစ်သည့်အတွက် UPDJC ခန်းမထဲဝင်ရောက်လာချိန်တွင် အတိတ်ကိုသင်ခန်းစာယူပြီး အနာဂတ်ကို မျက်နှာမူကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

မိမိမျှော်လင့်သလို ရာနှုန်းပြည့်တော့ ရရှိနိုင်မည်မဟုတ်

ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် နိုင်ငံရေး စိတ်ရင်းဆန္ဒကို အခြေခံပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို ချဉ်းကပ်ကြရန်လိုအပ်ပါကြောင်း၊ မတူညီကွဲပြားသည့် နိုင်ငံရေးခံယူချက်များရှိနေသည့် မိမိတို့အားလုံး၏ လိုလားချက်သည် အနာဂတ်တွင် ထွက်ပေါ်လာမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပါကြောင်း၊ အဆိုပါ ပြည်ထောင်စုကို မည်သို့တည်ဆောက်မည်ဆိုခြင်းသည် မည်သို့သော ပြည်ထောင်စုမျိုးဖြစ်စေချင်သည်ဟုဆိုကာ အစုအဖွဲ့အသီးသီးက စိတ်ကူးပုံဖော်ထားကြမှုများနှင့် တစ်ထပ်တည်းကျမည်မဟုတ်ပါကြောင်း၊ ကွဲပြားမှုများထဲက တူညီမှုများကိုရှာဖွေပြီး ဘုံတူညီချက်များ ချမှတ်ရာတွင် အစုအဖွဲ့အားလုံးအနေဖြင့် မိမိမျှော်လင့်သလို ရာနှုန်းပြည့်တော့ ရရှိနိုင်မည်မဟုတ်ပါကြောင်း။

ရွေးချယ်စရာနည်းလမ်းနှစ်ခု

မိမိတို့အားလုံး သဘောတူထားသည့်အတိုင်း UPDJC သည် စေ့စပ်ညှိနှိုင်းမှု အဓိကလုပ်ရမည့် Negotiating Body ဖြစ်ပြီး ယင်းသို့ဖြစ်သည်နှင့်အညီ ဆွေးနွေးညှိနှိုင်းနိုင်သည့် အခင်းအကျင်းမျိုး ဖန်တီးပေးရန်၊ ထိုသို့ ဖန်တီးပေးနိုင်အောင်လည်း သက်ဆိုင်ရာခေါင်းဆောင်များထံမှ ယတိပြတ်မူဝါဒမျိုးမဟုတ်ဘဲ ရွေးချယ်စရာနည်းလမ်းနှစ်ခု သို့မဟုတ် သုံးခု စသဖြင့်ယူဆောင်လာရန် လိုအပ်ပါကြောင်း၊ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်း သဘောတရားကို နှလုံးသွင်းပြီး အပေးအယူ၊ အလျှော့အတင်းများပြုလုပ်လိုသည့် စိတ်ရင်းဆန္ဒရှိကြရန် အထူးပင်အရေးကြီးပါကြောင်း၊ သို့မှသာ နိုင်ငံရေးဆွေးနွေးပွဲမှ မိမိတို့ ညှိနှိုင်းအဖြေရှာနိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ငြိမ်းချမ်းရေးကို မျှော်လင့်နေကြသည့် ပြည်သူများ၊ တိုင်းရင်းသားများ၏ မျှော်တလင့်လင့် ညှိုးငယ်နေသည့် မျက်နှာများ၊ နှစ်ပေါင်းများစွာ နွမ်းလျနေခဲ့ရသည့် ၎င်းတို့၏ မျှော်လင့်ချက်များကို ရှေးရှုပြီး ယနေ့မိမိတို့အတွက်မဟုတ်ဘဲ နောင် အနာဂတ်မျိုးဆက်သစ်များအတွက် မှန်းမျှော်ကြည့်ကြပြီး ယနေ့ ဆွေးနွေးပွဲကို အောင်အောင်မြင်မြင်ဖြစ်အောင် လုပ်ဆောင်ကြပါဟု တိုက်တွန်းပြောကြားသည်။

တိုင်းပြည်ကြီး သာယာဝပြောအောင် ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းက UPDJC ၏ (၁၆) ကြိမ်မြောက် အစည်း အဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် UPDJC ဒုတိယဥက္ကဋ္ဌအနေဖြင့် အမှာစကား ပြောခွင့်ရသည့်အတွက် အထူးပင်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း၊ UPDJC သည် NCA စာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန် အရေးအကြီးဆုံးသော ကော်မတီ တစ်ရပ်လည်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်မြင်ပြီး မိမိတို့တိုင်းပြည်ကြီး သာယာဝပြောအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

သဘောတူညီချက် ရနိုင်သမျှရအောင်စုစည်း

ယနေ့အစည်းအဝေးသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးအတွက် ပြင်ဆင်နေသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ အစည်းအဝေး တွင် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် လုပ်ငန်းကော်မတီ အသီးသီးက တင်ပြလာသည့် တင်ပြချက်များ၊ အဆိုပြုလွှာများကို စိစစ်ပြီး ညီလာခံကို တင်သွင်းနိုင်ရန်အတွက် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းကော်မတီက တင်ပြလာသည့် အဆိုပြုလွှာများကို အကောင်းဆုံးဖြစ်အောင် စိစစ်ပြီး သဘောတူညီချက် ရနိုင်သမျှ ရအောင် စုစည်း၍ ယခုအစည်းအဝေးမှ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ်မြောက် အစည်းအဝေးကို တင်သွင်းသွားရမည် ဖြစ်ပါကြောင်း။

အရေးကြီးသည့် အခြေခံမူများရရှိလာ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးကို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက်ပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်ဆိုသည်မှာ NCA စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် မိမိတို့ တိုင်းပြည်တွင်ရှိသည့် ဥပဒေ အားလုံးကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများကို ဆောင်ရွက်သည့်အခါ အခြေခံရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီး များ ပင်လုံတွင်မျှော်မှန်းခဲ့သည့် ငြိမ်းချမ်းသာယာသည့် ပြည်ထောင်စုကြီး ထူထောင်နိုင်ရန်အတွက် အရေးကြီးသည့် အခြေခံမူများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု အစည်းအဝေးတွင် အားလုံးဝိုင်းဝန်းကြိုးစား အဖြေရှာပေးကြရန် လေးစားစွာ တိုက်တွန်းလိုပါကြောင်း။

စာမျက်နှာ ၅ သို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ Singapore Biennial Urban Sustainability Week ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၉

စင်ကာပူသမ္မတနိုင်ငံတွင် ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် Singapore Biennial Urban Sustainability Week သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် World Cities Summit ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ စင်ကာပူနိုင်ငံ၌ ၂၀၁၇ ခုနှစ်၌ ဖွင့်လှစ်ခဲ့သော Tampines Hub သို့ သွားရောက်လေ့လာသည်။ အဆိုပါ Tampines Hub ကို ၅ ဒသမ ၇ ဟက်တာမြေနေရာတွင် ဆောက်လုပ်ရေးကုမ္ပဏီကြီး ၁၂ ခုက အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော် အကုန်အကျခံကာ အဆင့်မြင့်အိမ်ရာဆောက်အအုံအဖြစ် ဆောက်လုပ်ထားပြီး လက်ရှိတွင် လူဦးရေ ၂၂၀၀၀၀ ခန့် နေထိုင်လျက်ရှိကြသည်။

ဆက်လက်၍ ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် Sands Expo & Convention Center, Marina Bay Sands Hotel ၌ ကျင်းပသော Singapore Biennial Urban Sustainability Week (World Cities Summit, Singapore International Water Week, Clean Environment Summit) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Tharman Shanmugaratnam၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Ambassador-at-large Prof. Tommy Koh၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Ranil Wickremesinghe တို့က အဖွင့်အမှာစကား ပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာမှ မြို့တော်ဝန်များနှင့် ဒေသဆိုင်ရာဝန်ကြီးချုပ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆောက်လုပ်ရေး၊ မြို့ပြနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၃ မှ

တာဝန်ကျေပွန်သည့် ဝန်ထမ်းများကို အခွင့်အလမ်းများက အသင့်စောင့်နေပါကြောင်း၊ တိုင်းပြည်က မိမိတို့ကို ဘာလုပ်ပေးနိုင်သလဲဟု တောင်းဆိုနေသည်ထက် မိမိတို့က တိုင်းပြည်ကို ဘာလုပ်ပေးနိုင်မလဲဟု တောင်းဆိုသည်က ပို၍နည်းလမ်းကျပါကြောင်း၊ ဒေသ၏ပကတိအခြေအနေမှန်များနှင့် အရှိတရားများကို ပွင့်လင်းမြင်သာစွာရှင်းလင်း တင်ပြစေလိုပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က လွှတ်တော်ရေးရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က တရားလွှတ်တော်လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဂတိတရားကင်းရှင်းရေးကိုလည်း ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သိမ်းဆည်းခံလယ်ယာမြေများနှင့်စပ်လျဉ်း၍ မည်သို့စွန့်လွှတ်ရမည်ကို မူဝါဒများချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မစွန့်လွှတ်သေးသည့် မြေများကို အမြန်ဆုံးစွန့်လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ စွန့်လွှတ်ပြီးသည့်မြေများကို ဥပဒေနှင့်အညီ တရားဝင်ပြန်လည်လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါကြောင်း၊ တရားမျှတမှုသည်လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းခိုင်မာရေးအတွက် အခြေခံကျပါကြောင်း၊ တရားမျှတမှုရရှိခြင်းသည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ တင်ဒါများခေါ်ယူဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခေါ်ယူဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံသူ နိုင်ငံသားများအကျိုး သယ်ပိုးဆောင်ရွက်ရာတွင် အတ္တကိုသာ ရှေ့တန်းမတင်ကြဘဲ အများအကျိုးအတွက်၊ နိုင်ငံတော်အတွက် ဦးတည်ဆောင်ရွက်စေလိုပါကြောင်း၊ တရားမျှတမှုရှိရန် အားလုံးတွင်တာဝန်ရှိပါကြောင်း၊ တရားမျှတမှုကို အကောင်အထည်ဖော်နိုင်မှသာ စည်းလုံးညီညွတ်ပြီး နိုင်ငံတော်

နိုင်ငံသူ နိုင်ငံသားများအကျိုး သယ်ပိုးဆောင်ရွက်ရာတွင် အတ္တကိုသာ ရှေ့တန်းမတင်ကြဘဲ အများအကျိုးအတွက်၊ နိုင်ငံတော်အတွက် ဦးတည်ဆောင်ရွက်စေလို

တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်မည်ဆိုပါက မိမိတို့ကျရာအခန်းကဏ္ဍမှ ဒီမိုကရေစီဖက်ဒရယ်အလင်းရောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အနာဂတ်ထွန်းလင်းတောက်ပပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မှတ်ကျောက်တင်နိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံ လေးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဦးမြင့်ဇော်က ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းစီမံချက်နှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံအဆောက်အဦအတွင်း ထည့်သွင်းတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သီဟက အဆောက်အဦ၏ အရည်အသွေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဦးစားပေးတည်ဆောက်

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားစေလိုပါကြောင်း၊ အဆောက်အဦကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဦးစားပေးတည်ဆောက်သွားကြရမည်ဖြစ်ပြီး အရည်အသွေးထိန်းသိမ်းမှုကို ပြင်ပပညာရှင်များဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ (ခုတင် - ၅၀၀)သို့ရောက်ရှိပြီး ကင်ဆာရောဂါခတ်ရောင်ခြည်ကုသဆောင်အား လှည့်လည် ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံရှိကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ဆေးရုံကြီးဆိုင်ရာ အချက်အလက်များနှင့် ဆေးကုသမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည့်ဝခိုင်မာကုမ္ပဏီလီမိတက် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းထွန်းက တောင်ကြီးမြို့စဝ်စံထွန်းဆေးရုံ တိုးချဲ့ငါးထပ် လူနာဆောင် တည်ဆောက်နေမှုများနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန် အလေးထား

ယင်းနောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူများကျန်းမာမှသာ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စေတနာမေတ္တာများဖြင့် ပြုစုကုသပေးကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများကို အထူးဦးစားပေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေကြပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးအလေးထားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ တိုးချဲ့လူနာဆောင် တည်ဆောက်ရာတွင် တည်ဆောက်မှုအရည်အသွေးကို ပြင်ပပညာရှင်များဖြင့် ကြပ်မတ်ဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာများလေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် စဝ်စံထွန်းဆေးရုံဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

သတင်းစဉ်

စာမျက်နှာ ၄ မှ

ယနေ့တွင် လုပ်ငန်းကော်မတီအသီးသီးက တင်သွင်းလာမည့် အဆိုပြုလွှာများကို မိမိတို့အနေဖြင့် အားလုံးဝိုင်းပြီး ညီလာခံကို တင်သွင်းနိုင်ရန် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လုပ်ငန်းကော်မတီအသီးသီးက သဘောတူ စုစည်းချက်များရရှိနိုင်မှု တော်တော်လေးနည်းပါသေးသည်ဟု ကြားရပါကြောင်း၊ မိမိတို့ရှေ့မှာ ရောက်ရှိလာမည့် အဆိုပြုလွှာများအားလုံးကို ပြေပြေလည်လည် ညှိနှိုင်း၍ အားလုံးသဘောတူနိုင်ပါက ဆက်လက်ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသည် ရလဒ်ကောင်းထွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ဖြစ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရန်နှင့် တိုင်းရင်းသားလူမျိုးအားလုံး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်နိုင်သော ပြည်ထောင်စုကြီး ထူထောင်နိုင်ရန်အတွက် အခြေခံမှုများ ဖြစ်သွားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် အဖြေရှာ

ထို့ကြောင့် မိမိတို့အားလုံးဝိုင်းပြီး တိုင်းပြည်၏ပြဿနာကို အတူတကွ အဖြေရှာခြင်းဆိုသည့် ချဉ်းကပ်မှုမျိုးဖြင့် စိတ်ရှည်လက်ရှည် ဝိုင်းဝန်းဆွေးနွေးပြီး ငြိမ်းချမ်းရေးအတွက် အဖြေရှာကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ဇူလိုင် ၁၁ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ညီလာခံကြီး ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင်ဖြစ်ရန် ဝိုင်းဝန်းကြိုးစားသည့်အထဲတွင် မိမိတို့ UPDJC က အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ UPDJC ဆိုသည်မှာ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသည့် ဝန်ကြီးဌာနကိုယ်စားလှယ်ကြီးများ၊ တပ်မတော်ကိုယ်စားလှယ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ စုပေါင်းပါဝင်သည့် အဖွဲ့အစည်း အစုအဖွဲ့တစ်ခု၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စားလှယ်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ ကိုယ်စားလှယ်အစုအဖွဲ့ သုံးပွင့်ဆိုင်စုပေါင်းထားသည့် အဖွဲ့အစည်းပင်ဖြစ်ပါကြောင်း။

ဆွေးနွေးရုံဖြင့် မလုံလောက်

အဆိုပါ အဖွဲ့အစည်းက ငြိမ်းချမ်းရေးကြီးရရှိအောင် ညီညီညွတ်ညွတ် ရင်းရင်းနှီးနှီး တစ်လျှောက်လုံးကြိုးစားခဲ့သည်မှာ လွန်စွာဝမ်းသာစရာကောင်းပါကြောင်း၊ UPDJC သည် ယနေ့ ကြိုးပမ်းနေသည့် လုပ်ငန်းကြီးနှစ်ခုရှိပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့်လုပ်ငန်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းကြီးသည် အင်မတန်ကြီးကျယ်ခက်ခဲသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သကဲ့သို့ ရင်ဆိုင်ဖြေရှင်းရမည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရန် UPDJC တွင် ရင်းရင်းနှီးနှီး ခေါင်းချင်းဆိုင်ပြီးဆွေးနွေးရုံဖြင့် မလုံလောက်ပါကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် လုပ်ငန်းကြီးတွင် စံချိန်၊ စံညွှန်းနှင့်ညီအောင် UPDJC အဖွဲ့အစည်းများ အချင်းချင်းတွေ့သည့်အချိန်တွင် လိုက်လိုက်လှဲလှဲ ဝမ်းပန်းတသာ ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်နေကြသည်ကို ပြည်သူလူထု တွေ့မြင်ရန် လိုအပ်ပါကြောင်း၊ UPDJC ဆိုသည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်လမ်းညွှန်နေသည့် အဖွဲ့အစည်းပီပီ ညီညွတ်မှုကို ပြည်သူလူထုအား ပြသရန် လိုအပ်ပါကြောင်း၊ သို့မှသာ လူထုကြီးသည် အမျိုးသားပြန်လည်သင့်မြတ်ရေး အမှန်တကယ်ဖြစ်လာတော့မည်ဟု ယုံကြည်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ကြိုးပမ်းသည့်နေရာတွင် UPDJC သည် တွေ့ဆုံ၊ ဆွေးနွေး၊ ညှိနှိုင်းဆောင်ရွက်ကြရာတွင် သည်းခံ၊ စိတ်ရှည်၊ နားလည်မှုများ၊ အမြော်အမြင်ရှိမှုများဖြင့် အခက်အခဲများကို အလျှော့အတင်း၊ အပေးအယူပြုလုပ်ကာ သဘောတူညီချက်ရအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

အားသွန်ခွန်စိုက် ကြိုးပမ်း

ထိုသို့သော အရည်အချင်းမျိုးကို ပြသနိုင်မှ ပြည်သူလူထုက နားလည်သဘောပေါက်ပြီး UPDJC ကြိုးစားနေသည့် ငြိမ်းချမ်းရေးသည် ရကိုရမည်ဟု ယုံကြည်စိတ်ဝင်ကာ ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲသို့ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကိုရရှိပြီး ငြိမ်းချမ်းရေး မြန်မြန်ဆန်ဆန် ရရှိမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို တာဝန်အပေးခံရသည့် UPDJC သည် အင်မတန် ဂုဏ်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို တာဝန်ပေးခံရခြင်းသည် ကြုံခဲလှပါကြောင်း၊ ထို့ကြောင့် ကြုံတောင့်ကြုံခဲအချိန်တွင် တာဝန်အပေးခံရသည့် UPDJC သည် မိမိတို့တာဝန်ကို ကျေပွန်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်သွားပါက ပြည်သူလူထုသည် ငြိမ်းချမ်းရေးဆိုသည့် အသီးအပွင့်များနှင့် အသီးအပွင့်များ၏ အရသာကို ခံစားသွားနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ပြည်သူများ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခံစားသွားနိုင်ရန်လည်း UPDJC သည် အစွမ်းကုန်ကြိုးစားအားထုတ် ဆောင်ရွက်နေသည့်အတွက် ငြိမ်းချမ်းရေးရရှိပါက UPDJC ၏ သမိုင်းသည် အင်မတန်လှပသည့် မှတ်တမ်းဖြစ်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်ငြိမ်းချမ်းရေးညီလာခံသည်လည်း ငြိမ်းချမ်းရေးအောင်ပွဲ၏ အဆင့်တစ်ခုတက်သွားအောင်လုပ်ရန် လိုအပ်ပါကြောင်း။

ညီညီညွတ်ညွတ်ဖြင့် အောင်မြင်အောင်၊ တာဝန်ကျေပွန်အောင် အတူတကွ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပါက ငြိမ်းချမ်းရေးအဆင့်အတန်းတစ်ခုကို ယနေ့ ဖော်ဆောင်သည့် ညီလာခံကြီးတွင် မိမိတို့ပြသရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင်၊ ပြည်သူလူထုလည်း ငြိမ်းချမ်းရေးအသီးအပွင့်များ စားသောက်နိုင်အောင်၊ မိမိတို့အားလုံး၏ သမိုင်းလည်းလှပအောင် ညီညီညွတ်ညွတ်ဖြင့် တတ်စွမ်းသလောက် ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် တက်ရောက်လာကြသူများက နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့မှ မူဝါဒစာတမ်းများ တင်ပြဆွေးနွေးခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် ချမှတ်ရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဒေါက်တာတင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

သခင်မြ သို့မဟုတ် တန်ဖိုးမဖြတ်နိုင်သောအမွေအနှစ်များ ချန်ထားခဲ့သူ ခေါင်းဆောင်တစ်ဦး

သတင်းဆောင်းပါး-သီသီမင်း ၊ ဓာတ်ပုံ-အေးမင်းသူ

“သေသောသူ ကြာရင်မေ့”ဆိုတဲ့ စကားပုံက မှားနေသလိုပါပဲ။ အာဇာနည်နေ့ ရောက်ပြီဆို ပိုပြီးသတိရတယ်။ နှစ်တိုင်းလည်း အာဇာနည်ခေါင်းဆောင်တွေအတွက် ရည်စူးပြီး ဆွမ်းကျွေးခဲ့တာ တစ်နှစ်မှမပျက်ခဲ့ဘူး”ဟု အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ မိသားစု၏ မိသားစုဝင်ဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ မသမာသူ လူတစ်စု၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ရသည်။

ထိုနေ့သည် ကျဆုံးသွားသည့် အာဇာနည် ကိုးဦး၏ မိသားစုဝင်တို့ အတွက်သာမက မြန်မာပြည်သူတို့၏ ကြေကွဲဖွယ်ရာ တစ်သက်မမေ့နိုင်စရာနေ့လည်း ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီး သခင်မြကို အဖ ဦးဘိုးချွန်၊ အမိ ဒေါ်သက်လယ်တို့မှ ၁၈၉၇ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ပြည်ခရိုင် ထုံးဘိုမြို့နယ်၌ မွေးဖွားခဲ့သည်။

အသက်ရော နိုင်ငံရေးရော ဝါရင့်

“ဘဘမြ ကွယ်လွန်တော့ အသက် ၅၀ ၊ နေမယ်ဆို နေလို့ရသေးတာပေါ့။ အာဇာနည် ကိုးဦးထဲမှာ အသက်ရော၊ နိုင်ငံရေးရော ဝါရင့်တဲ့အတွက် ဘယ်ကိစ္စမဆို တည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်တယ်။ စိတ်ထားလည်းကောင်းတယ်”ဟု ငယ်စဉ်က ဖတ်ရှုရသည့် ဖခင်အကြောင်း ရေးသားထားသည့် စာအုပ်များနှင့် မိခင်ဖြစ်သူ၏ ပြောပြချက်များအရ သိခဲ့ရသည့် ဖခင်ကြီး သခင်မြအကြောင်းကို သားဖြစ်သူ ဦးရဲမြင့်အောင်က ပြောပြသည်။

ဦးရဲမြင့်အောင်

၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့ရာ သားသမီးတစ်ဦးမှ ထွန်းကားခဲ့ခြင်း မရှိသဖြင့် မိသားစု သိုက်သိုက်ဝန်းဝန်း နေလိုသည့်အတွက် သခင်မြ၏လူယုံ သခင် ခင်အောင်တို့ မိသားစုနှင့်အတူ နေထိုင်ခဲ့ရာမှ သခင် ခင်အောင်၏ သားဖြစ်သူ ဦးရဲမြင့်အောင်အား သခင်မြ၏ ဇနီး ဒေါ်ခင်ညွန့်က သွားလေရာ ခေါ်သွားလေ့ရှိသည်။

“ကျွန်တော့်အဖေ သခင် ခင်အောင် ဆိုတာကလည်း ဘဘမြရဲ့ လူယုံတစ်ယောက်ပါပဲ။ အဖေနဲ့ အမေ့ကို ဘဘမြတို့က လက်ထပ်ပေးခဲ့တာ။ ကျွန်တော်က အဲဒီအိမ်မှာပဲ မွေးပြီး ကြီးပြင်းခဲ့တာ”ဟု ဦးရဲမြင့်အောင်က ပြောပြသည်။

စကားနည်းပြီး အနေအေး

သခင်မြသည် စကားနည်းပြီး အနေအေးသည့်အပြင် လောဘနှင့် အတ္တမရှိသူတစ်ဦးဖြစ်ကာ ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင်ကပင် တချို့ကိစ္စများတွင် သခင်မြနှင့် တိုင်ပင်ပြီးမှသာ ဆုံးဖြတ်လုပ်ဆောင်လေ့ရှိကြောင်း သိရသည်။

သခင်မြသည် သုံးတန်းမှ ခုနှစ်တန်း အထိ သာယာဝတီ အေဘီအမ်ကျောင်းတွင် လည်းကောင်း၊ ခုနှစ်တန်းမှ ၁၀ တန်း အထိ ရန်ကုန် ဘက်ပတစ် ဟိုက်စကူးကျောင်းတွင် လည်းကောင်း ပညာသင်ကြားခဲ့သည်။

၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ် အိုင်အက်(စ်)စီတန်းတွင် ဆက်လက် သင်ကြားခဲ့သည်။ ထို့နောက် ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဗာစီတီမှ အိုင်အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည့် သခင်မြသည် ၁၉၂၀-၁၉၂၁ ခုနှစ်၊ ရန်ကုန်ကောလိပ် သပိတ်တွင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် အဖွဲ့ဝင် ၂၄ ဦးပါဝင်သော သပိတ်မှောက်ကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၉၂၂ - ၁၉၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသား ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အမျိုးသား ကျောင်းများ အစိုးရအထောက်အပံ့ယူသဖြင့် အမျိုးသားပညာရေးကောင်စီမှ နုတ်ထွက်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဘီအက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ဆင်းရဲသားတရားခံများဘက်မှ လိုက်ပါ

သခင်မြသည် ၁၉၂၇ ခုနှစ်တွင် ဘီအယ်(လ်)ဝတ်လုံ စာမေးပွဲ အောင်မြင်ပြီးနောက် သာယာဝတီသို့ ပြန်ကာ ရှေ့နေ အလုပ်ကို လုပ်ကိုင်ရင်း ဆင်းရဲသားများအတွက် အခမဲ့ ရှေ့နေ လိုက်ပေးသည်။ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသော အမှုများတွင် ဆင်းရဲသားတရားခံများဘက်မှ လိုက်ပါ ခုခံပေးခဲ့သည်။

“ဆရာစံနောက်မှာ ဆင်းရဲသား တောင်သူလယ်သမားတွေပဲ ရှိတာ။ အင်္ဂလိပ်အခေါ် သူပုန်တွေပဲ ရှိတာ။ သခင်မြက အဲဒါသွားတွေ့ပြီးတော့ သူ့ရဲ့စိတ်ကသနားပြီး ဖမ်းခံထိတဲ့ တောင်သူလယ်သမားတွေဘက်ကနေ အခကြေးငွေ မယူဘဲ ရှေ့နေဘဝနဲ့ လိုက်ပေးခဲ့တယ်တဲ့။ အဲဒီလို စိတ်ဓာတ်လေးတွေက အတုယူ ဖို့ကောင်းတာ”ဟု ဦးရဲမြင့်အောင်က သူ့ဖခင်အတွက် ဂုဏ်ယူဝင့်ကြွားစွာ ပြောသည်။

သခင်မြ

၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက် ဖြစ်လာသည့် သခင်မြသည် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ သာယာဝတီတောင်ပိုင်း အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသော်လည်း ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးတော်ပုံတွင် အင်္ဂလိပ်အစိုးရလက်ချက်ကြောင့် ကျောင်းသားများ သွေးမြေကျခဲ့ရသည်ကို မကျေနပ်၍ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

ထိုမှတစ်ဖန် ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

ပြည်တွင်းမှ ခေါင်းဆောင်ရန် တာဝန်ယူ

ထိုနှစ်မှာပင် ဗမာ့လွတ်လပ်ရေးအတွက် တော်လှန်ရေးအဖွဲ့ကြီးဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းရာတွင် သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးတွင် ပြည်ပမှ ခေါင်းဆောင်ရန် တာဝန်ယူခဲ့ပြီး ပြည်တွင်းမှ ခေါင်းဆောင်ရန် သခင်မြက တာဝန်ယူခဲ့သည်။

၁၉၂၀ တက္ကသိုလ်သပိတ်ကာလအတွင်း ထူထောင်ခဲ့သော ကြည့်မြင်တိုင်အမျိုးသား(နေရှင်နယ်) အထက်တန်းကျောင်း၏ ဆရာများအဖွဲ့ (ထိုင်နေသော အလယ်တန်း ဝဲဘက် ဒုတိယလူမှာ သခင်မြဖြစ်သည်)

“သခင်မြသည် စကားနည်းပြီး အနေအေးသည့်အပြင် လောဘနှင့် အတ္တမရှိသူတစ်ဦးဖြစ်ကာ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကပင် တချို့ကိစ္စများတွင် သခင်မြနှင့်တိုင်ပင်ပြီးမှသာ ဆုံးဖြတ် လုပ်ဆောင်လေ့ရှိ”

ထို့အပြင် စစ်အတွင်း အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဂျပန်ကိုတော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖဆပလ အဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးအတွက် သခင်မြ၏ တာဝန်မှာ ဂျပန်ကို အယုံသွင်း၍ အကျဉ်း ချထားခြင်း ခံရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာတွင် ပြည်သူ့အရေးတော်ပုံပါတီကို ဗမာပြည် ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။

သခင်မြ

(၇ အောက်တိုဘာ ၁၈၉၇ - ၁၉ ဇူလိုင် ၁၉၄၇)

သခင်မြသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၁၈၉၇ ခု အောက်တိုဘာလ ၇ ရက် ကြာသပတေးနေ့ ည ၇ နာရီ ၃၆ မိနစ်တွင် ပြည်ခရိုင်၊ ထုံးဘိုမြို့၌ ဖွားမြင်သည်။ အဖမှာ ဦးဘိုးချွန်၊ အမိမှာ ဒေါ်သက်လယ် ဖြစ်သည်။ ငယ်မည်မှာ မောင်မြရွှေဖြစ်သည်။ နှမ မမြငွေ တစ်ဦးသာရှိ၍ နောင်တွင် သီလရှင်ဒေါ်ခေမာဝတီ ဖြစ်သည်။

သုံးတန်းမှ ခုနှစ်တန်းအထိ သာယာဝတီ အေဘီအမ် ကျောင်းတွင်လည်းကောင်း၊ ခုနှစ်တန်းမှ ၁၀ တန်းအထိ ရန်ကုန် ဘက်ပတစ် ဟိုက်စကူးကျောင်းတွင် လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၁၆ ခုတွင် ရန်ကုန် ကောလိပ် အိုင်အက်(စ်)စီတန်းတွင် ဆက်လက် သင်ကြားခဲ့သည်။

၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဘာစီတီမှ အိုင်အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၂-၁၉၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသား ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်သည်။

၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးတွင် ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

စစ်အတွင်းအစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။

၁၉၄၅ ခု စက်တင်ဘာလတွင် ပြည်သူ့အရေးတော်ပုံပါတီကို ဗမာပြည်ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့ လက်ချက်ဖြင့် ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အသက်ဆုံးရှုံးရရှာသည်။

ကွယ်လွန်ချိန်၌ ဇနီးဒေါ်ခင်ညွန့် ကျန်ရစ်သည်။

နိုင်ငံရေးလုပ်တဲ့အခါ အတွဲညီ

၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့၌ ပါဝင်ခဲ့ပြီး ဗိုလ်ချုပ် အောင်ဆန်းနှင့် အခြားသော ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အသက်ဆုံးပါးခဲ့သည်။

“ဗိုလ်ချုပ်အောင်ဆန်းနဲ့က နိုင်ငံရေးလုပ်တဲ့အခါမှာ အတော်အတွဲညီတာ၊ ဆရာလိုတစ်မျိုး၊ ညီအစ်ကိုလိုတစ်မျိုး ခင်မင်ခဲ့ကြတာတဲ့၊ သေမှပဲ လက်တွဲဖြုတ်တော့တယ်”ဟု ဦးရဲမြင့်အောင် ကပြောသည်။

အာဇာနည်ခေါင်းဆောင်များ ကျဆုံးသည့် ညနေပိုင်းမှာပင် သခင်မြဇနီး၏ဖခင်သည် အဆိုပါသတင်းကြောင့် နှလုံးရောဂါဖြင့် ဆုံးပါးခဲ့ရာ တစ်ရက်တည်းတွင် ခင်ပွန်းဖြစ်သူနှင့် ဖခင် ဆုံးပါးသွားသည့်အတွက် ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်မှာ ဖြေမဆည်နိုင် ဖြစ်ခဲ့ရသည်ဟု ဦးရဲမြင့်အောင်က ပြောပြသည်။

“ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့မိသားစုဝင်တွေကို နိုင်ငံတော်က စကော့ဈေးမှာ ဆိုင်ခန်းတစ်ခန်းစီပေးတယ်။ နောက် BOC ကုမ္ပဏီက ဓာတ်ဆီဆိုင် လုပ်ပိုင်ခွင့်ချပေးတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်မှာ ပြည်သူပိုင်သိမ်းတော့ အကုန်ပါသွားတယ်။ နောက်တော့ တစ်လတစ်ထောင် အမြေညွှန့်ရတယ်။ အမြေညွှန့်လည်း ဆုံးသွားရော မရတော့ပါဘူး”ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၇ သို့

❒ *ကျောဖုံးမှ*

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ၁၀ ခုမှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၈ ဖြင့် **"ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ"** ကို ၁၁ ဦးဖြင့်လည်းကောင်း၊ **"ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ"** ကို ၁၇ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ၄ ရပ် ချမှတ် ပေးထားပါကြောင်း။

ဦးစီးကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် ဌာနများအချင်းချင်း ပေါင်းစပ်နိုင်ရေးအတွက် ဦးစီးကော်မတီမှ ဆပ်ကော်မတီ ၁၀ ခုကို လုပ်ငန်းတာဝန်များချမှတ်ကာ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၄ ချက်ချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

ဗုဒ္ဓဘုရားရှင်လက်ထက် ဗုဒ္ဓသာသနာတော်အစောပိုင်းကာလတွင် ဘုရားရှင်က ရဟန်း သံဃာတော်များအား သုံးထည်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးစွဲရန် ခွင့်ပြုခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိုးတွင်းကာလ ဝါဝင်ခါနီးအချိန်တွင် မိုးရွာထဲ မိုးမိလာသော ရဟန်းသံဃာများ ရေစိုသင်္ကန်းကို လဲဝတ်ရန် အပိုသင်္ကန်း မရှိသဖြင့် အဆင်ပြေစေရန်အတွက် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ "မိုးရေခံသင်္ကန်း" ဆက်ကပ်လှူဒါန်းခွင့် လျှောက်ထားရာမှ မိုးရေခံသင်္ကန်းသုံးစွဲခွင့်ကို ဘုရားရှင်က ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးခဲ့သဖြင့် ဝါဆိုလတွင် ရဟန်းတော်များအား ကပ်လှူသည့် သင်္ကန်းဖြစ်သည့်အတွက် "ဝါဆိုသင်္ကန်း" ဟု အခေါ်အဝေါ် ပြောင်းလဲဆင်းသက်လာပြီး ဝါဆိုသင်္ကန်းလှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဝါဆိုလပွဲတော်တစ်ခု ဖြစ်လာခဲ့ပါကြောင်း။

ဘုရားရှင်ခွင့်ပြုခဲ့ပြီး ဝိနည်းတော်နှင့်အညီ လှူဒါန်းခွင့်ရသည့် သင်္ကန်းလှူဒါန်းမှုဖြစ်သည့်အတွက် မွန်မြတ်သောအလှူဟု ခေါ်ဆိုရမည် ဖြစ်ပါကြောင်း၊ သင်္ကန်းလှူဒါန်းကြရသူများ

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။

အဖို့ ထူးခြားသော အကျိုးထူးများခံစားရရှိနိုင်ပြီး သောတာပန်နှယ် ဂုဏ်ရည်ကြွယ်၍ အပါယ်ဘေးမှ လွတ်နိုင်ကြောင်းကို ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရပါကြောင်း။

ယခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၄၇ ပါး၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီး ၁၀ ပါး၊ စေတိယဟိတကာရက ဆရာတော် တစ်ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါး စုစုပေါင်း ၆၉ ပါးအား ဖိတ်ကြားပင့်ဆောင်သွားမည် ဖြစ်ပါကြောင်း။

အခမ်းအနားသို့ ကြွရောက်လာမည့် ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ သီတင်းသုံးမည့် ကျောင်းဆောင် လေးဆောင်တွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနှင့် သီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ် တင့်တယ်စေရေးတို့ကို ယခင်နှစ်များနည်းတူ စီစဉ်ပေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် ဆရာတော်ကြီးများအတွက် ဆွမ်းနှင့် လူပုဂ္ဂိုလ်များအတွက် အစားအသောက်များ ချက်ပြုတ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ဆရာတော်ကြီးများကို ကျန်းမာရေးစစ်ဆေးပေးရန်လည်း လိုအပ်ပါကြောင်း။

အခမ်းအနားကျင်းပနေပုံများကို ယခင်နှစ်များကဲ့သို့ LED Board တပ်ဆင်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် နှစ်စဉ်ကျင်းပပြုလုပ်နေကြဖြစ်၍ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များကဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများပေါ်မူတည်၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လစ်ဟင်းမှုမရှိစေရေး သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးစီးကော်မတီအတွင်းရေးမှူးတို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ပခုက္ကူမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

ပခုက္ကူ ဇူလိုင် ၉

လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့တွင် ပခုက္ကူမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ပခုက္ကူမြို့ရှိ မြို့မရဲစခန်း အချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျဉ်းဦးစီးဌာန ပခုက္ကူအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသား အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စုလေးစုခွဲကာ တွေ့ဆုံပြီး လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိတို့ကို စစ်ဆေးမေးမြန်းကာ အကျဉ်းသား၊ အကျဉ်းသူ အိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်ရှိ အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ အကျဉ်းသား နှစ်ဦးတို့ကို တစ်ဦးချင်းတွေ့ဆုံကာ အခက်အခဲများကို မေးမြန်းကြသည်။

ယင်းနောက် အကျဉ်းဦးစီးဌာန ဝန်ထမ်းများကို တွေ့ဆုံ၍ လုပ်ငန်း အခက်အခဲများ ရှိ၊ မရှိ မေးမြန်းပြီး အကျဉ်းသား အကျဉ်းသူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ မပြုလုပ်မိစေရေး၊ အကျဉ်းသားများ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ တိုးတက်ပြောင်းလဲစေရေးနှင့် လုပ်ဆောင်ရမည့် နည်းလမ်းများနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ အကျဉ်းထောင်ရေိယာအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ရှိ မြို့နယ်တရားရုံး၊ မြို့နယ်ဆေးရုံရှိ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘဲလင်းအကျဉ်းစခန်း (၁)၊(၂)တို့နှင့် ရဲစခန်း အချုပ်ခန်းများကို လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် လက်ပုံစံနှိပ်ယူနည်း (မွမ်းမံ) သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဇူလိုင် ၉ ရက်က လက်ပုံစံနှိပ်ယူနည်း (မွမ်းမံ) သင်တန်းအမှတ်စဉ် (၄/၂၀၁၈) သင်တန်းဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၊ ယာယီရဲမှူးကြီး မြင့်ထွေး၊ ခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို ဇူလိုင် ၁၃ ရက်အထိ သင်တန်းသားအရာရှိ ၄၄ ဦးတို့အား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်ကြီး နေဝင်း လက်ထက်တွင် အာဇာနည်နေ့ အခမ်းအနားကို စစ်အခမ်းအနား ၊ စစ်တီးဝိုင်းများဖြင့် ၎င်းကိုယ်တိုင် အာဇာနည် မိသားစုဝင်များနှင့်အတူ တက်ရောက်ကာ ပန်းခွေချ၊ အလေးပြုခြင်းများ လုပ်ဆောင်ခဲ့ကြောင်းနှင့် ၁၉၈၃ ခုနှစ် အာဇာနည်ဗိမာန် ဗုံးဖောက်ခွဲခံရပြီးနောက်ပိုင်း ထိုသို့ကျင်းပခြင်းမရှိတော့ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားများတွင်လည်း အာဇာနည်မိသားစုဝင်များ တက်ရောက်ခွင့်မရတော့ကြောင်း သိရသည်။

"ဗိုလ်ချုပ်ကြီးနေဝင်း ပြီးသွားတော့ နောက်တက်လာတဲ့ အစိုးရလက်ထက်မှာ တော်တော်လေးကို တင်းကျပ်ခဲ့ပါတယ်"ဟု ဦးရဲမြင့်အောင်က အာဇာနည်နေ့ အခမ်းအနားကျင်းပခွင့် မှေးမှိန်ခဲ့သောနေ့များဆီကို ပြန်ပြောင်း ပြောပြသည်။

သခင်မြ၏ အသက် ၁၂၀ ပြည့် အခမ်းအနား

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်း စည်ကားစွာကျင်းပသည့်အပြင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံတွင် တို့ဗမာအစည်းအရုံး (မျိုးဆက်သစ်) အဖွဲ့မှ ဦးစီး၍ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ အသက် ၁၂၀ ပြည့် အခမ်းအနားကို ကျင်းပခွင့်ပေးခဲ့သည်။

"အရင်က သခင်မြပန်းခြံဆိုတာ ဆိုင်းဘုတ်တောင် ရှာမရခဲ့ဘူး။ အခု ပြည်သူတင်တဲ့ အစိုးရခေတ်ရောက်မှ ပန်းခြံကတော်တော်လေး ကောင်းလာတယ်။ ဂိတ်ပေါက်မှာဆိုလည်း အင်္ဂလိပ်လိုတစ်မျိုး၊ မြန်မာလိုတစ်မျိုး ဆိုင်းဘုတ်ကို တင့်တင့်တယ်တယ်လေးထားတယ်။ တို့ဗမာအစည်းအရုံးက ဦးစီးပြီး နှစ် ၁၂၀ ပြည့်မွေးနေ့ကိုလည်း ဒီပန်းခြံမှာလုပ်ခွင့်ရတယ်။ တို့ဗမာအစည်းအရုံးကို ကျေးဇူးတင်သလို အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဦးရဲမြင့်အောင်က ပြောသည်။

ထို့ပြင် ဦးရဲမြင့်အောင်က သူ၏ လက်ရှိနိုင်ငံရေးအပေါ် ထားရှိသည့် ခံယူချက်နှင့်ပတ်သက်၍ "ကိုယ်တင်ခဲ့တဲ့ အစိုးရသွားနေတဲ့ လမ်းစဉ်ကို ကန့်လန့် မတိုက်ဘူး။ ဒါဟာလည်း တိုင်းပြည်အတွက် နိုင်ငံရေးတစ်ခု လုပ်နေသလိုပဲ သဘောထားတယ်" ဟု ပြောသည်။

လွတ်လပ်ရေးအတွက် အသက်စွန့်

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့် ကြိုးပမ်းခဲ့သည့် အာဇာနည်ပုဂ္ဂိုလ် သခင်မြမိသားစု၏ မိသားစုဝင် ဦးရဲမြင့်အောင်က -

"အာဇာနည်တစ်ဦးဖြစ်တဲ့ သခင်မြရဲ့မိသားစုဝင်ဖြစ်ရတာ ဂုဏ်ယူတယ်။ သူ့ရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေ၊ ရိုးသားမှုဂုဏ်တွေက ကျွန်တော်တို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်ပါပဲ"ဟု စကားဆိုခဲ့သည်။ ။

သခင်မြ အလယ်တန်းကျောင်းသားဘဝ ပညာသင်ယူခဲ့သည့် အေဘီအမ် (ယခု အထက-၂ သာယာဝတီ)ကျောင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ပူးပေါင်း၍ ကာတွန်းကားအစီအစဉ် စတင်ဆောင်ရွက်

တရုတ်သမ္မတ ရှီကျင့်ဖျင် ရေးသားသည့် တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု မြန်မာဘာသာပြန်စာအုပ် မိတ်ဆက်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန(GXBS)တို့ ပူးပေါင်းထုတ်လွှင့်မည့် ကာတွန်းကားအစီအစဉ် စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ရေးသားသည့် တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု စာအုပ်အား မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေဖြန့်ချိမည့် မိတ်ဆက်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားကို တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E.Mr. Huang Kunming ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန့်သည်တော်ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

တနင်္ဂနွေနေ့တိုင်းပြသသွားမည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် တရုတ်ကာတွန်းကားအစီအစဉ်တွင် "တောပျော် မျောက်ကလေး ကျွမ့်ကျွမ့်" ဇာတ်လမ်းကို ယခုနှစ် ဩဂုတ်လမှ စတင်၍ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီခွဲတွင် MRTV မှ ပြသသွားမည်ဖြစ်သည်။

စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် ညွှန့်သည်တော်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တို့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညှိနှိုင်းခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ မီဒီယာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စာပေကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးနှင့် နေပြည်တော်တွင် တည်ဆောက်မည့် ရုပ်ရှင်စတူဒီယိုများနှင့် ပတ်သက်၍ ပူးပေါင်းပါဝင်ကူညီပေးရေး စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက်ညွှန့်သည်တော်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ရေးသားသည့် **တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု** စာအုပ်အား မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေဖြန့်ချိမည့် မိတ်ဆက်ပွဲ အခမ်းအနားနှင့် တရုတ်-မြန်မာနိုင်ငံရေးရာ စီမံခန့်ခွဲရေးဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာန ဝန်ကြီး H.E. Mr. Huang Kunming၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဖွင့်လှစ်

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ညွှန့်သည်တော်ဝန်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် ရေးသားသည့် **တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု**(ပထမတွဲ) မြန်မာဘာသာပြန်စာအုပ်အား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန့်သည်တော်ဝန်ကြီးက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများအား **တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု**(ပထမတွဲ) မြန်မာဘာသာပြန်စာအုပ်ကို လက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

တရုတ်-မြန်မာနိုင်ငံရေးရာစီမံခန့်ခွဲရေး

ယင်းနောက် တရုတ်-မြန်မာနိုင်ငံရေးရာ စီမံခန့်ခွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ သုတေသီ ဦးအေးမောင်ကျော်၊ နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန၊ အပြည်ပြည်ဆိုင်ရာ သတင်းဓာတ်ပုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျောက်ကျင့်ကွန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ရန်းဟိုယမ်းနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဝမ်စီးမုတို့က **တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု** မြန်မာဘာသာပြန်စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးပြောကြားကြသည်။

သတင်းစဉ်

ညွှန့်သည်တော်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစဉ်။

"မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် တရုတ်ကာတွန်းကားအစီအစဉ်တွင် "တောပျော် မျောက်ကလေး ကျွမ့်ကျွမ့်" ဇာတ်လမ်းကို ယခုနှစ် ဩဂုတ်လမှ စတင်၍ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီခွဲတွင် MRTV မှ ပြသသွားမည်"

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် လယ်ဝေး မြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဘေးအန္တရာယ်များ စီမံခန့်ခွဲရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်အနေဖြင့် ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ပြည်သူ့အခြေပြုအဖွဲ့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုလိုမိမိတို့ပူးပေါင်း ဆောင်ရွက်မှုသည် ပြည်သူအတွက် များစွာအကျိုးရှိ ထိရောက်မည်ဟု ယုံကြည်ပါကြောင်း၊ ဘေးအန္တရာယ်ဟု ဆိုရာတွင် သဘာဝကြောင့်ဖြစ်သော ဘေးများသာမက လူတို့ကြောင့်ဖြစ်သော ပဋိပက္ခများနှင့် တိုက်ပွဲများကြောင့်ဖြစ်သော ဘေးများလည်း ပါဝင်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၌ သဘာဝကြောင့် ဖြစ်သောဘေးများသာမက လူတို့ကြောင့်ဖြစ်သော ဘေးများပါဝင်ပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်မှု၊ ရင်ဆိုင်တုံ့ပြန်မှု၊ ပြန်လည်ကောင်းမွန်သော အခြေအနေသို့ ရောက်ရှိစေမှု အဆင့်(၃)ဆင့် အရေးကြီးပါကြောင်း၊ အသက်ဆုံးရှုံးမှုများ လျော့နည်းအောင်၊ ထိခိုက်မှုပမာဏ လျော့နည်းအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူကို အသိပညာပေးခြင်း ပိုမိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နေသလို ပြည်သူနှင့်အနီးဆုံးရှိနေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအနေဖြင့် အသိပညာများကို ပြည်သူကြားတွင် ပြန့်ပွားပေးစေလိုပါကြောင်း၊ မိမိတို့ ဌာနမှဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင်လည်း သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနေပါကြောင်း၊ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မည်သည့်ပါတီ၊ အဖွဲ့အစည်းဟူ၍ ခွဲခြားခြင်းမရှိဘဲ ပြည်သူ့အကျိုးအတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝအဆင့်အတန်းမြင့်မားလာစေရေးတို့ အတွက် လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်း ထားသည့် စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သည့်သင်တန်းသည် မိမိတို့၏ ပထမဦးဆုံးခြေလှမ်းဖြစ်ပါကြောင်း၊ မိမိတို့ သင်တန်းသူ သင်တန်းသားများအနေဖြင့် ယခု သင်တန်းမှရရှိသည့် အသိပညာ၊ အတွေ့အကြုံများ ကို မိမိတို့ ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ အကျိုးရှိရှိအသုံးချပြီး အများ ပြည်သူကို ကူညီဆောင်ရွက်ပေးရန် လိုကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် များတွင်လည်း ဆက်လက်၍ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် စုစုပေါင်း ၅၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကမ္ဘာ့ဘဏ်အနေဖြင့် UEHRD ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးအောင်သည် World Bank မှ Deputy Country Director for Myanmar, Cambodia and Laos PDR နှင့် Head of Office, Myanmar ဖြစ်သူ Ms. Gevorg Sargsyan နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေး အသက်(၂)နှစ်အရွယ်ထိ ငွေကြေး ထောက်ပံ့ရေးအစီအစဉ်အား ပိုမိုချဲ့ထွင်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုးနိုင်မည့် ကိစ္စရပ် များ၊ ၂၀၁၅ခုနှစ် ရေဘေးအတွက် ကမ္ဘာ့ ဘဏ်၏ အထောက်အပံ့ဖြင့် အဆင်သင့် ထားရှိသော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပစ္စည်း ကိရိယာများအား အခြားသဘာဝ

ဘေးအန္တရာယ်ဖြစ်ပွားရာ ဒေသများတွင် အသုံးပြုဆောင်ရွက်နိုင်ရေး ကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ ဘဏ်အနေဖြင့် UEHRD ၏ လုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ကုမ္ပဏီဥပဒေသစ်နှင့် ပတ်သက်သော အမိန့်ကြေညာစာများကို ထုတ်ပြန်ပေးမည်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို ဩဂုတ်လ ၁ ရက်နေ့မှ စတင်ကျင့်သုံးတော့မည်ဖြစ်ရာ ကုမ္ပဏီဥပဒေသစ်နှင့် ပတ်သက်သော အမိန့်ကြေညာစာများကို ဇူလိုင် ၉ ရက် ညပိုင်းနှင့် ဇူလိုင် ၁၀ ရက်များတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တရားဝင် ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

"ပထမတစ်ခုအနေနဲ့က ကုမ္ပဏီ တွေမှတ်ပုံတင်တဲ့အခါ ဆက်စပ်တဲ့ လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ မှတ်ပုံတင်ကြေးနှုန်းထား သတ်မှတ်ချက် အသေးစိတ်ပါ။ ဒုတိယအနေနဲ့က အများ နဲ့ သက်ဆိုင်တဲ့ကုမ္ပဏီတွေ ဖွဲ့စည်း တည်ထောင်တဲ့အခါ လုပ်ကိုင်ရမယ့် အမိန့်ကြေညာစာပေါ့။ တတိယအနေနဲ့ က အသင်းအဖွဲ့တွေ ထူထောင်တဲ့အခါ ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတဲ့ အမိန့်ကြေညာစာကို ဒီညထုတ်ပြန် ပါမယ်" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူး ဦးအောင် နိုင်ဦးက ပြောကြားသည်။

ဆက်လက်၍ ဇူလိုင် ၁၀ ရက်တွင် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ကုမ္ပဏီလုပ်ငန်းစဉ်သတ်မှတ်ပုံစံ ၁၀၀ ကျော်ကို အမိန့်ကြေညာစာထုတ်ပြန်ပြီး အများပြည်သူသိရှိအောင် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ဇူလိုင် ၇ ရက်တွင် ကျင်းပသော အစည်းအဝေးအပါအဝင် ရက်သတ္တပတ် အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြု လုပ်ငန်းသုံးခု၊ အတည်ပြုလုပ်ငန်း ၁၅ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြု လုပ်ငန်းတစ်ခုအပါအဝင် စုစုပေါင်း လုပ်ငန်း ၁၉ ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် က ခွင့်ပြုခဲ့ပြီး အတည်ပြုလုပ်ငန်း ၁၅ ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သုံးခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ကိုးခု၊ ပဲခူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ မှ တစ်ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီမှ တစ်ခုနှင့် နေပြည် တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခုတို့ဖြင့် အစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း ၁၉ ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၁၂၃ သန်းကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါခွင့်ပြုလုပ်ငန်း ၁၉ ခု မှာ စက်မှုကဏ္ဍမှ ၁၆ ခု၊ လယ်ယာ ကဏ္ဍ မှ တစ်ခုနှင့် အခြားကဏ္ဍမှ နှစ်ခု တို့ ဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွင်း ယခုဇူလိုင်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၄ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၆၇၅ သန်းဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၉၂ ဒသမ ၉၀၈ သန်းဖြစ်သည်။ ထို့ပြင် အထူးစီးပွားရေးဇုန် ဥပဒေအရခွင့်ပြု ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၄၉ ဒသမ ၁၀၀ဖြစ်ရာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၈၄၂ ဒသမ ၀၀၈ သန်း ဖြစ် သည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အနေဖြင့် အတည်ပြုလုပ်ငန်းငါးခုကို လည်း ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းတို့မှာ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ နှစ်ခု၊ ပဲခူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ တစ်ခုနှင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခုတို့ဖြစ်ပြီး အတည်ပြုလုပ်ငန်း ငါးခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၆ သန်းအပါအဝင် ကျပ်သန်း ၁၁၆၉၈ ဒသမ ၄၄၀ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အဆိုပါအတည်ပြုလုပ်ငန်း ငါးခုမှာ ဟိုတယ်ကဏ္ဍတွင် တစ်ခုနှင့် စက်မှုကဏ္ဍတွင် လေးခုတို့ဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွင်း ယခုဇူလိုင်လအထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု ပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အခု ၅၀ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၁၃၂ သန်းအပါအဝင် ကျပ် ၇၀၀၅၄၄ ဒသမ ၁၂၉ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၃၆ ဒသမ ၂၈၀ အပါအဝင် ကျပ် ၇၁၀၆၃၅ ဒသမ ၁၂၉ သန်းကို ခွင့်ပြုပြီးဖြစ် သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များမှ ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၁၀၉၂၂ ခု ဖန်တီးပေးမည်ဖြစ်ပြီး ယခင် ခွင့်ပြုပြီးလုပ်ငန်းများမှ ပြည်တွင်း လုပ်သားအင်အားတိုးမြှင့်မှုမှာ ၃၀၀ ဖြစ် သည်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင်အခွင့် အလမ်းပေါင်း ၃၆၄ ခုကို ဖန်တီးပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ-ထိန်လင်း

စည်းကမ်းမလိုက်နာသည့် ပြည်ပအကျိုးဆောင်အေဂျင်စီများနှင့် တရားမဝင်အလုပ်သမားစုဆောင်းသူများကို တရားစွဲဆို၊ ပိတ်သိမ်း

နေပြည်တော် ဇူလိုင် ၉

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများကို အကျိုးဆောင်လိုင်စင်များ ထုတ်ပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်းနှင့် ပတ်သက်၍ အေဂျင်စီများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် အေဂျင်စီများကို အရေးယူခြင်းနှင့် တရားမဝင် အလုပ်သမားစုဆောင်းသည့် ပွဲစားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ တရားစွဲဆိုမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၂၅၆ ခုရှိနေပြီး ယင်းတို့အနက် အေဂျင်စီ ၁၆ ခုကို ပြစ်မှုအလိုက် ကာလကန့်သတ်ချက်ဖြင့် ပိတ်သိမ်းထားခဲ့ပြီး ၁၉၉၂ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီလေးခုနှင့် တရားမဝင် အလုပ်သမားစုဆောင်းပြီး ငွေကြေးကောက်ခံခဲ့သူ ၄၅ ဦးအား တရားစွဲဆိုဆောင်ရွက်ထားကြောင်း ယနေ့ရက်စွဲဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

အေဂျင်စီများ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များသည် မှန်ကန်သေချာပါက ဝန်ကြီးဌာနဘက်မှလည်း မလိုအပ်သည့် ကြပ်မတ်မှုများကို ဖြေလျှော့ပေးသွားရန် ရည်ရွယ်ထားပြီး လုပ်ဆောင်ချက်များအားလုံးအပေါ် ပြန်လည်သုံးသပ်ကြခြင်းဖြင့်၊ စိတ်ကောင်းစေတနာအပြည့်ဖြင့် ဆောင်ရွက်ကာ အလုပ်သမားများကို စောင့်ရှောက်ကာကွယ်ပေးကြရန် လိုအပ်ကြောင်းနှင့် ပြည်ပသို့ အလုပ်သမားများစေလွှတ်ရာတွင် ပြည်ပအလုပ်အကိုင်ဥပဒေ၊ နည်းဥပဒေ၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဇွန် ၂၆ ရက်၌ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်၏ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်ကလည်း ပြောကြားထားသည်။

လက်ရှိ ရွှေ့ပြောင်းသွားလာသည့် လုပ်ငန်းစဉ်များတွင် မြန်မာအလုပ်သမားများသည် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် အမွေစေခိုင်းခြင်းများကို ကြုံတွေ့နေရကြောင်း၊ ယင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းအကာအကွယ်ပေးပြီး ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးသည် အလုပ်သမားများ စုဆောင်းစေလွှတ်သည့် အကျိုးဆောင်များအပေါ်တွင် များစွာမူတည်ကြောင်း၊ ကျင့်ဝတ်စံနှုန်းများနှင့်အညီ အလုပ်သမားစုဆောင်းပို့ဆောင်ပေးကြမှသာ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နိုင်ငံအတွက်ပါ များစွာအကျိုးပြုစေမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ကလည်း ရှင်းပြသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ကလည်း “ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တာနဲ့ စပ်လျဉ်းတဲ့ အေဂျင်စီတွေဟာ သတ်မှတ်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေအတွက် ဥပဒေပါရပိုင်ခွင့်တွေနဲ့ အကျိုးခံစားခွင့်တွေ ပြည့်ပြည့်ဝဝရရှိဖို့ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။မိသားစုလွှဲပို့ငွေတွေ စနစ်တကျ ပြန်လည်ပေးပို့နိုင်ဖို့အတွက်လည်း အေဂျင်စီတွေက အလေးထားပြီး ဆောင်ရွက်ပေးရမှာဖြစ်သလို လိုအပ်တဲ့ ကာကွယ် စောင့်ရှောက်မှုတွေကိုလည်း အလုပ်သမားတွေအတွက် ပေးအပ်ကြဖို့ လိုအပ်ပါတယ်။ ပွဲစားတွေက တရားမဝင် လူစုဆောင်းတာတွေ တွေ့ရှိတာနဲ့ အချိန်မဆိုင်း ဖော်ထုတ်မှာဖြစ်ပါတယ်”ဟု ပြောသည်။

“ရွှေ့ပြောင်းလုပ်သားတွေနဲ့ အလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီအကြား ချုပ်ဆိုရတဲ့စာချုပ်မှာ မဖြစ်မနေပါဝင်ရမယ့် အချက်တွေ၊ အေဂျင်စီတွေနဲ့ အလုပ်သမားတွေ ငှားရမ်းတဲ့ အလုပ်ရှင်တွေအကြား သဘောတူညီမှုတွေ၊ အလုပ်ရှင်နဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအကြား အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်တွေမှာ ချုပ်ပြီးပြီဆိုတာနဲ့ အပြောင်းအလဲ အမှားအယွင်း မရှိအောင် အေဂျင်စီတွေက တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရွှေ့ပြောင်းအလုပ်သမားတွေ အများစုရှိတဲ့ဒေသတွေမှာ လူမှုစီးပွားဖွံ့ဖြိုးစေတဲ့ စီမံကိန်းတွေ လုပ်ပေးတာ၊ ရွှေ့ပြောင်းလုပ်သားတွေကို သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု အလုပ်အကိုင် သင်တန်းတွေပေးတာ၊ မသန်စွမ်းသူနဲ့ အမျိုးသမီးတွေအတွက် အထူးသင်တန်းတွေ ပေးတာတို့၊ ထောက်ပံ့တာတို့ လုပ်ပေးတာတွေ ပါဝင်ရမှာပါ။ ရွှေ့ပြောင်းလုပ်သားတွေကိုယ်စားသူတို့ရဲ့အချက်အလက် စာရွက်စာတမ်းတွေကို ပြည်ပအလုပ်ရှင်က ထိန်းသိမ်းတာ၊ အလုပ်ပြောင်းခွင့်မပေးတာစတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့နဲ့ အလုပ်ရှင်တွေ၊ သက်ဆိုင်ရာ နိုင်ငံအစိုးရတွေကို လက်ခံဖို့ ထောက်ခံပေးရမှာမျိုး စတဲ့ လိုအပ်ချက်တွေ လုပ်ပေးဖို့ လိုအပ်တယ်”ဟု ဦးမျိုးအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ရ တရားဝင် ပြည်ပအလုပ်အကိုင် အေဂျင်စီများစွာရှိသော်လည်း တရားမဝင် တင်ပို့နေသည့် ဖြစ်ရပ်များစွာ ကြုံတွေ့နေရဆဲဖြစ်သည်။ “လိုင်စင် ရှိ၊ မရှိ စစ်ဆေးဖို့ လိုအပ်သလို လိုင်စင်ရှိနေပေမယ့် နာမည်ပျက် ရှိ၊ မရှိ ဆိုတာလည်း စုံစမ်းဖို့လိုပါတယ်။ အချို့ကတော့ အေဂျင်စီက အစစ်အမှန်ဖြစ်ပေမယ့် ကိုယ်စားလှယ်က အလိမ်အညာဖြစ်နေတတ်တယ်။ ပွဲစားတွေကတစ်ဆင့် အေဂျင်စီတွေကို ဆက်သွယ်ပေးမယ်ဆိုတိုင်း မယုံကြည်သင့်သလို အလုပ်ရှင်က စာချုပ်တွေမှာ အသက်လိမ်တာ၊ စာချုပ်မချုပ်ဘဲ ထားတာတွေ ဖြစ်လာရင်တော့ မရိုးသားဘူးလို့ ယူဆရပါတယ်”ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ကြိုတင်ငွေသွင်းရခြင်း၊ သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုတောင်းခံခြင်း၊ အလုပ်မစတင်မီ ကြိုတင်ငွေအဖြစ် အေဂျင်စီမှ ငွေကြေးပေးအပ်ခြင်းမျိုးများလည်း ရှိနိုင်ကြောင်း သိရှိရသည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-အဲလက်စ်

ဒလ၌ အများပြည်သူသောက်သုံးသည့် ရေကန်အတွင်း ငါးများသေဆုံးနေမှုကြောင့် ရေကန်အား ယာယီပိတ်ထား၊ ကန်ရေနှင့် မြေသားနမူနာများ ဓာတ်ခွဲစမ်းသပ်နေ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြ်န်ဘုရားကြီး၏ အနောက်ဘက်ရှိ ပြည်သူအများအားထားသောက်သုံးနေသည့် မဟာသကြ်န်ဘုရားကြီး သောက်ရေကန်အတွင်း ဇူလိုင် ၇ ရက်မှ စတင်ပြီး ယနေ့ နံနက်ထိ ငါးကြင်း၊ ရွှေငါးနှင့် ငါးပတ် စသည့် ငါးအမျိုးအစားများ ပါဝင်သော ငါးတစ်ကောင်လျှင်(အလေးချိန်) နှစ်ပိဿာမှ သုံးပိဿာခန့်ထိ ရှိသော ငါးများ ရေပေါ် ပေါ်၍ သေဆုံးလျက် တွေ့ရှိခြင်းကြောင့် သောက်သုံးရေကန်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယာယီပိတ်ထားပြီး ငါးများသေဆုံးမှု အဖြေမှန်သိရှိနိုင်ရန် တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နေကြောင်း ညောင်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ရွှင်ထံမှ သိရသည်။

အဆိုပါ သောက်သုံးရေကန်အတွင်း ငါးများသေဆုံးမှုကြောင့် ဇူလိုင် ၇ ရက် နံနက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်ရေကန်အတွင်း ဒေသခံပြည်သူများ ရေခပ်ယူသုံးစွဲခြင်းကို ယာယီပိတ်ထားပေးရန် ညွှန်ကြားခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်ပွားရသည်ကို သိရှိနိုင်ရန် ငါး၊ ရေနှင့် မြေသားနမူနာတို့ကို ဓာတ်ခွဲ၍ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ရန် တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါရက်က လာရောက်ကြည့်ရှုပြီး ယူဆောင်သွားခဲ့သည်။

ထို့အတူ ဒလမြို့နယ် စည်ပင်သာယာရေးနှင့် သန့်ရှင်းရေးဌာနမှလည်း ရေကိုသန့်ရှင်းမှု ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရန် ယူဆောင်သွားခဲ့ကြောင်း၊ ဒလမြို့ပေါ်ရှိ ရေကန်များအားလုံးကိုလည်း သန့်ရှင်းမှုရှိစေရေးနှင့် ပြည်သူများ အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ရပ်ကွက်/ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးများနှင့် ရေကန်ကော်မတီအဖွဲ့များ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ပြောသည်။

“ဒီသောက်သုံးရေ ကန်ကြီးက နှစ်စဉ် နှစ်တိုင်း နွေရာသီရောက်ရင် ရေမခန်းဘူး။ ဒီရပ်ကွက်အတွင်းက ဒေသခံတွေ အားထားပြီး သောက်သုံးနေရတဲ့ ရေကန်လည်းဖြစ်တယ်။ ရေကန်ထဲမှာ နှစ်ချို့ငါးကြီးတွေ မွေးထားတာရှိတယ်။ ငါးကြီးတွေ သေတာဟာလည်း မသမာသူတချို့ရဲ့ ဆေးခတ်တာပဲ ဖြစ်လိမ့်မယ်။ ဒီလိုမျိုး မတွေ့မြင်ဖူးဘူး”ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဇူလိုင် ၇ ရက်က ငါး ၂၈ ကောင် ရေပေါ်တွင် ပေါ်၍ သေဆုံးလျက် တွေ့ရှိခဲ့ပြီး ဇူလိုင် ၈ ရက်က ငါး ၁၀ ကောင်နှင့် ယနေ့ နံနက်ပိုင်းက ငါးလေးကောင် စုစုပေါင်း ငါး ၄၂ ကောင်ကျော်ခန့် သေဆုံးခဲ့ကြောင်း၊ ငါးတစ်ကောင်လျှင် အလေးချိန် နှစ်ပိဿာမှ သုံးပိဿာအထိ ရှိကြောင်း သိရသည်။

ဒလမြို့ပေါ်ရှိ ရပ်ကွက်များ၌ မြေသားရေကန် စုစုပေါင်း ၁၁၉ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် စုစုပေါင်း ၂၀၅ ကန် ရှိသည်။ ရပ်ကွက်၊ ကျေးရွာများသည် နွေရာသီ၌ သောက်သုံးရေအတွက် ရေကန်များကိုသာ အဓိကအားထား သောက်သုံးနေရသည့် မြို့နယ်ဖြစ်ပြီး မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီး နွေရာသီအတွက် သောက်သုံးနေရသောကြောင့် ရေကိုချွေတာသုံးနေရသည်။ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိရပ်ကွက်၊ ကျေးရွာများရှိ သောက်သုံးရေကန်များကို စည်းကမ်းတကျ ထိန်းသိမ်းခြင်း၊ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ရေကန်များ သန့်ရှင်းရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

စံပြငါးဈေးအပြင်ဘက်နှင့် ရပ်ကွက်အတွင်းရှိ ငါးဒိုင်များကို ပြောင်းရွှေ့ပေးရန် လိုလားနေ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ စံပြငါးဈေးအပြင်ဘက်နှင့် ရပ်ကွက်အတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေသော ငါးဒိုင်များကြောင့် ရပ်ကွက်နေပြည်သူတို့ ကျန်းမာရေးထိခိုက်စေသည့်အပြင် လူမှုရေးပြဿနာများ၊ မှုခင်းများဖြစ်ပွားမှုကြောင့် အဆိုပါ ငါးဒိုင်များကို ရပ်ကွက်ပြည်သူများက ပြောင်းရွှေ့ပေးနိုင်ရန် လိုလားနေကြောင်း သိရသည်။

ရန်ကုန်မြို့နေ ပြည်သူများနှင့် တောင်ပေါ်၊ နယ်စပ်ဒေသပါမကျန် ရေချို၊ ရေငန်ငါးများကို ရန်ကုန်စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့မှ နေ့စဉ်ဖြန့်ဖြူးတင်ပို့လျက်ရှိရာ ဈေးရုံရှစ်ရုံနှင့် ဆိုင်ခန်းပေါင်း ၄၄၄ ခန်းဖြင့် ယာဉ်ရပ်နားဝင်းအပါအဝင် မြေ ရှစ်ဧကကျော် ကျယ်ဝန်းသော ရွှေပိတောက်ငါးဈေးကြီးတွင် ဈေးရောင်းဈေးဝယ်ပါးလျက်ရှိသည်။

သို့သော်လည်း ဆိုင်ခန်း ၁၀၀ ကျော်သာရှိသော စံပြငါးဈေးတွင် လမ်းပေါ်ငါးဒိုင်၊ ရပ်ကွက်အတွင်း ငါးဒိုင်များဖြင့် ငါးဒိုင်ပေါင်း ၁၀၀ ကျော် ထပ်မံဖွင့်လှစ် ရောင်းချနေသောကြောင့် နေရာကျယ်ဝန်းပြီး ဆိုင်ခန်းများနှင့် ရေ၊ မီး စုံလင်စွာရှိသော ရွှေပိတောက်ငါးဈေးကြီးတွင် ရောင်းချနိုင်ပါက ဈေးအဂ်ါနှင့်အညီ သန့်ရှင်းစွာရောင်းချနိုင်မည်ဖြစ်သည့်အပြင် ရပ်ကွက်ပြည်သူများ ခံစားနေရသော ကျန်းမာရေး၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် မှုခင်းဖြစ်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ရာ လစ်လပ်နေသော ရွှေပိတောက်ငါးဈေးကြီးတွင် စံပြငါးဈေးအပြင်တန်းနှင့် ရပ်ကွက်အတွင်းမှ ငါးဒိုင်များ ပြောင်းရွှေ့ရောင်းချနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

“စံပြငါးဈေးက ခေတ်ကာလနဲ့ မညီတော့ဘူး။ လူနေရပ်ကွက်ထဲကို ငါးဒိုင်တွေ ရောက်လာတာကြာပြီ။ ဈေးကသေးပြီး ဝယ်လိုအားနဲ့ ရောင်းလိုအားက မမျှတော့ဘူး။ ရပ်ကွက်ကလည်း ငါးဈေးရပ်ကွက်ကြီးတစ်ခုလို ဖြစ်နေပြီ။ ဒီနေရာမှာ မရှိသင့်တော့ဘူး၊ ရွှေပိတောက်ငါးဈေးကို ပြောင်းသင့်နေပြီ။ စံပြငါးဈေးမှာက ပြဿနာမျိုးစုံရှိနေတယ်။ ကျန်းမာရေး၊ လူမှုရေးပြဿနာတွေက နေ့စဉ်နဲ့အမျှ ဖြစ်နေတယ်။ ပြည်သူတွေ ခံနေရတယ်။ ကားလမ်းပိတ်လို့ အများပြည်သူသွားလာရေး အခက်အခဲကြုံရတာ ဒီနေ့ထိပဲ”ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒက ပြောသည်။

ရွှေပိတောက်ငါးဈေးသို့ စံပြငါးဈေးအပြင်တန်းနှင့် ရပ်ကွက်အတွင်းမှ ဈေးသည်များ ပြောင်းရွှေ့ရန် စံပြငါးဈေးအနီးမှ ရပ်ကွက်နေပြည်သူတို့ လိုလားလျက်ရှိပြီး လှိုင်မြစ်ဘေးရှိ ငါးဈေးအချင်းချင်းသာ ရွှေ့ပြောင်းခြင်းဖြစ်သောကြောင့် လက်ရှိလုပ်ကိုင်နေသော အလုပ်သမားတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်ကွယ်ခြင်း မရှိသည့်အတွက် လုပ်ငန်းပုံမှန်လည်ပတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

“ငါးဈေးက လူနေရပ်ကွက်နားမှာဆိုတော့ ရွှေ့သင့်နေတာကြာပြီ။ ငါးပုံးတွေချတာ၊ ကားတွေနဲ့ မလွတ်တာ၊ လမ်းတွေနဲ့မလွတ်တာ၊ ရပ်ကွက်ထဲရောက်လာတာ တားဆီးအရေးယူမှုမရှိဘူး။ အေးချမ်းမှု မရှိဘူး။ လေကောင်းလေသန့် မရဘူး။ လူပေါင်းစုံတော့ ပြဿနာစုံတယ်။ ည ၁ နာရီ ၂ နာရီဆိုရင် ကြည့်မြင်တိုင်ကမ်းနားလမ်းက ပိတ်နေပြီ။ ငါးဈေးကို အမှီပြုပြီး ရောင်းဝယ်မှုတွေက တရားမဝင်တာတွေလည်း ရှိတယ်။ ငါးခြစ်လုပ်ငန်းနဲ့ အေးခဲကြက်သား၊ ပုစွန်နဲ့၊ ငါးတွေလည်း ဝင်တယ်။ လွှတ်တော်အမတ်တွေ ကိုယ်တိုင်ဆင်း စစ်တာလည်းရှိတယ်။ အာဏာပိုင်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မှ အဆင်ပြေမှာပါ”ဟု စံပြငါးဈေးမှ ငါးဒိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ရေချို၊ ရေငန်ငါးများကို စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး မိုးရာသီတွင် ပင်လယ်ပြင်မှ ငါးဝင်ရောက်မှုနည်းသည့်အတွက် ရေချိုငါးများကို စံပြငါးဈေးမှ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ - သစ္စာ

ရွှေပိတောက်ငါးဈေးအတွင်းမှ ဆိုင်ခန်းအချို့ကို တွေ့ရစဉ်။

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

SAMPLE QUESTION

2019

MATRICULATION EXAMINATION

DEPARTMENT OF MYANMAR EXAMINATION

BIOLOGY **Time Allowed: (3) Hours**

WRITE YOUR ANSWERS IN YOUR ANSWER BOOKLET.

DO NOT COPY THE QUESTIONS.

1. State **TRUE** or **FALSE** to the following statements. Do not copy the statements. **(10 marks)**
   - i. Plants which have soft stems are all termed as herbs.
   - ii. Reproduction is the function of the androecium only.
   - iii. In the ripe indehiscent fruits the pericarp can be split open.
   - iv. Sacral region of the rabbit's vertebral column consists of twelve vertebrae.
   - v. The glucose which is formed during photosynthesis is stored temporarily as starch in the leaves.
   - vi. The rate of respiration depends mainly on the carbon dioxide concentration of the blood.
   - vii. All serum globulins are antibodies.
   - viii. A reflex are involves only two neurons called the sensory and intermediate neurones.
   - ix. Scrotum is a sac in which a testis is located.
   - x. The roots of the orchids obtain nutrients and water from the air.
2. Choose the correct answer for the following statements. Do not copy the statements. **(10 marks)**
   - i. The following diagrams show modified stems. Which diagram shows the runner?

(A)

(B)



(C)

(D)

   - ii. Which part of the flower contains numerous pollen grains?



A. Stigma B. Ovule C. Anther D. Filament

   - iii. The type of germination shown by plants of Maize grain is
     (A. hypogeal B. epigeal C. hypogyny D. epigyny).
   - iv. Bile duct is formed by the
     (A. hepatic ducts B. pancreatic ducts C. cystic ducts D. lymphatic ducts).
   - v. What is the mode of nutrition in *Paramecium*?
     A. autotrophic B. heterotrophic C. autotrophic and heterotrophic D. none of these
   - vi. The muscles of the ribs and diaphragm relax during (A. expiration B. inspiration C. digestion D. excretion).
   - vii. Osmosis may be defined as the diffusion of water through a (A. permeable B. semipermeable C. impermeable D. thin) membrane from a weak to a strong solution.
   - viii. (A. Associative neurons B. Motor neurons C. Sensory neurons D. Neuroglia) conduct impulses from the sense organs to the central nervous system.
   - ix. Mature sperms are stored temporarily in the (A. testes B. scrotal sacs C. epididymis D. ovaries).
   - x. A gene may be changed into two or more alternative forms called (A. allelomorphs B. gene loci C. chromosomes D. traits).
3. Complete the following statements with appropriate words. Do not copy the statements. **(10 marks)**
   - i. Plants which live for many years are termed as -------------.
   - ii. Inflorescence may be classified into -------------- and cymose.
   - iii. A small pore at one of the -------------- of bean seed is the micropyle.
   - iv. Each -------------- nerve consists of sensory and motor nerve fibres.
   - v. Food rolled into a -------------- by the tongue is forced into the back of the pharynx.
   - vi. In a mammal inspiration and -------------- occur during the process of gaseous exchange.
   - vii. Molecules are constantly in motion because of their -------------- energy.
   - viii. Rhizomes and runners grow at right angles to -----------.
   - ix. Breast-feeding ensures close contact between mother and baby, and -------------- care.
   - x. The presence of the **Y** chromosome may determine a tendency to --------------.
4. Answer **ALL** questions. **(10 marks)**
   - a. Provide the labels to the given diagram. **(Do not copy the diagram.)**



   - b. Give a brief account of cranial nerves.
   - c. State the role of carbohydrates and fats and water.
   - d. Explain what happen at the end of inspiration.

     OR

     Write a short note on cooling effect of leaf.
   - e. List the four stages of cell division and state what occur during interphase.

     OR

     State what is meant by the term pollution.
5. Answer **ANY FOUR** questions. **(20 marks)**
   - a. State the modified leaves and categorize the functions of the leaves.
   - b. Provide labels and caption to the given diagram and mention the name of minute air sacs in the lungs of rabbit.



   - c. How do you think about the role of chlorophyll and chloroplast in photosynthesis?
   - d. With suitable illustration, demonstrate the process of osmosis.

     OR

     Mention any five types of limb muscles associated with their respective functions.
   - e. What is gestation period and how long it takes in human? Explain what you understand on lactation and maternal care.

     OR

     Define the terms genes, genotype and chromosomes.
6. Answer **ANY FOUR** questions. **(40 marks)**
   - a. List the modified stems. With the suitable labeled diagrams explain the nature of ginger and potato.
   - b. Provide with labels and caption to the following diagram. Explain the function of stomach and intestine of a rabbit. **(Do not copy the diagram.)**



   - c. Give a brief account on the process of photosynthesis with a relevant equation and a word diagram.
   - d. With relevant diagram about aerobic respiration and put up a design of experiment to show the release of carbondioxide.
   - e. Explain the process of transpiration and describe how water and mineral salts are absorbed by the plants.

     OR

     Give the fully labeled the diagrams of an egg and a sperm. Explain the process of fertilization, implantation and menstrual cycle as found in human.
   - f. Define the terms genes and mutation. Mention the Gregor Mendel's rules of genetics.

     OR

     State the role of producers in an ecosystem. Construct a word diagram to show how nitrogen cycle takes place in nature.

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌ ဖတ်ရှုနိုင်ရန် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့်ဒေါ်တင်တင်စိန်၏ ဘဝရုပ်ပုံလွှာ စာအုပ် အုပ်ရေ ၈၀၀ တန်ဖိုးလေးသိန်းကို ဇူလိုင် ၆ ရက်က လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူခဲ့ပြီး အလှူရှင် ကမ္ဘာလှည့်ဒေါ်တင်တင်စိန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းလိုသော စာပေတိုက်များ၊ အလှူရှင်များသည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဖုန်းအမှတ် ၀၁-၈၂၄၅၇၅၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုက်စစ်ချင်း အားပြိုင်ကြမယ့် ပြင်သစ်နဲ့ ဘယ်လ်ဂျီယံ

ဝင်းမြတ်

၁၁ ဇူလိုင် ၂၀၁၈ နံနက် ၀၀း၃၀ (Saint-Petersburg Stadium)

ဇူလိုင် ၁၁ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးရဲ့ ဆီမီးဖိုင်နယ် အဆင့်ပထမပွဲစဉ်ကို စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

ပြင်သစ်ရဲ့အခြေအနေ

ပြင်သစ်ဟာ ဒီပြိုင်ပွဲအတွင်းခြေစွမ်းကောင်းတွေကို ပြသထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ အထူးသဖြင့် အုပ်စုပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းခဲ့ပေမယ့်လည်း ရှုံးထွက်အဆင့်ပွဲစဉ်တွေမှာတော့ ဂျီရုဒ်ကိုပွဲထွက်အသုံးပြုခဲ့ပြီး အမ်ဘတ်ပေ၊ ဂရစ်ဇ်မန်းတို့နဲ့ တွဲဖက်ပေးခဲ့ရာမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအား သိသိသာသာ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကန်တီ၊ ပေါ့ဂ်ဘာတို့ရဲ့ ကွင်းလယ်ပိုင်းကလည်း ဖန်တီးမှုအားကောင်းသလို တိုက်စစ်ကိုရော ခံစစ်ကိုပါ ကူနိုင်တာကြောင့်ပြင်သစ်ခြေက အကောင်းဆုံးဖြစ်နေတယ်။

ဘယ်လ်ဂျီယံရဲ့အခြေအနေ

ဘယ်လ်ဂျီယံကလည်း အုပ်စုပွဲစဉ်တွေမှာ ဒီဘရူနီကို ကွင်းလယ်မှာ အသုံးပြုခဲ့ပေမယ့် ရှုံးထွက်ပွဲစဉ်တွေကစလို့ ဖယ်လာနီကို ပွဲထွက်အသုံးပြုကာ ဒီဘရူနီကို ဟာဇက်၊ လူကာကူတို့နဲ့ တွဲဖက်ပေးခဲ့ရာမှာ တိုက်စစ်ပိုင်းကစားပုံ အထူးကောင်းမွန်ခဲ့ပြီး ဘရာဇီးကိုတောင် အနိုင်ယူနိုင်ခဲ့ပါတယ်။ ကွင်းလယ်မှာ ဖယ်လာနီ၊ ဝှစ်ဆဲလ်၊ ချက်လီတို့ အချိတ်အဆက်မိနေတာကြောင့်လည်း ဘယ်လ်ဂျီယံရဲ့ ကစားပုံက ဟန်ချက်မိနေပါတယ်။

ပြင်သစ်အသင်း အဓိက ကစားသမား ဂရစ်ဇ်မန်း

ဘယ်လ်ဂျီယံအသင်း အဓိက ကစားသမား ဟာဇက်

သုံးသပ်ချက်

နှစ်သင်းစလုံး အကောင်းဆုံး ခြေစွမ်းတွေကို ပိုင်ဆိုင်ထားကြသလို တိုက်စစ်ပိုင်းကလည်း ထက်မြက်တာကြောင့် အကြိတ်အနယ် ရှိနိုင်ပါတယ်။ ကစားသမားအင်အားလည်း မကွာပါဘူး။ ဒါပေမယ့် ဘယ်လ်ဂျီယံရဲ့ ခံစစ်ကတော့ အနည်းငယ်အားပျော့ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ပြင်သစ်တို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

ပြင်သစ်	Vs	ဘယ်လ်ဂျီယံ
နောက်ဆုံးဆုံတွေ့မှု (၈-၆-၁၅)		
ပြင်သစ်	၃-၄	ဘယ်လ်ဂျီယံ
ပြင်သစ်၏ ကမ္ဘာ့ဖလားခြေစွမ်း		
ဥရုဂွေး	၀-၂	ပြင်သစ်
ပြင်သစ်	၄-၃	အာဂျင်တီးနား
ဒိန်းမတ်	၀-၀	ပြင်သစ်
ပြင်သစ်	၁-၀	ပီရူး
ပြင်သစ်	၂-၁	သြစတြေးလျ
ဘယ်လ်ဂျီယံ၏ ကမ္ဘာ့ဖလားခြေစွမ်း		
ဘရာဇီး	၁-၂	ဘယ်လ်ဂျီယံ
ဘယ်လ်ဂျီယံ	၃-၂	ဂျပန်
အင်္ဂလန်	၀-၁	ဘယ်လ်ဂျီယံ
ဘယ်လ်ဂျီယံ	၅-၂	တူနီးရှား
ဘယ်လ်ဂျီယံ	၃-၀	ပနားမား

(၂၅) ကြိမ်မြောက် ဟိုချီမင်းမြို့တော် အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ် အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲသို့ အမျိုးအစား ငါးမျိုး ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရုံးအမှတ်-၃၁ အစည်းအဝေးခန်းမ၌ (၂၅)ကြိမ်မြောက် ဟိုချီမင်းမြို့တော် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ပြေးခုန်ပစ် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းထိုက်က ယခု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇူလိုင် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၂၅) ကြိမ်မြောက် ဟိုချီမင်းမြို့တော် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲသို့ အမျိုးအစား ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုလို သွားရောက်ယှဉ်ပြိုင်ရခြင်းမှာ အတွေ့အကြုံကောင်းများ ရရှိရန်နှင့် ပြိုင်ဘက်နိုင်ငံများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်လေ့လာပြီး အောင်မြင်မှုများရရန်အတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြိုင်ပွဲများတွင် မျိုးဆက်သစ်လူငယ်များမှ မိမိတို့၏ သက်ဆိုင်ရာ အားကစားနည်းစံချိန်များကို ပိုမိုတိုးတက်အောင် ကြိုးတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်ကြောင်း၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများကိုလည်း အစဉ်အမြဲ ကြိုဆိုလျက်ရှိကြောင်း၊ မိမိတို့ အားကစားအဖွဲ့၏ အားနည်းချက်၊ အားသာချက်၊ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အစဉ်အမြဲ တိုးတက်အောင်မြင်မှုများ ရရှိအောင် နည်းပြများကလည်း လိုအပ်သည်များကို အကြံပြုပေးစေလိုကြောင်း၊ သက်ဆိုင်ရာ အဖွဲ့ချုပ်များကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

MFF Myanmar Futsal League 2018 ခြေစစ်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Myanmar Futsal League 2018 ခြေစစ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ စတင်ကျင်းပသည်။

ခြေစစ်ပွဲ ပထမနေ့တွင် GV Athletic အသင်းက ရွှေမြဝတီအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး AMM အသင်းနှင့် RDZ အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲဝင်အသင်းအရေအတွက် များပြားနေသောကြောင့် ယခင်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းများမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ကျန်ငါးသင်းမှာ ခြေစစ်ပွဲကစားရခြင်းဖြစ်သည်။ခြေစစ်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေမြဝတီအသင်း၊ GV Athletic အသင်း၊ RDZ အသင်း၊ AMM အသင်းနှင့် Comrade အသင်းတို့ ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းငါးသင်းသည် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံးသုံးသင်းမှာ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲလက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁၁ ရက်တွင် RDZ အသင်းနှင့် Comrade အသင်း၊ AMM အသင်းနှင့် GV Athletic အသင်း၊ ဇူလိုင် ၁၃ ရက်တွင် Comrade အသင်းနှင့် AMM အသင်း၊ ရွှေမြဝတီအသင်းနှင့် RDZ အသင်း၊ ဇူလိုင် ၁၅ ရက်တွင် AMM အသင်းနှင့် ရွှေမြဝတီအသင်း၊ GV Athletic အသင်းနှင့် Comrade အသင်း၊ ဇူလိုင် ၁၇ ရက်တွင် RDZ အသင်းနှင့် GV Athletic အသင်း၊ Comrade အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖိုးသော်ဇင်

❋ *ကျောဖုံးမှ*

မန္တလေးနှင့်(ပုသိမ်)၊ အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)တို့အား ဖွင့်လှစ်ကာ လူငယ်ကစားသမားများအား သင်ကြားပေးလျက်ရှိသည်။ လူငယ် ကစားသမားများအား အခြေခံနည်းစနစ်များ စနစ်တကျသင်ကြားနိုင်ရန် အရည်အသွေးပြည့်မီသည့် ဘောလုံးသမားများဖြစ်လာစေရန် ဂျပန်ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကယ်ဒမီသုံးခုတွင် ဂျပန်နည်းပြတစ်ဦးစီ ခန့်အပ်တာဝန်ပေးထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများအား ဦးစားပေးလုပ်ဆောင်လျက်ရှိပြီး လူငယ်ဘောလုံးပွဲတော်များ၊ လူငယ်ဘောလုံး သင်တန်းများလည်း ဖွင့်လှစ်လျက်ရှိ သည်။ လက်ရှိမြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူးဖြစ်သူ ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်း၌ သွားရောက်ကစားနေသည့် အောင်သူသည် မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး)မှ ထွက်ပေါ်လာသည့်ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၁၅ အာဆီယံလူငယ်အကောင်းဆုံးဆု ရရှိခဲ့သည်။

ရဲရင့်ရှိုင်း

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အသက် (၂၂)နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၈ ရက်က ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၄)ရပ်ကွက်အသင်း ဆုလက်ခံယူစဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာ အုပ်စုဒုတိယသာရရှိ

ရန်ကုန် ဇူလိုင် ၉

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်ကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ပြီး အုပ်စုဒုတိယနေရာသာ ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပထမနေရာရရန် ကြိုးပမ်းခဲ့သော်လည်း မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး ဒုတိယနေရာဖြင့်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးများ ဆက်တိုက် ပေးခဲ့ရသောကြောင့် ဂိုးပြတ်အရှုံးမှ လိုက်ကစားခဲ့ရပြီး ပွဲပြီးခါနီးတွင် ချေပဂိုးများ ပြန်သွင်းနိုင်ခဲ့၍ လေးဂိုး-သုံးဂိုးဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မြန်မာအမျိုးသမီး အသင်းသည် ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် တွေ့ဆုံတော့မည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစတွင် ဗီယက်နမ်အသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သည်။ ၁၅ မိနစ်နောက်ပိုင်းတွင် ဗီယက်နမ်အသင်း ကစားကွက်မိလာပြီး မြန်မာအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ မိနစ် ၂၀ တွင် ဗီယက်နမ်အသင်း အဖွင့်ဂိုးရခဲ့ပြီး ဖန်ဟိုင်ယန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်းက ဆက်တိုက်ဖိကစားသွားပြီး မိနစ် ၅၀ တွင် ဖန်ဟိုင်ယန်က ဒုတိယဂိုး၊ ၅၅ မိနစ်တွင် ငုယင်ဟူရန်နူက တတိယဂိုးသွင်းယူခဲ့သည်။ သုံးဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်း တိုက်စစ်မြှင့်လာပြီး ၅၈ မိနစ်တွင် ဝင်းသီဂီထွန်းက ပထမချေပဂိုး ပြန်သွင်းခဲ့သည်။

မြန်မာအသင်း ဂိုးထပ်ရရန် တိုက်စစ်မြှင့် ကစားခဲ့သော်လည်း ၇၇ မိနစ်တွင် ငုယင်ဟူရန်နူက ဗီယက်နမ်အတွက် ဂိုးထပ်မံသွင်းယူခဲ့သည်။ ဂိုးပြတ်သွင်းသော်လည်း မြန်မာအသင်း စိတ်ဓာတ်မကျဘဲ ချေပဂိုးပြန်ရရန် အားထည့်ကစားခဲ့ပြီး ၈၈ မိနစ်တွင် ဝင်းသီဂီထွန်းက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး၊ ၉၀+၃ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက အဝေးကန်ချက်ဖြင့် တတိယ ချေပဂိုးတို့ သွင်းယူခဲ့သည်။

အုပ်စုပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စု (က)တွင် ထိုင်းအသင်းက ၁၂ မှတ်ဖြင့် ပထမ၊ သြစတြေးလျ ယူ-၂၀ အသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (ခ) တွင် ဗီယက်နမ်အသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယတို့ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ကို ဇူလိုင် ၁၁ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်း၊ ဗီယက်နမ်နှင့် သြစတြေးလျအသင်းတို့ တွေ့ဆုံနေသည်။

ရဲရင့်ရှိုင်း

◆ *ကျောဖုံးမှ*

လေးပွဲစလုံးရှုံးထားသည့် ဘရူနိုင်းအသင်းတို့မှာ အုပ်စုအဆင့် ထွက်ခဲ့ရပြီ ဖြစ်သည်။ တီမောအသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ရပါက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းထက် ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် အနိမ့်ဆုံးသရေကျရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အနိုင်ရပါက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို လေးဂိုး-တစ်ဂိုး၊ ဘရူနိုင်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တီမောအသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲတွင် ၁၃ ဂိုးသွင်းယူနိုင်သော်လည်း ပွဲတိုင်း ဂိုးပေးထားရသောကြောင့် ခံစစ်ပိုင်းအမှားနည်းစေရန် အပြောင်းအလဲပြုလုပ်ရမည်ဖြစ်သည်။ မလေးရှားအသင်းမှာမူ ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တီမောအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲအားလုံးမှာ ဇူလိုင် ၁၀ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

မြန်မာ့ရုပ်မြင်သံကြား

၁၀ -၇-၂၀၁၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၀ - ဥပဒေရေးရာအဖြာဖြာ **ကျွန်တော်နှင့် သတင်းမီဒီယာ** (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်) ဒါရိုက်တာ- ဝေဠု(ဝသန်)

၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၀း၃၀ - **၂၀၁၈ ခုနှစ် ကြယ်ပွင့်လေးများ**

၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း- ၅၈)

ညပိုင်း

၁၇း၀၅ - **တပ်မတော်ဖခင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း**

၁၇း၃၀ - မြန်မာငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း

၁၈း၅၀ - CHOICE (အပိုင်း-၇၄)

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း -၂၄)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - မူပိုင်ခွင့်အကြောင်း သိကောင်းစရာ ဒေသထွက်ကုန်များကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ (အပိုင်း-၂)

- အနုပညာခန်းရိပ်သာ စာရေးဆရာ ဦးဘိုးလှိုင်(ဘိုး) ဒေါက်တာတင်လှိုင်နှင့် တွေ့ဆုံခန်း

- မြန်မာဗီဒီယိုဇာတ်လမ်း **နှလုံးသားထဲက ရဲတိုက်** (ပထမပိုင်း)

၁၂း၀၀ - **၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်း)**

ကျောက်မဲ၌ ယာဉ်တစ်စီး သေနတ်ဖြင့် ပစ်ခတ်ခံရ၊ ယာဉ်မောင်းသေဆုံး

ကျောက်မဲ ဇူလိုင် ၉

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် ဇူလိုင် ၉ ရက် နံနက် ၇ နာရီခွဲခန့်က နွားများသယ်ဆောင်လာသည့် ယာဉ်တစ်စီးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် နံနက်ပိုင်းက ပင်တိန်ကျေးရွာအုပ်စု မန်ထန်ကျေးရွာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၆/၂-၃)ကြားတွင် နောင်ချိုဘက်မှ ကျောက်မဲဘက်သို့ ဖိုးဇော်ကုမ္ပဏီ မန္တလေးမှ တရားဝင်နွားများ သယ်ဆောင်လာသည့် ယာဉ်ငါးစီးအနက်မှ ယာဉ်မောင်း မောင်စံ(ခ) စံထွန်းအောင် မောင်းနှင်လာသည့်နွားထီးအကောင် ၂၀ တင်ဆောင်လာသော 7G/---- ၁၂ ဘီး နီဆန်းယာဉ်သည် အခင်းဖြစ်နေရာအရောက် လမ်းယာဘက်၏ ကိုက် ၁၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခံခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တယ်ဘိုပင်ကျေးရွာနေ ယာဉ်မောင်း မောင်စံ(ခ) စံထွန်းအောင်မှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါ သေဆုံးသွားသူအား နောင်ချိုမြို့ ကရုဏာရှင် လူမှုကူညီမှုအသင်းယာဉ်ဖြင့် ကျောက်မဲ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖမ်းဆီးခံ ရိုက်တာ သတင်းထောက်နှစ်ဦးအား ယနေ့စွဲချက်တင် အမိန့်ချမှတ်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်း ခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့ကို ယနေ့ နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး ၎င်းတို့အား မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁) (ဂ)အရ စွဲချက်တင်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံးက ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ်-၄ တရားလို ရဲမှူးကြီးယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင် (ခ) ဝလုံးပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ၃(၁)(ဂ)အရ စွဲဆိုမှုကနေ ဒီကနေ့ရုံးချိန်းမှာ စွဲချက်တင်တဲ့ အမိန့်ချမှတ်ခဲ့ပါတယ်။ စွဲချက်တင်ပြီးတဲ့အခါ တရားလိုပြသက်သေတွေအနက် ပြန်လည်စစ်ဆေးဖို့လိုသော သက်သေရှိ၊ မရှိ တရားသူကြီးက မေးမြန်းရာ စစ်ဆေးလိုခြင်းမရှိကြောင်းနဲ့ အပြစ်ရှိ၊ မရှိ မေးတဲ့အခါ အပြစ်မရှိကြောင်း ပြောပါတယ်။ ခုခံချေပရန် ကိုသက်ဦးမောင် (ခ) ဝလုံးက တရားခံပြသက်သေ လေးဦး၊ ကိုကျော်စိုးဦး (ခ) မိုးအောင်က တရားခံပြသက်သေ နှစ်ဦး စုစုပေါင်းတရားခံပြသက်သေခြောက်ဦး တင်ပြထားခဲ့တယ်။ တရားလိုနဲ့ တရားလိုပြသက်သေတွေရဲ့ ထွက်ဆိုချက်တွေအရ တရားခံ နှစ်ဦးကို စွဲဆိုထားသောပုဒ်မနဲ့ ငြိစွန်းတဲ့အချက်တွေ တွေ့တဲ့အတွက် ၎င်းတို့အနေနဲ့ ဖြေရှင်းဖို့ တာဝန်ရှိတယ်။ ဒီတော့ ဖြေရှင်းနိုင်ဖို့ ညွှန်ကြားခြင်းသာဖြစ်မယ်" ဟု ပြောသည်။

အဆိုပါအမှုအား နောက်ရုံးချိန်းကို ဇူလိုင် ၁၆ ရက်သို့ ချိန်းဆိုခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

မျိုးမင်းသိန်း (မရမ်းကုန်း)

တာချီလိတ်၌ လူငယ်တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တာချီလိတ် ဇူလိုင် ၉

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက လူငယ်တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိသည်။

ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၁၁၇) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်း လုံမောင်ဝ် အိမ်ဆောက်ပစ္စည်းဆိုင်ရှေ့တွင် တာချီလိတ်မြို့တွင်းဘက်မှ ဟောင်လိတ်လမ်းဆုံဘက်သို့ လီကျွေ(ခ)ကင်းကောင်း မောင်းနှင်လာသည့် MSX-125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား (ဒေသတန်ဖိုးကျပ်သိန်း ၈၀ ခန့်)နှင့် ဖုန်းတစ်လုံးတို့ကို တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူ လီကျွေ(ခ)ကင်းကောင်း(၁၉ နှစ်) ဂျောဘအာခါရွာ မိုင်းတွမ်းအုပ်စု မိုင်းဆတ်မြို့နယ်နေသူအား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သပိတ်ကျင်းမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ လေးဦးသေ၊ သုံးဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လက်ပံကျေးရွာအနီး ၇ မိုင်-တကောင်းသွားကားလမ်း မိုင်တိုင်အမှတ် (၃၅/၆-၇)ကြားတွင် ဇူလိုင် ၈ ရက် ည ၇ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ လေးဦးသေ၊ သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု သတင်းအရ သပိတ်ကျင်းမြို့မရဲစခန်းမှ ရဲအုပ်ကျော်ဝင်းမြှေးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ တကောင်းဘက်မှ ၇ မိုင်ဘက်သို့ လက်ပံကုန်းကျေးရွာနေ နေဇော်ထက်(ခ)ကျောက်ခဲ (၂၆နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ စိုးဟေမာန်(၃၀ နှစ်)ပါ ရှစ်ဦး လိုက်ပါလာသော 9A/ ---- ဟီးနိုးခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏အရှေ့ဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခင်မောင်ထွေး(၂၅နှစ်)၊ ဖိုးပိန်(၂၈နှစ်)၊ လမ်းဗိုတင်(၂၃နှစ်)နှင့် နီတာ (၂၈ နှစ်) တို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဖြိုးစံမောင်(၂၄နှစ်)၊ တင်မိုး(၃၉ နှစ်)၊ အောင်မျိုးနိုင် (၂၄ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မောင်း နေဇော်ထက်(ခ)ကျောက်ခဲအား သပိတ်ကျင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နောင်ချိုနှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၉

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ညနေ ၅ နာရီခွဲက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းမတွင် ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ ကျော်သူဟန် မောင်းနှင်ပြီး ကျော်ခိုင်ဦးလိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက မိုးမိတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် လက်ခုတ်ပင်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းတွင် လမ်းလျှောက်လာသူ ဇီဆာနှင့် လီဆာတို့အားရှာဖွေရာ ဇီဆာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကို လည်းကောင်း၊ ဆက်လက်၍ မိုးမိတ်မြို့ တောင်ပိုင်းရပ်ကွက်နေ မသန်းသန်းထွေး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မချိုနှင့် ဖိုးဇော်တို့အားတွေ့ရှိပြီး ဘိန်းဖြူ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ တို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ချောက်မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူအား အလုပ်နှင့် ထောင်ဒဏ် ၂၆ နှစ် ချမှတ်

မကွေး ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်းက လူသတ်မှုကျူးလွန်ခဲ့သော အမျိုးသားအား ၂၀၁၈ ခုနှစ် ဇူလိုင် ၅ ရက်က မကွေးခရိုင်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် ၂၆ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီခွဲက ချောက်မြို့နယ် ရွာသစ်ကျေးရွာနေ အောင်နိုင်မင်း(၂၉ နှစ်)နှင့် ၎င်း၏ဇနီးဖြစ်သူ မဖြူဖြူလင်းတို့ လင်မယားချင်းစကားများပြီး မဖြူဖြူလင်းသည် ပုဂံစုကျေးရွာနေ ဖခင်ဖြစ်သူ ဦးစိန်ဒိုး နေအိမ်သို့ သွားရောက်နေထိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အောင်နိုင်မင်းက အကြိမ်ကြိမ်သွားခေါ်ရာ မလိုက်သည်ကို ကျေနပ်မှုမရှိ၍ မဖြူဖြူလင်းအား ဓားဦးချွန်ဖြင့် အကြိမ်ကြိမ်ထိုးခဲ့ကြောင်း၊ ထို့အပြင် မဖြူဖြူလင်းအား ဓားနှင့်ထပ်မံထိုးသဖြင့် ဦးစိန်ဒိုးက တားစဉ် အောင်နိုင်မင်းက ဦးစိန်ဒိုးအား ဓားနှင့်ထိုးသဖြင့် ဒဏ်ရာများရရှိကာ မဖြူဖြူလင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်နိုင်မင်းအား ချောက်မြို့နယ် စလေနယ်မြေရဲစခန်း က(ပ)၅/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၅၀/၃၂၆/၃၂၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပြီး မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မကွေးခရိုင်တရားရုံးမှ ၂၀၁၈ ခုနှစ် ဇူလိုင် ၅ ရက်တွင် တရားခံ အောင်နိုင်မင်းအား ပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀၊ ပုဒ်မ ၃၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်၊ ပုဒ်မ ၃၂၄ အရ အလုပ်နှင့် ထောင်ဒဏ် တစ်နှစ် (သီးခြားစီ)ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျ

မရမ်းချောင်စစ်ဆေးရေးအဖွဲ့က တရားမဝင် ကုန်စည်များဖမ်းမိ

နေပြည်တော် ဇူလိုင် ၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၇ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၅၄ စီး၊ သွင်းကုန် ၉၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၈၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၃၈ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၂၆ သန်းခန့်ကို ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၈ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Used Bicycle (40U)၊ LONGAN FRUIT (1x12Kg) (100Pkg)၊ Used Umbrella (1x100U) (6Pkg)နှင့် စိုက်ပျိုးရေးသုံး ပစ္စည်းခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၃၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။

ဂျပန်နိုင်ငံ၌ မြေပြိုမှုကြောင့် လူ ၁၀၀ ကျော်သေဆုံးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်နေ

တိုကျို ဇူလိုင် ၉

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီး မြေပြိုမှုတို့ကြောင့် လူပေါင်း ၁၁၂ ဦးသေဆုံးခဲ့ပြီး ကယ်ဆယ်ရေးသမားများမှာ အခက်အခဲများကြားမှ လုပ်ငန်းများ လုပ်ဆောင်နေရသည်။

သေဆုံးသူအရေအတွက် များပြားလာသည့်အတွက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး၏ လေးနိုင်ငံခရီးစဉ်ကို ဖျက်သိမ်းခဲ့ရသည်ဟု ဂျပန်မီဒီယာများတွင် ဖော်ပြထားသည်။ ၎င်းသည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားနေသောနေရာသို့ သွားရောက်မည်ဖြစ်သည်။ ရွှံ့နွံများကြား ရောက်နေသော အိမ်အပျက်များတွင် သေဆုံးသူများကို တွေ့ရသည်။

ယခုအခါ တကွဲတပြားစီဖြစ်နေသော မိသားစုများက ကယ်ဆယ်ရေးသမားများထံမှ သတင်းကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရသည်။ အသက် ၃၈ နှစ်အရွယ် ကိုဆူကီကီရိုဟာရာက ၎င်း၏ အစ်မနှင့် တူနှစ်ယောက်၏သတင်းကို စောင့်မျှော်နေခြင်းဖြစ်ကြောင်း၊ အဆိုးဆုံးကိုလည်း ကြိုတွေးထားကြောင်း ပြောသည်။ အသက်ရှင်ကျန်ရစ်သူများလည်း ရှိနိုင်ကြောင်း ကယ်ဆယ်ရေးသမားများက မျှော်လင့်ထားကြသည်။ ယနေ့မှာ သုံးရက်မြောက်နေ့ရှိပြီဖြစ်ကြောင်း၊ အသက်ရှင်ကျန်ရစ်သူများကို ရှာတွေ့ရန်လည်း ဖြစ်နိုင်သေးကြောင်း ယင်းနေရာတွင်ရောက်ရှိနေသော ကယ်ဆယ်ရေးသမားတစ်ဦးက ပြောသည်။ ယခုလက်ရှိအချိန်အထိ ၇၇ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ အထိခိုက်ဆုံးနေရာဖြစ်သည့် ဟီရိုရှီးမားစီရင်စုတွင် ၄၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ဆဲဖြစ်၍ သေဆုံးသူဦးရေလည်း ယခုထက်ပိုများလာနိုင်ကြောင်း အာဏာပိုင်များက ပြောသည်။

ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်သမားများပါဝင်သော လူပေါင်း ၇၃၀၀၀ တို့သည် ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ကြောင်း၊ ရဟတ်ယာဉ်ပေါင်း ၇၀၀ ခန့်ကိုလည်း ကယ်ဆယ်ရေးတွင် အသုံးပြုရန်တပ်ဖြန့်ချထားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ယိုရှီဟိုက် ဆူဂါက ပြောသည်။ **အေအက်ဖ်ပီ**

ဘရီးဇစ်ဝန်ကြီးနှင့် လက်ထောက်နှစ်ဦး ထရီဆာမေ အစိုးရအဖွဲ့မှ နုတ်ထွက်

လန်ဒန် ဇူလိုင် ၉

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ ဘရီးဇစ်ဝန်ကြီး ဒေးဗစ်ဒါဗီနှင့် ၎င်း၏ လက်ထောက်နှစ်ဦး အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့ကြောင်း ဒေသတွင်းမီဒီယာဖော်ပြချက်အရ သိရသည်။

ဘရီးဇစ်ဝန်ကြီး ဒေးဗစ်ဒါဗီနှင့် ၎င်း၏လက်ထောက်နှစ်ဦး ရာထူးမှ နုတ်ထွက်သွားပြီးနောက် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေသည် ၎င်း၏ အစိုးရအဖွဲ့အတွင်း အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအစီအစဉ်သည် အလွန်ပျော့ညံ့လွန်းသည်ဟု ဘရီးဇစ်ထောက်ခံသူများက စွပ်စွဲမှုများရှိခဲ့သည့်အတွက် ဝန်ကြီးချုပ် ထရီဆာမေက ၎င်း၏ အစိုးရအဖွဲ့အား လိုအပ်သည်များ သေချာစွာလုပ်ဆောင်ခဲ့ပြီးနောက် ယခုကဲ့သို့ မထင်မှတ်ဘဲ ဘရီးဇစ်ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်သည့်သတင်းထွက်ပေါ်လာခဲ့သည်။

ဘရီးဇစ်အရေးနှင့်ပတ်သက်ပြီး ထရီဆာမေမှာ အကျပ်ရိုက်နေသော်လည်း ဒါဗီက ၎င်းအနေဖြင့် ထရီဆာမေကို ရာထူးတွင် ဆက်လက်ရှိစေချင်ကြောင်း ဘီဘီစီ ရေဒီယိုအစီအစဉ်တွင် ပြောခဲ့သည်။

ဒါဗီသည် ဘရီးဇစ်ဝန်ကြီးအဖြစ် ၂၀၁၆ ခုနှစ်က ခန့်အပ်ခံခဲ့ရပြီး ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေး ဆွေးနွေးညှိနှိုင်းမှုအတွက် တာဝန်ရှိသူဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

ဘရာဇီးသမ္မတဟောင်း လူလာ ထောင်ဒဏ်ဆက်လက်ကျခံရမည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၉

အငြင်းပွားဖွယ်ဖြစ်နေသော ဘရာဇီးသမ္မတဟောင်း လူးဝစ်အင်နာစီယို လူလာဒါဆယ်ဗာ၏ ထောင်ဒဏ်ချမှတ်ခံရမှုကို ဘရာဇီးတရားသူကြီးများက တနင်္ဂနွေနေ့တွင် မရေရာသည့်အမိန့် ချမှတ်ခဲ့သည်။

လူလာသည် အကျင့်ပျက်ခြစားမှုနှင့် စွပ်စွဲခံရပြီးနောက် ဧပြီလအတွင်း ထောင်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ယင်းနေ့အစောပိုင်းတွင် ဗဟိုတရားသူကြီး ရိုဂျီရို ဖက်ဗ်ရီတိုသည် သမ္မတဟောင်း လူလာကို ချက်ချင်းလွှတ်ပေးရန် အမိန့်ချမှတ်ခဲ့ပြီး အခြားဗဟိုတရားသူကြီးများက ယင်းအမိန့်ကို ကန့်ကွက်ခဲ့ကြသည်။ ထို့နောက် ဘရာဇီး ဗဟိုတရားသူကြီးဥက္ကဋ္ဌ ကာလို့စ်သွန်ဆွန်ဖလော်ရီက ပြန်လွှတ်ပေးရန် အမိန့်ကို ပယ်ချခဲ့သည်။ သွန်ဆွန်၏အမိန့်ကြောင့် သမ္မတဟောင်း လူလာကို ထောက်ခံသူများသည် လမ်းများပေါ်ထွက်ကာ ဆန္ဒပြခဲ့ကြပြီး တင်းမာမှုများလည်း မြင့်တက်ခဲ့သည်။

သမ္မတဟောင်း လူလာကို တရားစွဲဆိုပြီး ပြစ်ဒဏ်ချမှတ်ခဲ့သူ တရားသူကြီးမှာ ဆာဂျီရိုမိုရိုဆိုသူဖြစ်ပြီး ၎င်းက တရားသူကြီး ရိုဂျီရို ဖက်ဗ်ရီတိုအနေဖြင့် သမ္မတဟောင်း၏ပြစ်မှုကို ကင်းလွတ်ခွင့်အမိန့် ချမှတ်ရန် အခွင့်အာဏာမရှိဟု ဆိုသည်။ အကျင့်ပျက်ခြစားမှုဖြင့် တရားရင်ဆိုင်ပြီးနောက် ဧပြီလမှစတင်ကာ သမ္မတဟောင်း လူလာသည် ထောင်ဒဏ် ၁၂ နှစ်နှင့် တစ်လ ချမှတ်ခြင်းခံရသည်။ ဘရာဇီး ဆောက်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် Odebrecht မှ လာဘ်ယူမှုဖြင့် သမ္မတဟောင်း လူလာ တရားစွဲဆိုခံရခြင်းဖြစ်သည်။

အသက် ၇၂ နှစ်အရွယ် သမ္မတဟောင်း လူလာမှာ ထောင်ဒဏ်ပြစ်ဒဏ်ကျခံနေရသော်လည်း ရွေးကောက်ပွဲမတိုင်မီ ၎င်းကိုထောက်ခံသူအများအပြားရှိနေပြီး ရွေးကောက်ပွဲတွင် ၎င်းပြန်လည်ပါဝင်နိုင်ရေး မျှော်လင့်နေကြသော လူများမှာ အမြောက်အမြားရှိနေသည်။

ဆင်ဟွာ

တူရကီအနောက်မြောက်ပိုင်း ရထားတွဲချော်မှု သေဆုံးသူ ၂၄ ဦးရှိလာ

အစ္စတန်ဘူလ် ဇူလိုင် ၉

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း၌ ရထားတွဲချော်မှုတစ်ခုဖြစ်ပွားခဲ့ရာ သေဆုံးသူ၂၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ရီဆက်ပ်အက်ဒက်၏ ပြောကြားချက် ကို ကိုးကားပြီး နိုင်ငံပိုင်သတင်းဌာနဖြစ်သော အနာဒိုလူက ဇူလိုင် ၉ ရက်တွင် ဖော်ပြ ခဲ့သည်။

တူရကီအနောက်မြောက်ပိုင်း တီကာဒက်ပြည်နယ်၌ ဇူလိုင် ၈ ရက်က ရထားတွဲ ချော်မှုကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၇၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစောပိုင်းသတင်းများတွင် ဖော်ပြခဲ့သည်။ တူရကီနိုင်ငံ အနောက်မြောက်ပိုင်း၌ ဖြစ်ပွားသော ရထားတွဲချော်မှုတွင် ရထားတွဲငါးတွဲ ချော်ကျခဲ့ခြင်းဖြစ်သည်။ တွဲချော်ခဲ့သောရထားတွင် ခရီးသည် ၃၆၀ လိုက်ပါ စီးနင်းလာကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ ယင်းအကျိုးဆက်ကြောင့် ရထားလမ်းကိုထိခိုက်ပြီး ထိုကဲ့သို့ ရထားချော်ခဲ့ခြင်းဖြစ်ကြောင်း တီကာဒက်ပြည်နယ် အုပ်ချုပ်ရေးမှူး မာမက်စီလန်က ပြောခဲ့သည်။

အဆိုပါရထားသည် တူရကီနှင့် ဘူလ်ဂေးရီးယားနယ်စပ်အနီး အက်ဒင်ပြည်နယ်မှ အစ္စတန်ဘူလ်မြို့သို့ ခုတ်မောင်းနေသော ရထားဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဂူအတွင်းကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိရာမှ ကလေးငယ်ရှစ်ဦးအထိ ကယ်ထုတ်နိုင်ပြီ

ချင်းရိုင် ဇူလိုင် ၉

ထိုင်းနိုင်ငံမြောက်ပိုင်း ရှုပ်ထွေးလှသည့် ဂူအတွင်းကယ်ဆယ်မှုများကို ဒုတိယမြောက်နေ့အဖြစ် ဇူလိုင် ၉ ရက်နံနက်ပိုင်းက ပြန်လည်စတင်ခဲ့ပြီးနောက် နောက်ထပ် လေးဦးကို ထပ်မံကယ်တင်နိုင်ခဲ့ကြောင်း နောက်ဆုံးရသတင်းများအရ သိရသည်။

လိုဏ်ဂူအတွင်း နောက်ထပ်ကယ်ဆယ်ရန် လူငါးဦးကျန်ရှိနေသေးကြောင်း သိရပြီး ၎င်းတို့မှာ ကျောင်းသားလူငယ်ဘောလုံးသမားလေးဦးနှင့် အသက် ၂၅နှစ်ရှိ လက်ထောက်ဘောလုံးနည်းပြ Ekapol Chantawong တို့ဖြစ်သည်။

ရှုပ်ထွေးလှသည့် ဂူအတွင်း ကယ်ဆယ်မှုများကို ထိုင်းရေတပ်မှ ဦးဆောင်လျက်ရှိပြီး နောက်ဆုံးအချိန်အထိ ကျောင်းသားလူငယ်ဘောလုံးသမား ရှစ်ဦးအထိ ကယ်ထုတ်နိုင်ခဲ့သည်။ ပထမအခေါက် ကယ်ဆယ်ခဲ့သူ လေးဦးမှာလည်း အခြေအနေကောင်းမွန်လျက်ရှိကြောင်း၊ ကယ်ဆယ်ရရှိခဲ့သော ကလေးများကို ချင်းရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပထမအခေါက် ကယ်ဆယ်မှုပြုပြီးနောက် လိုအပ်သော အောက်ဆီဂျင်ဘူးများကို ထပ်မံဖြည့်တင်းခဲ့ရကြောင်း သိရသည်။

ပထမနေ့ကယ်ဆယ်မှုတွင် ပါဝင်သည့် လူပမာဏထက်ပိုမိုများပြားသည့် ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် ဒုတိယနေ့ ကယ်ဆယ်ရေးကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင်စတင်ခဲ့ပြီး ည ၉ နာရီတွင် ယာယီရပ်နားခဲ့ကာ ဇူလိုင် ၁၀ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် Narongsak Osottanakorn က ပြောသည်။

ကလေးအချို့မှာ ဂူအတွင်း ကျန်ရှိနေသေးသည့်အတွက် ၎င်းတို့၏ မိဘများကို စာနာသောအားဖြင့် ကယ်ထုတ်ပြီးသော ကလေးများ၏ အမည်ကို ဖော်ပြထားခြင်းမရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်က ပြောသည်။ ဂူအတွင်းရှိ ကလေးများကို ကယ်ထုတ်ရန် ကြိုးစားရင်း ဇူလိုင် ၆ ရက်က ထိုင်းရေတပ်အဖွဲ့ဝင် ဟောင်းတစ်ဦး ဂူအတွင်း လမ်းခုလတ်တစ်နေရာတွင် အောက်ဆီဂျင်ပြတ်ပြီး သေဆုံးခဲ့ရသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

နယူးဇီလန်ပို့ဆောင်ရေးဝန်ကြီး လေယာဉ်ပေါ်တွင် ဖုန်းပြောသည့်အတွက် ဒဏ်ရိုက်ခံရ

ဝယ်လင်တန် ဇူလိုင် ၉

နယူးဇီလန် ပို့ဆောင်ရေးဝန်ကြီးသည် လေယာဉ်ပေါ်တွင် ဖုန်းမသုံးရစည်းမျဉ်းကို ဖောက်ဖျက်ခဲ့သည့်အတွက် ဒဏ်ရိုက်ခံခဲ့ရကြောင်း နယူးဇီလန် လေကြောင်းပို့ဆောင်ရေးအာဏာပိုင်က ဇူလိုင် ၉ ရက်က ပြောခဲ့သည်။

နယူးဇီလန် ပို့ဆောင်ရေးဝန်ကြီး ဖီးလ်သိုင်ဖို့ဒ်ကို လေယာဉ်ပေါ်တွင် ဖုန်းသုံးသည့်အတွက် နယူးဇီလန်ဒေါ်လာ ၅၀၀ (အမေရိကန်ဒေါ်လာ ၃၄၀) ဒဏ်ရိုက်လိုက်ကြောင်း လေကြောင်းအာဏာပိုင်များက ပြောခဲ့သည်။

လေကြောင်းဆိုင်ရာ အရာရှိများက ဝန်ကြီးတစ်ပါးအနေဖြင့် လေယာဉ်ပျံမတက်ခင် ဖုန်းများကို ပိတ်ထားရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း ပြောခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးက ၎င်းအနေဖြင့် ဒဏ်ငွေကို များမကြာမီအချိန်အတွင်း ပေးဆောင်သွားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ ဖောက်ဖျက်ခြင်း မပြုသင့်ကြောင်း ပြောခဲ့သည်။

ထို့နောက် ရာထူးမှ နုတ်ထွက်စာကို ဝန်ကြီးချုပ်သို့ ပေးပို့သော်လည်း ဝန်ကြီးချုပ်က လက်မခံခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သုံးနိုင်ငံဆွေးနွေး

အူလန်ဘာတော ဇူလိုင် ၉

မွန်ဂိုလီးယား၊ တရုတ်၊ ရုရှားတို့မှ ခရီးသွားလာရေးဝန်ကြီးများသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ တနင်္လာနေ့က မွန်ဂိုလီးယားတွင် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။

မွန်ဂိုလီးယားဘက်မှ ကိုယ်စားလှယ် ၁၅၀၊ တရုတ်ကိုယ်စားလှယ် ၆၁ ဦးနှင့် ရုရှားကိုယ်စားလှယ် ၁၇ ဦးတို့ အစည်းအဝေးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ နယ်စပ်ဖြတ်ကျော် ခရီးသွားလာရေးတွင် ဖွံ့ဖြိုးတိုးတက်အောင် မည်သို့ဆောင်ရွက်မည်၊ ခရီးသွားအရေအတွက်တိုးအောင် မည်သို့ဆောင်ရွက်မည် အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ခရီးသွားများကို ဝန်ဆောင်မှုပေးရေး ဗီဇာမူဝါဒ အစရှိသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ်ကို ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားပြီး ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရရှိရန်ရည်မှန်းထားသည်။

ဆင်ဟွာ

စစ်ပွဲဒဏ်တွေ၊ ဒေသတွင်းအားပြိုင်မှုတွေကြောင့် နာလန်မထနိုင်တဲ့ ယီမင်

တင်လင်းအောင်

ထရန့်အစိုးရဟာ ယီမင်မှာဖြစ်ပွားနေတဲ့ ပဋိပက္ခဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်တွေမှာ ကာလရှည်ကြာ ဖိအားပေးမှုတွေ ရှိခဲ့ပါတယ်။ အီရန်ဟာ ဟူသီအကြမ်းဖက်သမားတွေကို တာလတ်ပစ်ဒုံးကျည်တွေ၊ အခြား စစ်လက်နက်တွေနဲ့ ထောက်ပံ့မှုတွေ လုပ်ဆောင်နေတယ်လို့ အမေရိကန်က စွပ်စွဲခဲ့ပါတယ်။

စစ်မီးတွေ တောက်လောင်နေတဲ့ နိုင်ငံ

အရင်ကတည်းကမှ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာနားလည်မှုဆိုင်ရာ ဘေးဒုက္ခတွေခံစားနေရလို့ ငတ်မွတ်တဲ့ကပ်ကြီး ဆိုက်ကပ်နေရုံသာမက ပဋိပက္ခဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်တွေနဲ့ ကာလရှည်ကြာရင်ဆိုင်နေရတဲ့ ယီမင်ဟာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို လူလုံးမလှ အပူလုံးကြွခဲ့ရပါတယ်။ ယီမင်မှာပြုလုပ်ခဲ့တဲ့ အပစ်ရပ်စဲရေးဆိုတာကလည်း မည်ကာမတ္တပါပဲ။ ငြိမ်းချမ်းရေးကို မထိန်းထားနိုင်ခဲ့သလို အရပ်သားသေဆုံးမှုတွေကိုလည်း ဖြစ်စေခဲ့ပါတယ်။ အဲဒါတွေပေါင်းစုပြီး အကြောင်းပြုလိုက်တော့ နောက်ဆုံးမှာ ယီမင်ဟာ စစ်မီးတွေတောက်လောင်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတော့တာပါပဲ။

ဟူသီအဖွဲ့က နိုင်ငံတောင်ပိုင်းရှိ အစိုးရတပ်ဖွဲ့ကို ထောက်ခံပေးနေတဲ့ ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့ကို ဖက်ပြိုင်အန်တုတိုက်ခိုက်နေတဲ့ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောနေတဲ့ ကမ္ဘာ့အဆိုးဆုံး ပဋိပက္ခပဲဖြစ်ပါတယ်။

အနောက်အုပ်စုက လက်နက်နဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေ ပေးမှုကြောင့် ဖြစ်ပွားတဲ့ ဒေသတွင်း အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အီရန်နဲ့ ဆော်ဒီအာရေဗျတို့ရဲ့ စစ်ပွဲဟာ လူပေါင်း ၁၀၀၀၀ ကျော်သေဆုံးခဲ့သလို လူဦးရေနှစ်သန်းကျော် ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။

လတ်တလောမှာ ယီမင်နိုင်ငံဟာ ဘေးဒုက္ခတွေကို အလူးအလဲခံစားနေရပါတယ်။ အလားတူ ပါတီအချင်းချင်းတွေကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် ထောက်ပံ့ရေးလမ်းကြောင်းတွေလည်း ပွင့်သင့်သလောက်မပွင့်ဘဲ အတိဒုက္ခခံစားနေရတယ်လို့ သိရပါတယ်။

သူ့ကြောင့်လား ကိုယ့်ကြောင့်လား

အီရန်အနေနဲ့ကလည်း ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ပေးနေတာတွေကို သက်သေမပြနိုင်ခဲ့ပါဘူး။ အကယ်၍ အဲဒီကိစ္စသာ တကယ်မှန်ခဲ့မယ်ဆိုရင် အီရန်ဟာ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်မှာ ဖြစ်ပါတယ်။ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေး ကောင်စီရဲ့ ဆုံးဖြတ်ချက်မှာ ဘာပါလဲဆိုရင် တခြားနိုင်ငံတစ်နိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်မပါဘဲ လက်နက်တွေ ရောင်းချတာ၊ လွှဲပြောင်းတာ မပြုရေးတို့ ပါဝင်ပါတယ်။

ဆိုခဲ့သလို အီရန်အနေနဲ့ ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ခဲ့တယ်ဆိုပါက အဲဒါဟာ ယီမင်မှာဖြစ်တဲ့ တိုက်ပွဲတွေကို ပိုမိုပြင်းထန်စေမှာဖြစ်သလို ဆွန်နီမွတ်စလင်နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဗျနဲ့ ရှီးယိုက်မွတ်စလင်တွေဦးဆောင်တဲ့ အီရန်တို့ဟာ နိုင်ငံအချင်းချင်း ပဋိပက္ခတွေဖြစ်ပွားလာမှာ မလွဲပါဘူး။

အမေရိကန်ပြည်ထောင်စုဟာ အာရပ်စော်ဘွားများပြည်ထောင်စုနဲ့ အခြား ပါရှန်းပင်လယ်ကွေ့နိုင်ငံတွေ အပါအဝင် ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေကို ပစ်မလွဲပစ်ခတ်နိုင်တဲ့ စစ်လက်နက်တွေ၊ လျှို့ဝှက်သတင်းအချက်အလက်တွေနဲ့ တခြားဟာတွေအပါအဝင် ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။

ယီမင်စစ်ပွဲမှာ ဆော်ဒီ-အမေရိကန် ပူးပေါင်းမှုတွေလုပ်နေတယ်ဆိုတဲ့ စကားရပ်ကိုတော့ အတိအလင်းပြောလို့မရပါဘူး။ သတင်းထောက်တွေရဲ့ အခြေခံမေးခွန်းတွေကို တုံ့ပြန်ဖြေကြားမှုတွေ လုပ်တဲ့အခါ ဒီဒုံးကျည်တွေဟာ ဘယ်ကလဲဆိုတာကို တိတိကျကျ ဖော်ပြပြောဆိုနိုင်ခဲ့တာ မတွေ့ရပါဘူး။ အခုလို စစ်လက်နက်ပစ္စည်းတွေ ပြသထားတာရဲ့ရည်ရွယ်ချက်ကတော့ ဒေသတွင်း မတည်မငြိမ်ဖြစ်မှုမှာ တာဝန်ရှိတဲ့ အီရန်ကို ဒဏ်ခတ်ချင်တဲ့ ရည်ရွယ်ချက်ကြောင့်လားဆိုတာတော့ မသိနိုင်သေးပါဘူး။ ယီမင်မှာ ဖြစ်ပွားတဲ့ ကိစ္စတွေဟာ သူ့ကြောင့်လား၊ ကိုယ့်ကြောင့်လားဆိုတာ ဝေခွဲမရ ဖြစ်နေပါတယ်။

ဟူသီတို့ တန်ခိုးထွားလာ

ဟူသီတို့ကို သနားကရုဏာသက်နေတဲ့ အီရန်ဟာ ၂၀၁၅ ခုနှစ်ကတည်းက ၎င်းတို့ကို ကန့်သတ်ထောက်ပံ့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆော်ဒီအာရေဗျကလည်း အီရန်ရဲ့ လွှမ်းမိုးမှုကို စိုးရိမ်တဲ့အတွက် ဖြစ်ရပ်တိုင်းကို စစ်ဆေးမှုတွေ၊ ပိတ်ဆို့မှုတွေ လုပ်လာပါတော့တယ်။

ဆော်ဒီရဲ့အကြိမ် ၁၅၀၀၀ ကျော်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သားထောင်ပေါင်းများစွာ သေဆုံးခဲ့သလို ယီမင်တို့ရဲ့ ပြန်လည်တိုက်ခိုက်မှုကလည်း စစ်ပွဲအသွင် ဆောင်လာပါတော့တယ်။ ဒီအချက်တွေအပြင် မြို့တော်ဆာနားကို ထိန်းချုပ်ထားတဲ့ ဟူသီတို့ကို နှိမ်နင်းဖို့လည်း ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့က မတတ်နိုင်ခဲ့ပါဘူး။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလတ်၊ သူ့ရဲ့တူဖြစ်သူ တာရက်ခ်၊ ဆွေမျိုးတွေနဲ့ ဆာလတ်ပါတီ အထွေထွေအတွင်းရေးမှူးတို့ကို ဟူသီသူပုန်တို့က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့သတင်းကို သတင်းမီဒီယာတွေမှာ လွန်ခဲ့တဲ့လအတော်ကြာက ဖော်ပြခဲ့ကြပါတယ်။

သတ်ဖြတ်ပြီးနောက် မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာအတော်များများကို ထိန်းချုပ်နိုင်ဖို့ ဟူသီသူပုန်တို့က နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်နေပါတယ်။ ဆော်ဒီအာရေဗျ ညွန့်ပေါင်းအဖွဲ့ဟာ ဟူသီတို့ကို နှိမ်နင်းဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့သလို အခုဆိုရင် ဟူသီတို့ဟာ ယီမင်မှာ ပိုမိုတန်ခိုးထွားလာကြပါတယ်။ ယီမင်ဟာ အခုဆိုရင်တော့ အရှေ့အလယ်ပိုင်းမှာ အလွန်ဆိုးရွားပြီး ဒုက္ခပင်လယ်ဝေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါပြီ။

ထရန့်ရဲ့လုပ်ဆောင်ချက် ဆီးနိတ်အဖွဲ့ဝင်တွေ သဘောမကျ

အမေရိကန်သမ္မတ ထရန့်ဟာ ဆော်ဒီခေါင်းဆောင်မှုအသစ်နဲ့ နီးကပ်တဲ့ဆက်ဆံရေးကို တည်ထောင်ဖို့ စိတ်အားထက်သန်နေတာဟာ ယီမင်နိုင်ငံရဲ့ လူသားချင်းစာနာနားလည်မှုဆိုင်ရာ ကပ်ဆိုးကြီးကို မျက်ကွယ်ပြုရာရောက်သလိုပါပဲ။ သမ္မတ ထရန့်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ဆီးနိတ်အဖွဲ့ဝင်တွေဟာ သဘောမကျကြပါဘူး။ ဆီးနိတ်အဖွဲ့ဝင်တွေဟာ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေကို ယီမင်မှာ ကပ်ဆိုးကြီး တားဆီးနိုင်ဖို့အတွက် ရီယာ့ဒ်ကို ဝိုင်းဝန်းဖျောင်းဖျပေးဖို့ တိုက်တွန်းနေပါတယ်။

ယီမင်ကို ထောက်ပံ့မှုတွေ မရောက်အောင် ပိတ်ဆို့တဲ့အတွက် ဆော်ဒီဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို ချိုးဖောက်သလို ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးအဖွဲ့တွေဟာ ယီမင်အရေးမှာ တိုက်ရိုက်ပါဝင်နေတဲ့ ဆော်ဒီမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ကို အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ပေးဖို့ ကုလသမဂ္ဂကို တောင်းဆိုခဲ့ပါတယ်။

ယီမင်အရေး ဖြေရှင်းဖို့ မလွယ်ကူ

ကာလရှည်ကြာ ဖြစ်ပွားနေတဲ့ ယီမင်အရေးဖြေရှင်းဖို့ရာ လွယ်ကူတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ သတ်မှတ်ထားတာထက် ပိုကြာဖို့ပဲ ရှိပါတယ်။ နိုင်ငံတကာက ထောက်ပံ့မှုတွေ ယီမင်ပြည်သူတွေလက်ထဲ ရောက်ရှိရေး ကြိုးစားလုပ်ဆောင်ကြဖို့ လိုသလို တစ်ဖက်ကလည်း ဟူသီနဲ့ အီရန်တို့ကလည်း အပစ်ရပ်စဲရေးကို ဖော်ဆောင်ရမှာပါ။ အလားတူ ဆော်ဒီကိုလည်း အမေရိကန်က ယီမင်အရေး စိတ်အေးအောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ယီမင်ဟာ စစ်ပွဲဒဏ်တွေ၊ ဒေသတွင်းနိုင်ငံတွေက အားပြိုင်တာတွေကြောင့် တစ်စတစ်စ နာလန်ထဖို့တောင် မလွယ်ကူပါဘူး။ အဲဒီလိုဆို ယီမင်ကို ဒီအတိုင်းကြည့်နေရမှာလား။ ဒီလိုလည်း မဟုတ်ပါဘူး။ ယီမင်ပြည်သူတွေကို တတ်နိုင်သလောက် နိုင်ငံတကာပေါင်းစုအားနဲ့ ကူညီရမှာပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂကလည်း ကုလသမဂ္ဂအလျောက်၊ နိုင်ငံတကာ အကူအညီပေးမယ့်အဖွဲ့တွေကလည်း အကူအညီပေးကြမယ်ဆိုရင် ယီမင်အရေးဟာ အတော်လေး အခြေအနေကောင်းလာမယ့် သဘောရှိပါတယ်။

အဲဒီလို လုပ်ဆောင်မှုတွေဟာ အပြစ်မဲ့ယီမင်ပြည်သူတွေကို ဘေးဒုက္ခအပေါင်းမှ ကယ်တင်ရမှာဖြစ်သလို ယီမင်ရဲ့စစ်မီးတွေကိုလည်း ငြိမ်းသတ်နိုင်မှာဖြစ်ပါတယ်။ ။

ကိုးကား- သည်နယူးယောက်တိုင်းမ်၊ သည်ဂါးဒီးယန်း

> “အီရန်အနေနဲ့ကလည်း ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ပေးနေတာတွေကို သက်သေမပြနိုင်ခဲ့ပါဘူး။ အကယ်၍ အဲဒီကိစ္စသာ တကယ်မှန်ခဲ့မယ်ဆိုရင် အီရန်ဟာ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်မှာ ဖြစ်ပါတယ်။ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မှာ ဘာပါလဲဆိုရင် တခြားနိုင်ငံတစ်နိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်မပါဘဲ လက်နက်တွေ ရောင်းချတာ၊ လွှဲပြောင်းတာ မပြုရေးတို့ ပါဝင် ”

အာရှုလမ်း မြေသားများပြိုကျ၍ ယာဉ်သွားလာမှုယာယီပိတ်ထားရပြီး လမ်းရှင်းလင်းရေးဆောင်ရွက်

ကော့ကရိတ် ဇူလိုင် ၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဇူလိုင် ၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် အာရှုလမ်းမကြီး နတ်စင်ကွေ့ ၁၅၄ ကီလိုမီတာ နှင့် ၁၅၅ ကီလိုမီတာအကြား တောင်ကမ်းပါးယံမှ မြေသားများပြိုကျကာ လမ်းပိတ်ဆို့မှု ဖြစ်နေ၍ ယာဉ်သွားလာမှု ယာယီပိတ်ထားရပြီး ယာဉ်လမ်းကြော အမြန်ပွင့်စေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေး နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များနှင့် ယာဉ်မောင်းများ အားလုံးပူးပေါင်းကာ ရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်မြေသားများ ပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရပြီး လမ်းပိတ်ဆို့မှုများကို ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၈ ရက် ညနေပိုင်းကလည်း မိုးသည်းထန်၍ လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် ဘားအံမြို့ အမှတ်(၄) ရပ်ကွက်အတွင်း သစ်ပင်ကြီးများ ပြိုကျခြင်းဖြစ်ပွားခဲ့၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ရသည့်အပြင် သံလွင်တံတား(ဘားအံ)အနီး တရုတ်လုဘက်အခြမ်း၌ မလေးရှားပိတောက်ပင်ကြီးမှာ အမြစ်မှ ကျွတ်ထွက်၍ ဘားအံ-သထုံကားလမ်းမပေါ်သို့ လဲကျခဲ့ရာ (မြဝတီ၊ ဘားအံ၊ ကြို့ပင်ကောက်)ခရီးသည်တင် မှန်လုံ ယာဉ်နောက်ပိုင်းပေါ်သို့ ကိုင်းဖျားများတင်၍ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးသက်လေပြင်းကြောင့် သစ်ပင်များ ပြိုကျခဲ့ခြင်းကို မီးသတ်၊ ရဲတပ်ဖွဲ့၊ တံတားလုံခြုံရေးအဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းရှင်းလင်းခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)

ဇီးကုန်းမြို့၌ အခွန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်

ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းများအား ဒုတိယအကြိမ် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မိုးက အခွန်ကောက်ခံရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကိစ္စရပ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က မြို့နယ်အတွင်းရှိ အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အခွန်ထမ်းများကိုယ်စား ဇီးကုန်းမြို့နယ်မှ အခွန်ထမ်းလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးလှသိန်း(ကျော်ဇော်ဟိန်း) ဆန်စက်နှင့် ပွဲရုံလုပ်ငန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

ရေစကြို၌ ကျောင်းများတွင် အမှိုက်ပုံးများချထားပေး

ရေစကြို ဇူလိုင် ၉

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စာသင်ကျောင်းများ၌ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အခြေခံပညာမူလတန်း၊ မူလွန်၊ အလယ်တန်း၊ အထက်တန်းနှင့် ဘကကျောင်းများတွင် အမှိုက်ပုံးများ ဝေငှပေးထားကြောင်း သိရသည်။

"မြို့ပေါ်ရပ်ကွက်တွေမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေကြောင့် မလိုလားအပ်တဲ့ မြို့သန့်ရှင်းမှုကို ထိခိုက်စေပါတယ်။ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုတွေ၊ ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ်တွေပေါ်များပြီး အဲဒီကတစ်ဆင့်ပြည်သူတွေရဲ့ ကျန်းမာရေးကို ခြိမ်းခြောက်လာနေပါတယ်၊ ဒါကြောင့် မြို့ပေါ်ရပ်ကွက်တွေ၊ ကျောင်းတွေမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေနဲ့ပတ်သက်လို့ ပညာပေးဟောပြောပွဲတွေ ဆောင်ရွက်နေသလို ကျောင်းနေအရွယ်ကလေးဘဝကစပြီး အမှိုက်ကို စနစ်တကျစွန့်ပစ်တဲ့ အလေ့အကျင့်ကောင်းတွေ ဖြစ်ထွန်းလာအောင် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ ကျောင်းသားအချိုးအစားအလိုက် အမှိုက်ပုံး ၁၀၀ ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတွေထံ လိုက်လံဝေငှပေးထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးမြင့်ဟန်က ပြောပြသည်။

ဖေထွဏ်းဇော်-ရေစကြို

ပုလောမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ အသေးစားဓာတ်အားပေးစနစ် စီမံကိန်းဆောင်ရွက်

ပုလော ဇူလိုင် ၉

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကုမ္ပဏီနှင့်ကျေးရွာပြည်သူတို့ပူးပေါင်း၍တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် စီမံကိန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းများကို မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆယ်မောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ဇွန်လပထမပတ်က စီမံကိန်းဆောင်ရွက်လျက်ရှိသောကျေးရွာများမှ VEC အဖွဲ့များနှင့် တွေ့ဆုံကာ ကုမ္ပဏီမှ PowerHouse ဆောင်ရွက်ထားရှိမှု၊ အိမ်တွင်းမီတာဘောက်များတပ်ဆင်နေမှုနှင့် ဓာတ်တိုင်များ ဆောင်ရွက်ထားရှိမှုတို့အား ကျေးရွာအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

အမျိုးသားလျှပ်စစ်မီးရရှိရေးစီမံကိန်း (NEP)မူဝါဒနှင့်အညီမဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကွာဝေးသည့်ကျေးရွာများ၌ (Solar Mini-Grid System) ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ကျေးရွာနေပြည်သူထည့်ဝင်မှု ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီ၊ လုပ်ငန်းရှင်ထည့်ဝင်မှု ၂၀ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းများကို ပုလောမြို့နယ်အတွင်းရှိ ကျောက်လုံးကြီးကျေးရွာအုပ်စုမှ ကံမော်ကြီးကျေးရွာ၌ ၆၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၁၆၀၊ လိပ်သောကျေးရွာအုပ်စုမှ လယ်ဖက်ကျေးရွာတွင် ၉၂ ဒသမ ၁ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့် အိမ်ခြေ ၂၅၂ လုံး၊ ခန္တီးကျေးရွာအုပ်စုမှ ကုလားမခေါင်းကျေးရွာ၌ ၄၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၁၀၂ လုံးနှင့် ခန္တီးကျေးရွာအုပ်စုမှ တောင်ခေါင်းလောင်ကျေးရွာ၌ ၄၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၉၀ တို့အား ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ဖြန့်ဝေပေးနိုင်သည့်စနစ်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက အိမ်ထောင်စုအမျိုးအစားအတွက် ဓာတ်အားသုံးစွဲခနှုန်းထားမှာ ၁ ယူနစ်လျှင် ငွေကျပ် ၃၅၀ နှုန်း ကုန်ထုတ်လုပ်မှုသုံးလျှပ်စစ်အတွက် ၁ ယူနစ်လျှင် ငွေကျပ် ၄၅၀ နှုန်းနှင့် အများပြည်သူသုံးလျှပ်စစ်အတွက် မီတာခ ၂၀ ယူနစ် အခမဲ့ဖြစ်ပြီး ပိုသုံးပါက တစ်ယူနစ်လျှင် ငွေကျပ် ၄၅၀ နှုန်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်၍ Techno- Hill Engineering Co..Ltd ကဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးမည်ဖြစ်ကြောင်းနှင့် အဆိုပါကုမ္ပဏီမှ ၁၅ နှစ်တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါ အသေးစားလျှပ်စစ်ဓာတ်အားစနစ်သည် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကျော်ဝေးကွာသောလျှပ်စစ်မရရှိသေးသည့်ဒေသ (ကျေးရွာ)တို့တွင် နေရောင်ခြည်ဆိုလာစွမ်းအင်သုံးပြီး ကျေးရွာအတွင်း လျှပ်စစ်လိုင်းကြိုးသွယ်တန်းကာ လျှပ်စစ်ဖြန့်ဝေသည့်စနစ်ဖြစ်ပြီး နောင် မဟာဓာတ်အားလိုင်း ရောက်ရှိချိန်တွင်လည်း အဆင်သင့်ချိတ်ဆက်အသုံးပြုနိုင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

မြင့်ဦး(မြိတ်)

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်းသုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	တွေ့ရှိချက်
၁။	Collagen GOLD Moistein-skin Day & Night Cream	ဖော်ပြမထားပါ။	Mercury (+)
၂။	Kim Whitening Pearl With Callagen Cream	ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)
၃။	S' ZITANG Purely Natural Plant Anti-speckle	ဖော်ပြမထားပါ။	Mercury (+)

၃။ တားမြစ်ဓါတုပစ္စည်း (မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

S'AITANG Purely Natural Plant Anti-speckle

Collagen GOLD Moistein-skin Day & Night Cream

Kim Whitening Pearl With Callagen Cream

မြို့တော်ကို သန့်စေချင်လို့

ရွှေခယ်အေး

"ကျွန်တော်နှင့် ရန်ကုန်မြို့လယ် နောက်ဖေးလမ်းကြား အမှိုက်များ" ခေါင်းစဉ်နဲ့ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်ရေးတဲ့ ဆောင်းပါးကိုဖတ်ပြီး ကျွန်မ အလွန်သဘောကျမိပါတယ်။ ဖြည့်စွက်ရေးချင်တဲ့ ဆန္ဒလည်း ဖြစ်လာပါတယ်။ လက်ရှိအမှိုက်သိမ်းစနစ်မှာ စည်ပင်ဝန်ထမ်းတွေနဲ့ မလုံလောက်ပါ။ ဆရာရေးသလို ရပ်ကွက်လူငယ်၊ စီးပွားရေးလုပ်ငန်းရှင်၊ အစိုးရ ပုဂ္ဂလိကနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှသာ ပိုပြီး ထိထိရောက်ရောက် အောင်မြင်မှာပါ။ လူဦးရေ၊ အမှိုက်နဲ့ စည်ပင်ဝန်ထမ်းအင်အားမှာ ဘယ်လိုမှ မလုံလောက် မမျှတပါ။ အခုလို စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်နေသမျှ အမှိုက်ထုပ်က ရှင်းမှာမဟုတ်ပါ။ စည်းကမ်းပါပေါင်းစပ်မှ ရှင်းမှာပါ။ အိမ်သားတိုင်း၊ အိမ်ထောင်စုတိုင်း စည်းကမ်းတကျ အမှိုက်စွန့်ဖို့လိုအပ်နေပါပြီ။ မိသားစုတွေ စည်းကမ်းရှိဖို့ မိဘတွေမှာ တာဝန်ရှိပါတယ်။ မိဘကစပြီး စည်းစနစ်တကျ အမှိုက်စွန့်မှ သားသမီးတွေ စည်းစနစ်နဲ့ လုပ်ဆောင်ကြမှာပါ။

စည်းကမ်းတကျအမှိုက်စွန့်ခြင်း

ကျွန်မတို့သင်ခဲ့ရတဲ့ ပြည်သူ့နီတိထဲက ကဏန်းသားအမိလို သားသမီးကို တည့်တည့်သွားစေချင်ရင် မိမိကလည်း ရှေ့ကနေ တည့်တည့်လျှောက်ပြရပါမယ်။ စည်းကမ်းတကျအမှိုက်စွန့်ခြင်းသည် အိမ်လည်း သန့်ရှင်း ရောဂါကင်းစင်ပြီး ကျန်းမာရေးအတွက် အထူးအထောက်အကူပြုကြောင်း သားသမီးတွေကို ရှင်းပြသွန်သင်ပေးရပါမယ်။ အခုလို မိသားတစ်စုကစလျှင် ဘေးအိမ်မိသားစုတွေ စည်းကမ်းတန်ဖိုးသိလာကြမှာပါ။ တစ်ယောက်ကစ တစ်ရာဖြစ်လာမှာ ကျိန်းသေပါတယ်။ အမှိုက်သိမ်းစနစ်ကို ဖြည့်စွက်တင်ပြလိုပါတယ်။ စင်ကာပူအမှိုက်စွန့်စနစ်က အထပ်မြင့်တိုက်တွေရဲ့ အထပ်တိုင်းမှာ အမှိုက်စွန့်အပေါက်ထားပေးတယ်။ အမှိုက်တွေက အပေါက်ထဲပစ်လိုက်ရင် အောက်က အမှိုက်ကန်ထဲ ရောက်သွားတယ်။ စည်ပင်က အမှိုက်တွေ လာကျုံးတယ်။ စည်ပင်ဝန်ထမ်းတွေက နှာခေါင်းစည်း၊ လက်အိတ်၊ ဖိနပ်အရှည်စီးထားတယ်။ ကားနဲ့သယ်ထုတ်လာတဲ့ အမှိုက်တွေက ကျွန်မတို့ အမှိုက်ပုံးက ထွက်တဲ့ အနံ့အတိုင်း။ အညစ်အကြေးအရည်တွေက ကားရပ်ထားတဲ့နေရာမှာ ရွှဲရွှဲစိုနေတဲ့ ကျွန်မတို့နဲ့ အမှိုက်သိမ်းပုံအတူတူပါ။ ဝန်ထမ်းတွေလည်း ဒီလိုအနံ့အသက်မကောင်း၊ ညစ်ပတ်ပေရေနေတာ ဘယ်လိုလုပ်ချင်ပါမလဲ။ ဝမ်းရေးအတွက်မို့သာ လုပ်နေရတာ ကိုယ်ချင်းစာမိပါတယ်။ သူတို့ဆီမှာ လမ်းတစ်လျှောက်လမ်းကြားပါမကျန် အမှိုက်ကင်းစင်နေတာ အလွန်အားရမိပါတယ်။ ကျွန်မတို့နိုင်ငံလည်း အခုလို သန့်ရှင်းလှပ အမှိုက်ကင်းစင်စေချင်ပါတယ်။

အိမ်တိုင်း အိမ်ရှေ့မှာ အမှိုက်ပုံးနှစ်ပုံးထားပေး

ကျွန်မ မြင်တွေ့ခဲ့ရတဲ့ UK နိုင်ငံ အမှိုက်သိမ်းစနစ်ကို ပြောပြပါရစေ။ အိမ်တိုင်း အိမ်ရှေ့မှာ အမှိုက်ပုံးနှစ်ပုံးထားပေးပါတယ်။ ၄×၂ ပေ ပလတ်စတစ်ပုံး ကျွန်မတို့ အမှိုက်ပုံးမျိုး ၂×၁ ပေခန့်ရှိတဲ့ ပုံးသေးတစ်လုံး၊ အိမ်တိုင်းမီးဖိုခန်းထဲမှာ အမှိုက်သိမ်းအချိန်ဇယားဆွဲထားတဲ့ စာစောင်ကပ်ထားပါတယ်။ မီးဖိုခန်းထဲမှာ ၂×၁ ပေခန့်ရှိ ပုံး၊ တစ်ပေခန့်ပုံးတစ်လုံး ရှိပါတယ်။

ခြံထဲမှာ ၄×၃ ပေခန့်ရှိ ပလတ်စတစ်အိတ် အစိမ်းရောင်ခြံထွက်သစ်ကိုင်းသေး၊ သစ်ရွက်သစ်ခက်ထည့်ရန်၊ ခရမ်းရောင်အိတ် ပုလင်းခွံကြီး သေး၊ သံဘူးခွံ၊ ဘီယာဘူးခွံ၊ သံပစ္စည်းများ ထည့်ရပါတယ်။

> **"အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း၊ စည်းကမ်းရှိမှ ရပ်ကွက်သန့်ရှင်းမှာဖြစ်ပြီး ရပ်ကွက်သန့်ရှင်းမှ မြို့နယ်တစ်နယ်လုံး သန့်ရှင်းမှာပါ။ အခုလို သန့်ရှင်းလာအောင် တာဝန်ရှိတဲ့သူတွေက စနစ်တကျစီမံခန့်ခွဲဖို့လို"**

မီးဖိုခန်းထဲက ၂×၁ ပေပုံးထဲ အိတ်အမည်းစွပ်ထားရပါတယ်။ ယင်းပုံးထဲသို့ ဘုရားမှ စွန့်ပန်း၊ အာလူးခွံ၊ ကြက်သွန်ခွံ၊ ငှက်ပျောခွံ၊ လိမ္မော်ခွံ စွန့်ပစ်မယ့် အသီးအရွက်အစုံ၊ ပလတ်စတစ်မျိုးစုံ၊ စက္ကူ၊ စက္ကူဘူးခွံ၊ ကတ်စက္ကူဘူးကြီးလျှင် ဆုတ်ဖြဲညှပ်ပြီး ထည့်ရပါတယ်။ အရည်မထည့်ရပါ။

တစ်ပေခန့်ရှိပုံးလေး အိတ်အမည်းစွပ်ပြီး စားကြွင်းစားကျန် ထမင်း၊ ဟင်း၊ ငါးရိုး၊ ပုစွန်ခွံ စွန့်ပစ်မယ့် အသားမျိုးစုံ ထည့်ရပါတယ်။ အရည်မထည့်ရပါ။ အချိန်ဇယားမှာ ရေးထားတဲ့အတိုင်း အမှိုက်သိမ်းကား လာပါတယ်။ ကိုယ်စွန့်မယ့် အမှိုက်အိတ်ထိပ်မှ စည်းပြီး အိမ်ရှေ့ရှိ အမှိုက်ပုံးထဲထည့်ကာ အိမ်ရှေ့လမ်းဘေးမှာ ချထားရပါတယ်။ စည်ပင်ကားလာတဲ့အခါ လုပ်သား ၄/၅ ယောက်ပါလာတယ်။ လမ်းထဲမှာ ၂/၃ နေရာ စုရပ်ထားပြီး သိမ်းပါတယ်။ အမှိုက်ပုံးသိမ်းတဲ့သူက သိမ်း၊ ကားထဲကို အမှိုက်သွန်တဲ့လူက အမှိုက်ပုံးကို ကားမှာချိတ်၊ ကားကစက်နဲ့မပြီး ကားထဲကို အမှိုက်သွန်ချ ပြီးတဲ့ပုံးတွေကို သူ့နေရာ ပြန်ထားပေးပါတယ်။ သူတို့မှာ နှာခေါင်းစည်းမပါ၊ လက်အိတ်မပါ၊ ဖိနပ်အရှည်မစီး၊ စည်ပင်လုပ်သားနှင့်မတူ ရုံးဝန်ထမ်းနှင့်သဏ္ဍာန်တူနေပါတယ်။ အမှိုက်ကားကလည်း ကျွန်မတို့ဆီက နောက်ဆုံးပေါ်ကားနဲ့ ပုံတူပြီး သန့်ရှင်းတောက်ပြောင်နေပါတယ်။

အိမ်ရှေ့ပုံးသေးထဲ စားကြွင်းစားကျန် အိတ်အမည်းထဲ ထည့်ထုပ်ပြီး ရှေ့မှာ ချထားရပါတယ်။ အမှိုက်သိမ်းသူတွေက အမျိုးသမီးတွေပါ။ ကျွန်မတို့ဆီက အမှိုက်သိမ်းလက်တွန်းလှည်းပုံမျိုးပါ၊ လှည်းအိမ်ထဲ ပလတ်စတစ်အိတ်စွပ်ပြီး အမှိုက်အိတ်တွေ ထည့်ရပါတယ်။ သူတို့မှာ လက်ကိုင်ဖုန်းခါးချိတ်၊ တချို့က စီးကရက်လက်ကြားညှပ်ပြီး လှည်းတွန်းကြပါတယ်။ အမှိုက်သိမ်းနဲ့မတူ၊ လှည်းနဲ့ ပစ္စည်းလည်ရောင်းနေတယ်လို့ ထင်ရပါတယ်။

စနစ်ကောင်းလို့ စည်းကမ်းရှိကြ

သူတို့နိုင်ငံက လုံးချင်းများတယ်။ အမှိုက်ပုံးထားထားနိုင်တယ်။ ကျွန်မတို့က အထပ်မြင့်များတော့ လှေကားပေါက်တိုင်းမှာ အမှိုက်ပုံးထားပြီး အမှိုက်သိမ်းတဲ့နေ့မှ အမှိုက်ပုံးထဲထည့်ပါတယ်။ ကြိုပြီးထားထားရင် အောက်ထပ်နေသူတွေ အခက်တွေ့မှာ။ စည်းကမ်းစနစ် စာနာမှုထားရှိမှ အားလုံးအဆင်ပြေမှာပါ။

အသုံးမဝင်တဲ့ အိမ်သုံးပစ္စည်း၊ စားပွဲကုလားထိုင်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ အိုးခွက်တွေ စွန့်ဖို့နေရာတွေလည်း သတ်မှတ်ပေးထားပါတယ်။ ကိုယ်တိုင်စွန့်ပစ်လိုက စွန့်ပစ်လို့ရပါတယ်။ အငှားစွန့်ပစ်ပေးမယ့် ယာဉ်တွေလည်း ရှိပါတယ်။ ကျွန်မတို့လို နောက်ဖေးလမ်းကြားမှာ စွန့်ပစ်ရန် မလိုပါ။ စနစ်ကောင်းလို့ စည်းကမ်းရှိကြတယ် ထင်ပါတယ်။ အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း၊ စည်းကမ်းရှိမှ ရပ်ကွက်သန့်ရှင်းမှာဖြစ်ပြီး ရပ်ကွက်သန့်ရှင်းမှ မြို့နယ်တစ်နယ်လုံး သန့်ရှင်းမှာပါ။ အခုလို သန့်ရှင်းလာအောင် တာဝန်ရှိတဲ့သူတွေက စနစ်တကျစီမံခန့်ခွဲဖို့ လိုပါတယ်။

လူငယ်ပရဟိတအဖွဲ့တွေ၊ ပြည်သူ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစိုးရ ပူးပေါင်းပါဝင် သန့်ရှင်းရေးလုပ်ကြရင် ပန်းခင်းသောလမ်းပေါ် မကြာမီလျှောက်လှမ်းကြရမယ်လို့ ကျွန်မယုံကြည်မိပါတယ်။ ။

သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ ECG စက် လှူဒါန်း

သုံးခွ ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းသည် ဇူလိုင် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ECG စက်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ ဦးနေဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဝင်းသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကလေးငယ်များအား သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဆရာ ဆရာမများအနေဖြင့် အထူးဂရုပြုဆောင်ရွက်ပေးစေလိုကြောင်း၊ သူနာပြု ဆရာ ဆရာမများကလည်း ကိုယ်နိုင်သရွေ့ကို ကုသပေးလျှင် နေကောင်းလာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ECG စက်ကို လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဝင်းသန်းက လက်ခံယူခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးဝန်ထမ်းများနှင့် တွေ့ဆုံရာ မိမိနိုင်ငံတွင် ကျေးရွာမှ မြို့နယ်၊ မြို့နယ်မှခရိုင်၊ခရိုင်မှတိုင်းဒေသကြီး အဆင့် ဆင့်လုပ်ငန်းများ ဆောင်ရွက်သွားပါက မိမိတို့တိုင်းပြည် တိုးတက်လာမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတာဝန်ယူနေသည့် အချိန်ကာလအတွင်း အကောင်းဆုံးဖြစ်စေရန် ကြိုးစားပေးစေလိုကြောင်း၊ နိုင်ငံသားဖြစ်လျှင် နိုင်ငံသားကတ်ပြား ရှိရမည်ဖြစ်သည့်အတွက် လဝကမှ ကူညီပေးစေလိုကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း သွေးလွန်တုပ်ကွေး ရောဂါမဖြစ်ပွားနိုင်စေရန်အတွက် ကျောင်းများ၊ ရပ်ကွက်များအတွင်း ချုံနွယ်များ ရှင်းလင်းပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌသည် မှော်ဝင်းမာလာပန်းခြံသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၇-၂၀၁၈

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၈၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၄၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၈၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၀၀/၉၁၅ ကျပ်	၉၄၅/၉၇၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၁၅/၉၃၀ ကျပ်	၉၅၅/၉၇၀ ကျပ်
အောက်တိန်း ၉၂	၈၆၅/၈၉၀ ကျပ်	၉၃၅/၉၆၀ ကျပ်
အောက်တိန်း ၉၅	၉၁၅/၉၄၀ ကျပ်	၉၈၅/၁၀၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၃၉၈ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၆၄၃ · ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၂၉ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၅၇ · ၉
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၂၆၅ · ၄
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၄၁ · ၀
တရုတ်	တစ်ယွမ်	ကျပ် ၂၁၀ · ၄၃
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၀ · ၃၁၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၅ · ၄၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၄၆ · ၂၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၂ · ၂၁၀

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး(တာဝန်)	-	ဝင်းကျော်
စာတည်းမှူး	-	မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

ရတနာပုံခေတ် အမွေအနှစ် ရွှေကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မန္တလေး ညှော်လမ်းညွှန်များအသင်း နာယက ဦးရဲမြတ်ထွန်း၏ ဖိတ်ကြားချက်အရ မန္တလေးမြို့သို့သွားရောက်၍ မန္တလေးမြို့မှ ညှော်လမ်းညွှန်များနှင့် ရှေးဟောင်းသုတေသနပညာ ကျောင်းသူများအား ကုန်းဘောင်ခေတ် မြန်မာဘုန်းတော်ကြီးကျောင်း၊ သစ်သား အဆောက်အအုံများ တည်ဆောက်ခဲ့ပုံစနစ်များကို ကျွန်တော် သွားရောက်ဟောပြောခဲ့ပါသည်။ ဟောပြောပွဲ အပြီးတွင် ရတနာပုံခေတ်လက်ရာ အမွေအနှစ်တစ်ရပ်ဖြစ်သည့် ရွှေကျောင်းသို့ညှော်လမ်းညွှန်များ၊ ရှေးဟောင်းသုတေသန ကျောင်းသူများနှင့်အတူ သွားရောက်၍ မိမိဟောပြောချက်များကို လက်တွေ့ရှင်းလင်းပြောကြားခဲ့ပါသည်။

သစ်ဝါးများ ပေါများသည့် မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကပင် အဆောက်အအုံများကို သစ်ဝါးများဖြင့် တည်ဆောက်ခဲ့ကြရာ ကာလရှည်ကြာလာချိန်တွင် သစ်သား အဆောက်အအုံများသည် ရာသီဥတုဒဏ်၊ အင်းဆက်ပိုးမွှားများဒဏ်၊ မီးဘေးဒဏ်၊ စစ်ဘေးဒဏ် စသည့် ထိခိုက်မှုအမျိုးမျိုးကြောင့် ပျက်စီးခဲ့ကြရပေသည်။ သို့တိုင်အောင် သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်း သစ်သားအဆောက်အအုံများကို မြန်မာနိုင်ငံအတွင်း မြို့ရွာအချို့တွင် ယနေ့တိုင် တွေ့မြင်နိုင်ကြသည်။ ယင်းတို့အနက် ကုန်းဘောင်ခေတ်နှောင်းပိုင်း လက်ရာ သစ်သားအဆောက်အအုံ ဘုန်းကြီးကျောင်းများကို မန္တလေးမြို့အပါအဝင် နေရာဒေသအချို့တွင် ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသအချို့တွင် ကျွန်းတိုင်လုံးပေါင်း ၁၀၀ ဝန်းကျင်ဖြင့် တည်ဆောက်ခဲ့သည့် တိုင်တစ်ရာ သစ်သားကျောင်းများသည်လည်း ယနေ့တိုင်ကျန်ရှိနေဆဲဖြစ်သည်။ သစ်သားအဆောက်အအုံ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဝင်လာ ဇာတ်လမ်း၊ ဇာတ်ကွက်များကို သရုပ်ဖော်ထားသည့် ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားသည့် ကျောင်းများကို ရုပ်စုံကျောင်းဟုခေါ်ကြရာ စလေ ရုပ်စုံကျောင်း၊ စစ်ကိုင်းရုပ်စုံကျောင်း စသည်ဖြင့် ထင်ရှားခဲ့ကြသည်။

ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်းများ

ကုန်းဘောင်ခေတ်အတွင်း တည်ဆောက်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် သစ်သားဘုန်းကြီးကျောင်းများကို မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း စသည့် မြို့နယ်များတွင် အများဆုံးတွေ့ရှိနိုင်သည်။ မန္တလေးမြို့ရှိ ရှေးဟောင်းသစ်သား ဘုန်းတော်ကြီးကျောင်းများအနက် ရွှေကျောင်းတော်ကြီး၊ ရွှေအင်ပင်ကျောင်း၊ ဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်၊ သင်္ဂဇာကျောင်း၊ ကင်းဝန်မင်းကြီးကျောင်းဟု ထင်ရှားသည့် သာကဝန်ကျောင်း၊ မြတောင်ကျောင်း၊ မင်းထင်ကျောင်းတို့သည် အထူးထင်ရှားကြသည်။

ကုန်းဘောင်ခေတ်တစ်လျှောက် အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီးမင်း၊ မြေဒူးမင်း၊ ဗဒုံမင်း၊ ဘကြီးတော် စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားသည်။

မင်းတုန်းနှင့်သီပေါ မင်းနှစ်ပါးသာ နန်းစံခဲ့သည့် ရတနာပုံခေတ် တစ်ခုတည်းမှာပင် မန္တလေးမြို့၌ ဆောက်လုပ်ခဲ့သော ဘုန်းကြီးကျောင်း ၅၅ ကျောင်းရှိခဲ့သည်။ မင်းတုန်းမင်းသည် မန္တလေးမြို့၏ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်နှင့်မြောက်ပြင်တို့တွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သော်လည်း နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည့် ယခုအချိန်တွင် ကျောင်းတိုက်အနည်းငယ်သာ ကျန်ရှိတော့သည့်အနက် ရွှေနန်းတော်ကျောင်းနှင့် ရွှေအင်ပင်ကျောင်းတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

မြန်မာဘုန်းကြီးကျောင်းများ တည်ဆောက်ပုံစနစ်

ရှေးအခါက မြန်မာဗိသုကာများသည် သစ်သားဘုန်းတော်ကြီးကျောင်းများကို ပြာသာဒ်ဆောင်၊စနုဆောင်၊ ဆောင်မကြီး (အရှေ့ မာရာဘင်ဆောင်နှင့် အနောက် မာရာဘင်ဆောင်)၊ ဘောဂဆောင်တို့ဖြင့် တစ်ဆက်တစ်စပ်တည်း ဖွဲ့စည်းတည်ဆောက်လေ့ရှိခဲ့ကြသည်။

ကျောင်းအဆောက်အအုံ၏ ထိပ်ဆုံးတွင် ပြာသာဒ်ကို ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့်တင်လေ့ရှိသည့်အနက် ပြာသာဒ်ခုနစ်ဆင့်ကို အများဆုံးမြင်တွေ့ကြရသည်။ ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လှေကားတစ်စင်းစီ တပ်ဆင်ထားပြီး ပြာသာဒ်ဆောင်လှေကားမှ မင်းနှင့် ဆရာတော်များသာ အတက်အဆင်းပြုကြရသည်။ ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော် ထားရှိသည်။

ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို ဆက်ထားသည့် အဆောင်သည် ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးနေထိုင်၍ အာဂန္တုညှော်သည် ရဟန်းသံဃာများကို ညှော်ခံတွေ့ဆုံသည့် စနုဆောင်ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောင်ဖြစ်သည့် ဆောင်မကြီးပေါ်တွင် နှစ်ထပ်လည်ပေါ်တင်ထားလျှင် ထားဝယ်ဆောင်၊ သုံးထပ်သို့မဟုတ် လေးထပ် လည်ပေါ်တင်ထားလျှင် ဇေတဝန်ဆောင်ဟု ခေါ်ဆိုကာ ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ် တည်ဆောက်လေ့မရှိချေ။ ဆောင်မကြီး၏အပြင်ဘက်ပတ်လည်ရှိ စမြင်ကို မြန်မာအဘိဓာန်က အဆောင်မကြီးဘေးပတ်လည်တွင် ထုတ်ထားသော အမိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် နှစ်ထပ် စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများလည်း ရှိခဲ့သည်။

ဆောင်မကြီးကို အရှေ့အနောက်ပိုင်းခြားလျက် အရှေ့မာရာဘင်ဆောင်၊ အနောက်မာရာဘင်ဆောင်ဟု ခေါ်ဆိုသည်။ မာရာဘင်သည် ခန်းဆောင်၏ ကြမ်းပြင်မှ အမိုးအထိ ပိတ်ထားသော သစ်သားနံရံဖြစ်ကာ ဆောင်မကြီး၏ အလယ်ဗဟိုရှိ တိုင်များ၏ အရှေ့ဘက်တွင် ကြမ်းခင်းမှ မျက်နှာကြက်အထိ ကာဆီးထားသည်။ အရှေ့မာရာဘင်ဆောင်နှင့် အနောက်မာရာဘင်ဆောင်ကို ဆက်သွယ်သွားလာရန် မာရာဘင်၏ ဝဲယာတစ်ဖက်တွင် အပေါက်တစ်ပေါက်စီ ဖောက်ထားသည်။

မာရာဘင်ဆောင်များတွင် နေ့ဘက်၌ လူပရိသတ်များကို ညှော်ခံပြီး ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်ကြသည်။ အချို့ဘုန်းကြီးကျောင်းများ၌ အရှေ့မာရာဘင်တွင် ဥပုသ်စောင့်သူ၊ တရားနာသူများ နားခိုကြကာ အနောက်မာရာဘင်တွင် သက်ကြီးဝါကြီး ဆရာတော်များ သီတင်းသုံးကြသည်။

> **မန္တလေးမြို့ရှိ ရှေးဟောင်းသစ်သား ဘုန်းတော်ကြီးကျောင်းများအနက် ရွှေကျောင်းတော်ကြီး၊ ရွှေအင်ပင်ကျောင်း၊ ဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်၊ သင်္ဂဇာကျောင်း၊ ကင်းဝန်မင်းကြီးကျောင်းဟု ထင်ရှားသည့် သာကဝန်ကျောင်း၊ မြတောင်ကျောင်း၊ မင်းထင်ကျောင်းတို့သည် အထူးထင်ရှား**

အရှေ့မာရာဘင်ဆောင်တွင် တံကဲပါရှိသည့် ဘုရားပလ္လင်ကို ထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကိုထားရှိသည်။ ဆောင်မကြီး၏ မျက်နှာစာတွင် ရဟန်းသံဃာနှင့် အမျိုးသားများ တက်ဆင်းရန် လှေကားတစ်စင်းနှင့် အနောက်ဘက်တွင် အမျိုးသမီးများ တက်ဆင်းရန် လှေကားတစ်စင်း တပ်ဆင်သည်။

ဘောဂဆောင်သည် ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံး အဆောင်ဖြစ်ကာ ဆောင်မကြီးကြမ်းခင်းအောက်သို့နိမ့်ထားလေ့ရှိသည်။ ဘောဂဆောင်ကို အခန်းသုံးခန်းဖွဲ့ပြီး ဘေးဘက်တစ်ခန်းတွင်ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များနေကြသည်။

ယင်းအဆောင် လေးဆောင်အပြင် ကျောင်းသို့ထပ်တိုးရောက်ရှိလာသည့် သံဃာများနေထိုင်ရန်အတွက် ဆောင်မကြီး ရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့်ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့် စနုဆောင်ကြား၌ဖြစ်စေ ခုံးဆောင်ဟုခေါ်သည့် အဆောင်တစ်ခုကို သင့်လျော်သကဲ့သို့ ဆောက်လုပ်ကြသည်။ သို့သော်ခုံးဆောင်သည် မြေစိုက်အဆောင်မဟုတ်သဖြင့် ဘုန်းတော်ကြီးကျောင်း အဆောင်အရေအတွက်တွင် ထည့်သွင်းရေတွက်ခြင်းမပြုချေ။

ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းအချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်အကြား၌ ဘောဂ စနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ယင်းပုံစံကို ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းတွင် ခုံးဆောင်အဖြစ် မြင်တွေ့နိုင်ကြပေသည်။

ရှေးဟောင်းဘုန်းတော်ကြီးကျောင်းအများစုကို မြန်မာ့ဗိသုကာဟန်စစ်စစ်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း အနောက်တိုင်းဟန်ရောနှော တည်ဆောက်ထားသည့် ကျောင်းများလည်း အနည်းငယ်ရှိခဲ့သည်။

သမိုင်းထဲမှ မန္တလေး ရွှေကျောင်း

မန္တလေးမြို့ရှိ ရွှေကျောင်းခေါ် ရွှေနန်းတော်ကျောင်းသည် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် (၆၂)လမ်းနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊အနောက်ဘက်တွင် အတုမရှိကျောင်းနှင့်မြောက်ဘက်တွင် ကုသိုလ်တော်ဘုရားရှိသည်။ မန္တလေးအရှေ့ပြင် ကုသိုလ်တော် လောကမာရဇိန်ဘုရားအနီး မဟာအတုလဝေယံကျောင်းတော်၏ အရှေ့ထိပ်တွင် ဆောက်လုပ်ထားသည့် ရွှေကျောင်းကြီးအား အဝေးမှကြည့်လျှင် မှိုင်းညို့နေပေသည်။

ရွှေကျောင်းကြီးသည် စစ်ဒဏ်မခံခဲ့ရသည့် တစ်ခုတည်းသော နန်းတွင်းရှေးဟောင်း သစ်သားအဆောက်အအုံဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များက မန္တလေးနန်းတော်ဝင်းကို ဗုံးများကြဲခဲ့ရာ နန်းတွင်းရှိ အဆောက်အအုံများ မီးလောင် ပျက်စီးခဲ့ချိန်တွင် နန်းမြို့အပြင်သို့ပြောင်းရွှေ့ထားခဲ့သည့် ရွှေကျောင်းသည် မီးမလောင်ဘဲကျန်ရှိခဲ့သည်။

ရွှေကျောင်းသည် မူလက ဘုန်းတော်ကြီးကျောင်းမဟုတ်ဘဲ နန်းတွင်းအဆောက်အအုံတစ်ခုဖြစ်ခဲ့သည်။ မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သားတော်သီပေါမင်းက နန်းမြို့အပြင်သို့ ပြောင်းရွှေ့ကာ ပြန်လည်ဆောက်လုပ်ပြီး ရဟန်းတော်များ သီတင်းသုံးရန် လှူဒါန်းခဲ့သဖြင့် နန်းတော်ဟောင်းမှ ဘုန်းတော်ကြီးကျောင်းဖြစ်လာခဲ့သည်။ မူလတည်ဆောက်စဉ်က ကျောင်းကြီး၏ အတွင်း အပြင်ကို ရွှေပိန်းများချထားသဖြင့် ရွှေကျောင်းကြီးဟု ထင်ရှားခဲ့သည်။ယခုအခါတွင် ရွှေများကွာကျခဲ့သည့် ကျောင်းကြီးကို ရေနံစိမ်းများသုတ်ထားသဖြင့် ရွှေရောင်များကို မမြင်တွေ့ရတော့ချေ။

ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဘုရင် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈)သည် နန်းမြို့အတွင်း မှန်နန်းဆောင်၏ မြောက်ဘက်တွင် ရွှေနန်းတော်ကို တည်ဆောက်ကာ နတ်ရွာမစံမီအထိ စံမြန်းခဲ့သည်။ ပြန်လည်တည်ဆောက်ထားသော မန္တလေးနန်းတွင်း အဆောက်အအုံများအနက် လက်ဖက်ရည်ဆောင်၏ အနောက်ဘက်ရှိ မြေကွက်လပ်သည် မူလက ရွှေနန်းတော်ဆောင်တည်ရှိခဲ့သောနေရာဖြစ်သည်။

၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မင်းတုန်းမင်း နတ်ရွာစံခဲ့ပြီးနောက် သားတော်သီပေါမင်းက ခမည်းတော် စံမြန်းခဲ့သည့် ရွှေနန်းတော်အဆောက်အအုံကို နန်းမြို့အပြင်ဘက်၊ မန္တလေးတောင်ခြေရှိ မဟာအတုလဝိဇယရာမ၊ မဟာအတုမရှိ ကျောင်းအနီးသို့ မူလပုံစံမပျက် ပြောင်းရွှေ့ခဲ့သည်။ စတင်ရွှေ့ပြောင်းခဲ့ချိန်မှပြန်လည်ဆောက်လုပ်ပြီးစီးချိန်အထိ ငါးနှစ် ကြာမြင့်ခဲ့ကာ ထိုစဉ်က ငွေကျပ် ၁၂၀၀၀၀ ကုန်ကျခဲ့သည်။ သီပေါမင်းသည် ယင်းအဆောက်အအုံကို ၁၈၈၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် သံဃာတော်များအား ရေစက်ချလှူဒါန်းခဲ့ရာ ပခန်းကြီး သာသနာပိုင် နန္ဒဘိဓဇပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဦးနန္ဒက ရွှေကျောင်းကြီးကို ဆက်ခံကာ ပထမဆုံးသီတင်းသုံးခဲ့သည်။

ရွှေကျောင်း တည်ဆောက်ခဲ့ပုံ စနစ်

ရွှေကျောင်းသည် အလျား ၁၁၆ ပေ၊အနံ ၇၁ ပေနှင့် မြေပြင်မှကြမ်းခင်းသို့ အမြင့် ၁၀ ပေရှိ၍ အမိုးသုံးဆင့်၊ လည်ပေါ် နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ရွှေကျောင်းတော်တွင် သရက်ကင်းလှေကားငါးစင်းရှိပြီး အရှေ့ဘက်ထိပ်တွင် တစ်ခု၊ တောင်ဘက်နှင့်မြောက်ဘက်တွင် နှစ်ခုစီရှိသည့်အနက် အရှေ့ဘက်လှေကားသည် မူလလက်ရာဖြစ်သည်ဟုဆိုပါသည်။

ရွှေကျောင်းတည်ဆောက်ထားပုံတွင် အရှေ့အနောက်တန်းနေသည့် တိုင် ၁၅ လုံးတန်း ၁၀ ခု ပါရှိသဖြင့် တိုင် အရေအတွက် ၁၅၀ ရှိသည်။ ကျောင်းတော်ကြီး၏ အပြင်ပတ်လည်ရှိ လုံးပတ်သုံးပေ ခုနစ်လက်မရှိသော ကျွန်းတိုင် ၃၆ လုံးပေါ်၌ ငါးပေ လေးလက်မမြင့်သော နယားတစ်ကောင်စီ တပ်ဆင်ထားပြီး ထောင့်လေးထောင့်ရှိ တိုင်လေးတိုင်တွင် တစ်တိုင်လျှင် နယား သုံးကောင်စီ တပ်ဆင်ထားသည်။

တိုင်များ၏အောက်ခြေတွင် တိုင်များ မဆွေးမြည့်စေရန် စကျင်ကျောက်ကို အောက်ခံခုံလုံးပြုလုပ်ထားပြီး အပြင်စကြံပတ်လမ်းတစ်လျှောက်ရှိ တိုင်များအား မိုးဒဏ်ရေဒဏ်မှ ကာကွယ်နိုင်ရန် ခေါင်းလောင်းပုံစကျင်ကျောက်များဖြင့် အုပ်ထားသည်။ ကျောင်းကြီးကို ရတနာပုံခေတ်လက်မှုပညာ သစ်သားအပြောက်အမွမ်း၊ ပန်းများစွာဖြင့်တန်ဆာဆင် တည်ဆောက်ခဲ့သည်။

ကျောင်းဆောင်ပတ်လည် ကြမ်းခင်းကိုနှစ်လက်မထူသည့် ကျွန်းပြားကြီးများခင်းထားပြီး တံခါးပေါက်များတွင် သံကို အသုံးမပြုဘဲ သစ်သားစရွေးစွပ်တံခါးများ တပ်ဆင်ကာ နတ်ရုပ်၊ သိကြားရုပ်စသော ပန်းပုလက်ရာများကို ထုလုပ်ထားသည်။ ကျောင်းတော်ကြီး၏ နံရံ အတွင်းအပြင်ပတ်လည်ကို ပန်းများ၊ ရုပ်လုံးရုပ်ကြွများ၊ နတ်ရုပ်၊ ဇော်ဂျီ၊ ဝန်ကြီး၊ မင်းသား၊ ဘီလူး၊ သူငယ်တော်၊ လူပျို၊ ဒေါင်းရုပ်စသည့် ပန်းပုလက်ရာများဖြင့် အလှဆင်ခဲ့သည်။ ပန်းပုရုပ်များသည် အလွန်လက်ရာမြောက်ကာ ပြုံးနေပုံ၊ မဲ့နေပုံ၊ ပျော်နေပုံစသည်ဖြင့် စိတ်ခံစားချက်များကို ဖော်ညွှန်းနေပေသည်။

ရွှေကျောင်းကြီး၏ အရှေ့ဘက်မာရာဘင်ကို မြန်မာမှုလက်ရာစစ်စစ် တည်ဆောက်ခဲ့သော်လည်း အနောက်မာရာဘင်တွင် အနောက်တိုင်းဟန်အချို့ကို တွေ့မြင်ရသည်။ အနောက်မာရာဘင်အတွင်းခန်းကို ကာရံထားသည့် လက်ရန်းတိုင် အနိမ့်များကို သံများဖြင့်ပြုလုပ်ထားသည်ကို မြင်ကြရသကဲ့သို့ အနောက်မာရာဘင်တွင် ထားရှိသည့် စာတိုက်ဗီရိုများတွင် အနောက်တိုင်း လက်ရာဟန် အရုပ်များကို မြင်တွေ့ကြရပေသည်။

အရှေ့ဘက်သို့ မျက်နှာမူထားသည့် ထိုင်တော်မူရုပ်ပွားတော်အနောက်ဘက်ရှိ မာရာဘင်ခန်းဆီးနံရံတစ်လျှောက်နှင့် ပလ္လင်တော်ပတ်လည်ရှိ ကွန်းစင်တိုင်များတွင် ဗုဒ္ဓဘုရားရှင်၏ ဖြစ်တော်စဉ် ဇာတ်ကြီး ၁၀ ဘွဲ့ဖြစ်သည့် တေမိဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ ဘူရိဒတ်ဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေသန္တရာဇာတ်တော်တို့နှင့် ဥတေနဇာတ်၊ စူဠပဒုမဇာတ်တို့မှ ဇာတ်ကွက်အချို့နှင့် တောထွက်ခန်းတို့ကို ပန်းနွယ်၊ ပန်းခက်များဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်။

ရွှေနန်းတော်ကျောင်းအတွင်းပိုင်းကို ရွှေပိန်းချတိုင်များ၊ မျက်နှာကြက်ပန်းများ၊ လင်းနို့တောင်အမွမ်းပန်းများဖြင့် တန်ဆာဆင်ထားကာ အပြင်နံရံနှင့် စကြံပတ်လမ်းတွင် ဥဒေါင်း၊ ယုန်၊ ဟင်္သာ၊ ကျေး၊ ခြင်္သေ့၊ ဆင်၊ သိကြား၊ ဗြဟ္မာ၊ ဇော်ဂျီ၊ လူပျို်တော်၊ လောကနတ်၊ ဘီလူး၊ နဂါး၊ နယား၊ ဂဠုန်၊ ကိန္နရီ၊ ကိန္နရာစသည်တို့ကို ကနုတ်ပန်းများဖြင့် အနုစိတ်ထွင်းထုထားသည်။ ကြာရိုးကြာနွယ်များရံထားသည့် လောကပါလနတ်မင်းကြီး လေးပါးနှင့် နတ်ရုပ်များကိုလည်း တွေ့ရှိနိုင်ပေသည်။ ရွှေနန်းတော်ကျောင်းသည် မူလတည်ဆောက်ခဲ့စဉ်က ဘုန်းတော်ကြီးကျောင်း မဟုတ်သဖြင့် ပြာသာဒ်ဆောင်နှင့် ဘောဂ ဆောင်မပါရှိဘဲ နန်းဆောင်နှင့် စနုဆောင်တို့ကိုသာ ဆောက်လုပ်ခဲ့သည်။ စနုဆောင်ကို ကျွန်းတိုင် ၂၄ တိုင်ဖြင့် အမိုးသုံးထပ်ဆောက်လုပ်ထားကာ မှန်ကင်း၊ စုလစ်၊ စိန်တောင်များဖြင့် တန်ဆာဆင်ခဲ့သည်။

ရွှေကျောင်းကို မွမ်းမံထားသည့် ပန်းပုရုပ်များသည် အရှေ့ဘက်နံရံတွင် ၁၄၂ ရုပ်၊အနောက်ဘက်နံရံတွင် ၁၄၈ ရုပ်၊ တောင်ဘက်နံရံတွင် ၂၅၃ ရုပ်နှင့် မြောက်ဘက်နံရံတွင် ၂၄၇ ရုပ်ရှိသည်။ထို့အပြင် မာရာဘင်ပေါ်တွင် ၁၆၆ ရုပ်၊ လည်ပေါ်တွင် ကဒေါင်းရုပ် ၄၇၃ ရုပ်၊ အတွင်းမျက်နှာကြက်၌ ၁၈၄ ရုပ်၊ ခါးပန်းတွင် ၁၂၉ ရုပ်နှင့် သရက်ကင်းလှေကား နှစ်ဖက်ပိတ်တံခါးတွင် ခုနစ်ရုပ်ရှိသဖြင့် ရွှေကျောင်းတစ်ခုလုံးတွင် ပန်းပုရုပ် ၁၇၄၉ ရုပ် ရှိသည်။

သက်တမ်းကြာရှည်လာပြီဖြစ်သည့် ရွှေကျောင်းကြီးအား ရေရှည်တည်တံ့စေရန် အမေရိကန်အစိုးရ သံအမတ်ကြီးများ၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပေသည်။

၁၈၇၈ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် နန်းတက်ခဲ့သည့် ကုန်းဘောင်ဆက်၏ နောက်ဆုံးဘုရင်သီပေါမင်းသည် ခမည်းတော် မင်းတုန်းမင်း၏ ရွှေနန်းတော်ကို လက်ရှိတည်ရှိနေသည့် နေရာသို့ပြောင်းရွှေ့တည်ဆောက်ပြီး ၁၈၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ရေစက်သွန်းချလှူဒါန်းခဲ့သဖြင့် ရွှေနန်းတော်ကျောင်းကြီး၏ သက်တမ်းသည် ၁၃၅ နှစ် ပြည့်မြောက်တော့မည် ဖြစ်ပေသည်။

ရတနာပုံခေတ်၏ အမွေအနှစ် တစ်ခုဖြစ်သော မြန်မာမှုလက်ရာ ရွှေကျောင်းတော်ကြီးသို့ ပြည်တွင်းပြည်ပ ခရီးသည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေကြသည်။ ရွှေကျောင်းသည် ရိုးရာယဉ်ကျေးမှုအနုလက်ရာများ တစ်စုတစ်စည်းတည်း တည်ရှိနေသည့် သစ်သားကျောင်းတော်ကြီး တစ်ခုဖြစ်သည့်အားလျော်စွာ ကျောင်းတော်ကြီး သက်တမ်းရှည်ကြာစွာရပ်တည်နေစေရန် ပြည်သူအားလုံးက မြန်မာ့အမွေအနှစ်များအပေါ် မြတ်နိုးတန်ဖိုးထားလျက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။ ။

သတင်းတိုများ

သာစည်မြို့နယ် သက္ကယ်ဒိတ်ကျေးရွာအုပ်စုမှ ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း သွားလာရေးခက်ခဲသော တောင်ပေါ်ဒေသဖြစ်သည့် သက္ကယ်ဒိတ်ကျေးရွာအုပ်စုမှ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်ပွဲများကို ဇူလိုင်ပထမပတ်က အဆိုပါကျောင်းများ၌ ကျင်းပခဲ့သည်။ ဖိုးသာနိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် ဇူလိုင် ၆ ရက်ကလည်းကောင်း၊ သက္ကယ်ဒိတ်ကျေးရွာ အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် ဇူလိုင် ၇ ရက်ကလည်းကောင်း၊ ကမျက်နီကျင်းကျေးရွာ အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် ဇူလိုင် ၈ ရက်ကလည်းကောင်း အဆင့်တိုးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲများတွင် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ ကျောင်းအဆင့်တိုးပေးခြင်း ရည်ရွယ်ချက်များနှင့် ကျောင်းအဆင့်တိုးလာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထွန်းထွန်း(ပြန်/ဆက်)

ထန်းတပင်မြို့နယ်တွင် မြသိန်းတန်ဓမ္မစကူးလ် ဖွင့်လှစ်လျက်ရှိ

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်၌ ဓမ္မစကူးလ်သင်တန်းကို မေ ၂၇ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ဇူလိုင် ၈ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်းနှင့် သင်တန်းကာလ ရှစ်လကြာသည်အထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်က ဦးစီးကာ သင်တန်းနည်းပြ ဆရာ ဆရာမ ၁၆ ဦးတို့က နှစ်စဉ်မပျက် သင်ကြားလာခဲ့ရာ ယခုနှစ်မှာ ငါးနှစ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့် သင်တန်းလေးနှစ်အတွင်း မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ အား သင်ကြားပေးခဲ့ပြီးဖြစ်သလို ယခု ပဉ္စမနှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ၃၈၂ ဦးအား သင်ကြားပေးနေကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

မြို့သာစက်မှုဥယျာဉ်မြို့တော်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်း ဧရိယာအတွင်း၌ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ရက်က ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဌေးလွင်၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့သာ အထကမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်း(MMID)ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၇၀၀ ခန့်က အရိပ်ရလေကာပင်များဖြစ်သည့် စိန်ပန်းပင် ၁၃၅၀ နှင့် ယူကလစ်ပင် ၅၅၀ စုစုပေါင်းသစ်ပင် ၁၉၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သက်နောင်ဦး(ငါန်းဇွန်)

မိတ္ထီလာခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေသခံစာပေချစ်သူများအဖွဲ့(Book Club)တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။ စာဖတ်ဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ငုချိုချိုကျော်က ရှင်းလင်းပြောကြားပြီးနောက် စာရေးဆရာအောင်သင်း၏ နှလုံးသားကိုလေးပေါ်တင်၍ပစ်သောအခါ စာအုပ်နှင့် ပတ်သက်၍ ထိုစာအုပ်ထဲမှ စာပေရသာ၊ ဗဟုသုတများနှင့် အတွေးအမြင်များကို မြို့နယ်စာရေးဆရာအသင်းမှ ဒေသခံစာရေးဆရာများ၊ စာပေဝါသနာရှင်များက အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဆေးရောင်ခြယ်နှင့် အရုပ်ဆက်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကလေးငယ်လေးများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်နှင့် တီထွင်ကြံဆတတ်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး KGတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ဇူလိုင် ၇ ရက်က ကျောက်မဲမြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက် ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့ရာ အခြေခံပညာကျောင်း ခြောက်ကျောင်းမှ KG တန်းကလေးငယ် ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် ကလေးများအားလုံးကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဲမိုမိုစိုးနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်မြို့၌ မူခင်းကျဆင်းရေးပညာပေး

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်၏ ညွှန်ကြားမှုအရ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ကြီးကြပ်၍ မွန်ပြည်နယ်အတွင်း မူခင်းကျခင်းရေးအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပေါင်မြို့နယ် နတ်ကြီးချောင် အခြေခံပညာအထက်တန်းကျောင်း၌ ပညာပေးဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲတွင် မုတ္တမနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မင်းကြည်နှင့် တာဝန်ရှိသူများက မူခင်းကျဆင်းရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၁၃၈)

အာဆီယံနိုင်ငံများအတွင်း စိုက်ပျိုးရေးဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံ ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလုပ်ငန်းအဖွဲ့ အကြိမ်(၂၀)မြောက် အစည်းအဝေးကို ဇူလိုင် ၉ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် လယ်ယာကဏ္ဍ ထွက်ကုန် ဈေးကွက်နှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများနှင့်အတူ နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာသို့ ကူးသန်းရောင်းဝယ်မှုအခက်အခဲများ လျော့နည်းသက်သာရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ပြုလုပ်ပြီးဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် Action Plan ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း ၂၀၁၇-၂၀၂၀ ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ လိုက်လျောညီထွေမှုရှိပြီး ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်လျှောက် တိကျလျင်မြန်စွာ အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ပိုမိုတိုးမြှင့် ဆောင်ရွက်လျက်ရှိရာ Expert Working Group on Harmonization of Phytosanitary Measures နှင့် ASEAN sectoral Working Group on Crops အဖွဲ့များဖွဲ့စည်းလျက် ကုန်သွယ်မှုအတွက်အရေးပါသော အာဆီယံဒေသအတွင်း အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ စံနှုန်းများတစ်ပြေးညီသတ်မှတ်ရေးလုပ်ငန်းများ၊ ပိုးမွှားရောဂါစစ်ဆေးရေးနှင့် ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် အာဆီယံနိုင်ငံများအလိုက် အစည်းအဝေးများကျင်းပခဲ့ရာ ယခု အကြိမ်(၂၀)မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက အာဆီယံအသိုက်အဝန်းတွင် အာဟာရပြည့်ဝပြီး ဘေးကင်းစိတ်ချရသည့် အစားအစာများ အခြေခံထုတ်လုပ်မှုအောင်မြင်ရေး၊ သစ်တောကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စားသောက်ကုန်အရည်အသွေးထိန်းသိမ်းမှုကဏ္ဍ စသည်များတွင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းချက်ထားရှိ ဆောင်ရွက်နေသည်သာမက အာဆီယံအသိုက်အဝန်း၏ ၂၀၂၅ ခုနှစ်အတွင်း အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ရေးတွင်လည်း ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယခုနှစ် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြင့် အာဆီယံဒေသတွင်း အပင်ကျန်းမာရေးဆိုင်ရာ နည်းလမ်းများ ဖလှယ်ခြင်း၊ ဒေသတွင်းကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဖြေလျှော့နိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ ပိုးမွှားကာကွယ်ရေးဆိုင်ရာ နည်းပညာများ ဖလှယ်ခြင်း စသည့် လုပ်ငန်းရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်မိုး(မြန်မာ့အလင်း)

အိမ်မဲမြို့တွင် စည်းကမ်းမဲ့မောင်းနှင်သော ဆိုင်ကယ်များ စစ်ဆေးအရေးယူ

အိမ်မဲ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း စည်းကမ်းမဲ့မောင်းနှင်သော ဆိုင်ကယ်များကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မြို့မလူငယ်လေ့ကျင့်ရေးအားကစားကွင်းရှေ့၌ ဇူလိုင် ၉ ရက်က စစ်ဆေးဖမ်းဆီး၍ အရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ကြပြီး ဆိုင်ကယ်မောင်းနှင်ကြသူများ၏ စည်းကမ်းမလိုက်နာမှုများဖြစ်သော ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်ခြင်း၊ ပါဝါအိတ်ဇောတပ်ဆင်ပြီး မောင်းနှင်ခြင်း၊ ဆိုင်ကယ်တစ်စီးလျှင်သုံးယောက်စီးနင်းမောင်းနှင်ခြင်း စသည်တို့အတွက် စစ်ဆေးဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

တိုင်းရင်းသားကျေးရွာများတွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

မောက်မယ် ဇူလိုင် ၉

ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်းမှ ကျေးရွာများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရန် ရည်ရွယ်လျက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်း ဦးဆောင်၍ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၇ ရက်က ဟိုနမ့်ကျေးရွာအုပ်စု ထီဝါးဖော့ကျေးရွာ၌ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်းဇရပ်အတွင်း အခြေပြု၍ အဖွဲ့သုံးဖွဲ့ခွဲပြီး အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူ ၁၅၀ ခန့်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အပြင် မြို့နယ်ဆရာဝန်ကြီးက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း စသည်တို့ကိုလည်း ဒေသခံများအား အသိပညာပေး ဟောပြောဆွေးနွေးပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေး ဆရာ ဆရာမများ၊ အာအိုင် (Relief International) လူမှုရေးအသင်းအဖွဲ့များနှင့် လူထုကျန်းမာရေးလုပ်သားများကလည်း ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

သီတဂူဗုဒ္ဓတက္ကသိုလ် (သန်လျင်)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းသားသစ် ကြိုဆိုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာရှိ သီတဂူဗုဒ္ဓတက္ကသိုလ် (သန်လျင်)၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဖြစ်တော်မူသော သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ ဩဝါဒခံယူပွဲနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက်က အဆိုပါသီတဂူဗုဒ္ဓတက္ကသိုလ်(သန်လျင်)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား တပည့်သံဃာနှင့် သီလရှင်များက ကန်တော့ကြပြီး ဆရာတော်ကြီးက ဩဝါဒတရားတော် ဟောကြားချီးမြှင့်သည်။ ထို့နောက် ကျောင်းအုပ်ဆရာတော် ဒေါက်တာသီဉာဏာလင်္ကာရာဘိဝံသက သီတဂူဗုဒ္ဓတက္ကသိုလ်(သန်လျင်)၏ ကျောင်းသား ကျောင်းသူစာရင်းနှင့် ဓမ္မဒီပ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းသား ကျောင်းသူစာရင်းကို တင်ပြလျှောက်ထားသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဒီပလိုမာအောင် ကျောင်းသား ကျောင်းသူ ၆၆ ဦးတို့အား သီတဂူဆရာတော်ကြီးက အောင်လက်မှတ်များ ချီးမြှင့်ပေးပြီး အလှူရှင်များက ဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

ရေပြင်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ အမရပူရမြို့၌ ကျင်းပ

မန္တလေး ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးခရိုင် မီးသတ်ဦးစီးဌာနတို့က ကြီးမှူးဖွင့်လှစ်ခဲ့သော ရေပြင်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကို အမရပူရမြို့နယ် ပေါ်လွင်ရေကူးကန်၌ ဇူလိုင် ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူးနှင့် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ခုနစ်ခုမှ မီးသတ်ဦးစီးမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရေပြင်ကယ်ဆယ်ရေး ဆောင်ရွက်ရာတွင် လျင်မြန်စွာ တုံ့ပြန်ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှ တစ်ပတ်ဖြစ်ကာ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ဘုရင့်နောင်လမ်းမဘေးနှစ်ဖက်၌ စက်အားဖြင့် ရေဆင်းမြောင်းများတူးဖော်

ရန်ကုန် ဇူလိုင် ၉

ပိတောက်ချောင်း သီရိမင်္ဂလာဈေးသစ်အလွန် ဘုရင့်နောင်လမ်းမဘေးနှစ်ဖက်တွင် စည်းကမ်းမဲ့စွန့်ပစ်နေဆဲဖြစ်သော မြေကြီးများနှင့် အမှိုက်မျိုးစုံတို့သည် ကားလမ်းဘေးအထိ ရောက်ရှိနေရာ ကားလမ်းပေါ်ရှိရေများ လမ်းဘေးသို့ စီးဆင်းနိုင်ရန်အတွက် ရေဆင်းမြောင်းများကို သက်ဆိုင်ရာက စက်အားအသုံးပြု၍ ယခုရက်ပိုင်းအတွင်း ဖောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

ဘုရင့်နောင်လမ်းမကြီးဘေးတစ်နေရာရှိ စွန့်ပစ်မြေစာပုံကြီး

ယင်းနေရာတွင် ၂၀၁၅ ခုနှစ်မှ ယခုအချိန်အထိ မြေကြီးနှင့် အမှိုက်မျိုးစုံကို နေ့ပိုင်းအချိန်များတွင် စည်းကမ်းမဲ့စွန့်ပစ်နေကြကာ ကားလမ်းမဘေးရောက်သည်အထိ အမှိုက်များ ရှိနေပြီး တားမြစ်ဆိုင်းဘုတ်များ စိုက်ထူအသိပေးထားသော်လည်း အရေးယူမှုအားနည်းနေပြီး ဌာနက စက်အင်အားသုံး၍ ရေဆင်းမြောင်းများ တူးဖော်ပေးနေခြင်းကိုသာ တွေ့ရကြောင်း၊ မြေကြီးနှင့် အမှိုက်မျိုးစုံ စွန့်ပစ်ပါက ပြင်းထန်စွာအရေးယူမည်ဟု မြို့တော်စည်ပင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က အသိပေးထားသော်လည်း ဌာနဆိုင်ရာမြေသယ်ကားအချို့ပင် လာရောက်၍ မြေကြီးများ စွန့်ပစ်နေသည်ကို မြင်တွေ့ရကြောင်း အဆိုပါနေရာတွင် နေထိုင်သူအချို့က ပြောသည်။

လက်ရှိအချိန်တွင် ထိုနေရာအပြင် သီရိမင်္ဂလာဈေးသစ်ဘက်ခြမ်းတွင်လည်း လမ်းပခုံးများမြေသားတင်ရန် မြေကြီးများ စုပုံစွန့်ပစ်လာသည်ကို မြင်တွေ့ရပြီး မြို့တွင်းမှလာသော ယာဉ်ကြောအတိုင်း အုတ်ကျင်းမှတ်တိုင်အလွန် လမ်းဘေးသစ်ပင်များကြားတွင်လည်း စွန့်ပစ်မြေပုံများကို မြင်တွေ့လာရသည်။ ကားလမ်းဘေး တစ်လျှောက်တွင် လမ်းထက်မြင့်၍ တောင်တန်းငယ်များသဖွယ်ဖြစ်နေသော မြေကြီးပုံများကို စက်အားသုံး၍ ရေဆင်းမြောင်းများ ဖောက်ထားရခြင်းကြောင့် မြင်ကွင်းအကျည်းတန်သလို ရေမြောင်းများဖောက်နေစဉ် လမ်းပိတ်၍ လမ်းလျှောက်သူများမှာ ကားလမ်းပေါ်ဆင်းလျှောက်ရခြင်းများလည်း ရှိနေသည်။

ဇွန်လဆန်းက ရန်ကုန်မြို့တော်ဝန်နှင့် မြို့တော်စည်ပင် ဌာနဆိုင်ရာဝန်ထမ်း အကြီးအကဲများတွေ့ဆုံပွဲတွင် မြို့တော်ဝန်က စည်ပင်လုပ်ငန်းများနှင့်ပတ်သက်၍ လူထုကို သတင်းအချက်အလက်များပေးရန်၊ လုပ်ငန်းများနှင့်ပတ်သက်၍ စတင်သည့်နေ့၊ ကြာမည့်အချိန်၊ ပြီးမည့်အချိန်တို့ကို ဆိုင်းဘုတ်ထောင် ကြေညာပေးရန် လုပ်ငန်းလမ်းညွှန်ချက်များ ပြောကြားခဲ့သည်ဟု မြို့တော်ဝန်၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

သို့သော် ယာဉ်အသွားအလာများပြားပြီး မကြာခဏ ယာဉ်ပိတ်ဆို့မှုဖြစ်တတ်သော ပိတောက်ချောင်း သီရိမင်္ဂလာဈေးသစ်အလွန် ဘုရင့်နောင်ကားလမ်းမဘေး တစ်ဖက်စီတွင် တားမြစ်စာသားများကိုမလိုက်နာဘဲ နေ့ပိုင်းအချိန်များ၌ပင် မြေကြီးနှင့် အမှိုက်မျိုးစုံ လာရောက်စွန့်ပစ်နေခြင်းများ ရှိနေဆဲဖြစ်ရာ လာရောက်စွန့်ပစ်ပြီးမှ ရေဆင်းမြောင်းများ ဖောက်ပေးခြင်းသာမက ထိုသို့ စည်းကမ်းမဲ့စွန့်ပစ်မှုများကို ထိရောက်စွာ တားဆီးအရေးယူပေးသင့်ကြောင်း အဆိုပါနေရာတွင် နေထိုင်သူများနှင့် ထိုလမ်းပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာနေရသူအချို့က အကြံပြု ပြောဆိုလျက်ရှိသည်။

ခင်ဆိုင်

ပုဇွန်တောင်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား မြန်မာ့ရိုးရာသိုင်းပညာများ သင်ကြားပေး

ရန်ကုန် ဇူလိုင် ၉

မြန်မာ့ရိုးရာသိုင်းပညာကို လူငယ်/လူရွယ်များ သင်ကြားတတ်မြောက်စေရန်နှင့် သိုင်းပညာ အခြေခံမှသည် ပြိုင်ပွဲများအထိ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်လျက် မြန်မာ့ရိုးရာသိုင်းသင်တန်းကို ဇူလိုင် ၈ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အထက(၄)ကျောင်းရှိ ပင်လုံခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ပုဇွန်တောင်မြို့နယ်အတွင်းရှိ အထကကျောင်းတွေမှာ စနေ/တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ သိုင်းပညာအခြေခံနည်းစနစ် ဗန်တို၊ ဗန်ရှည်တွေကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်၊ ကျန်တဲ့ကျောင်းတွေမှာ ကာယချိန်တွေမှာ တစ်ပတ်လျှင် တစ်ချိန်နှုန်းနဲ့ ငါးတန်းမှ ၁၀တန်းအထိ ကျောင်းသား ကျောင်းသူတွေကို သင်ကြားပေးလျက်ရှိပါတယ်၊ မြန်မာ့သိုင်းပညာကို တတ်မြောက်ခြင်းအားဖြင့် သိုင်းပညာပြန့်ပွားရေး လက်ဆင့်ကမ်းအမွေဖြစ်သကဲ့သို့ မျိုးချစ်စိတ်ဓာတ်များ ရင့်သန်လာပြီး မိမိကိုယ်မိမိ ကာကွယ်တတ်သလို အများအကျိုး သယ်ပိုးနိုင်မှာဖြစ်ပါတယ်။ စုပေါင်းလေ့ကျင့်ခြင်းအားဖြင့် ကျောင်းသားအချင်းချင်း ရန်တုံ့မမူဘဲ ချစ်ခင်ရိုင်းပင်းလာပြီး မိဘ၊ ဆရာများကို ရိုသေတတ်စေရန်လည်း ပညာရေးဌာနရဲ့ပူးပေါင်းမှုဖြင့် တစ်ပါတည်း လေ့ကျင့်ပေးလျက်ရှိပါတယ်"ဟု လူငယ့်သိုင်း(ပင်မ) နည်းပြဆရာကြီးဦးဇော်ဝင်းက ပြောကြားသည်။

ထိုသို့ ကျောင်းသားလူငယ်များကို သင်ကြားပို့ချရာတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လူငယ့်သိုင်း(ပင်မ)နည်းပြဆရာ ဦးဇော်ဝင်းနှင့် ဦးမျိုးညွန့်တို့က အခမဲ့ အပတ်စဉ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မော်လူးတွင် လမ်းနယ်နိမိတ်သတ်မှတ်နိုင်ရေး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

မော်လူး ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် လမ်းနယ်နိမိတ်များ သတ်မှတ်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံများနှင့် ဇူလိုင် ၈ရက်က တွေ့ဆုံညှိနှိုင်းကာ ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မော်လူးမြို့တွင်း လမ်းနယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် မြို့ခံများနှင့်တာဝန်ရှိသူများက မော်လူးအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံ၍ ပဏာမကြိုတင်ရှင်းလင်းပွဲကို ပြုလုပ်ရာတွင် အင်းတော်မြို့နယ်လမ်းဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးထွန်းက မြို့ပြင်လမ်းအကျယ် ပေ ၁၅၀၊ မြို့တွင်းလမ်းအကျယ် ပေ ၁၀၀ သတ်မှတ် ထားသော်လည်း မော်လူးမြို့၌ မြို့အတွင်း ပေ ၁၀၀ အထိယူပါက မိဘပြည်သူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် လမ်းအကျယ် ၁၈ ပေမှ ပေ ၅၀ အထိသာ လျာထားကြောင်းနှင့် ပြည်သူများ သိရှိစေရန် ယခုကဲ့သို့ ကွင်းဆင်းညှိနှိုင်းတိုင်ပင်ပြီး တိုင်းတာသွားမည်ဖြစ်ကြောင်း ပြောကြားသည် ။

ထို့အတူ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းတို့ကလည်း ဒေသခံမိဘပြည်သူများ၏အသံကို သိရှိလို၍ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြို့တွင်းလမ်းကို ချဲ့ထွင်ခြင်းမပြုဘဲ မြို့ရှောင်လမ်းဖောက်လုပ်ပါက ကုန်ကျစရိတ်မြင့်မားပြီး အခက်အခဲများရှိကြောင်း၊ လက်ရှိအနေအထားမှာ မော်လူးမြို့တွင်းလမ်းပိုင်းသည် ကားနှစ်စီး ချောင်ချောင်သွားလာနိုင်သည့်အနေအထားပင်မရှိသဖြင့် လမ်းအကျယ်သတ်မှတ်နိုင်ရေးအတွက် လမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ ယခုလို လမ်းအကျယ် ပေ ၅၀ အထိ ချဲ့ထွင်နိုင်ရန် ပဏာမ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မော်လူးမြို့တွင်းလမ်းပိုင်းများကို ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ကြသည်။

ညိုမင်းထက်(မြန်မာစာ)

အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ သီပေါမြို့၌ကျင်းပ

သီပေါ ဇူလိုင် ၉

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင် ၆ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကျော့မွန်ဝင်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်အကောက်ဆိုင်ရာဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ ရွှေဆိုင်နှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၏ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်ရေးနှင့် စက်သုံးဆီဆိုင်များကို ကသခ ပုံစံ ၃၁ ဖြင့် ခုနှိမ်နိုင်ရေး စသည့်ဥပဒေကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အခွန်ဝန်ထမ်းပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျောက်ပန်းတောင်းရဲစခန်းရှေ့ရှိ ဈေးဆိုင်ခန်းများကိုဖျက်သိမ်းရန် ဆိုင်ခန်းပိုင်ရှင်များအား နောက်ဆုံးအကြိမ်အသိပေး

ကျောက်ပန်းတောင်း ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်း မျက်နှာစာရှိ ဈေးဆိုင်ခန်းများကို ဖျက်သိမ်းပေးရန်အတွက် ဆိုင်ခန်းရှင်များအား ဇူလိုင် ၈ ရက်က နောက်ဆုံးအကြိမ်အဖြစ် အသိပေးအကြောင်းကြားခဲ့ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်ထွေးတို့ ဦးဆောင်၍ ဆိုင်ခန်းတစ်ခန်းချင်းစီသို့ လိုက်လံတွေ့ဆုံကာ ဇူလိုင် ၂၈ ရက်တွင် အပြီးပြောင်းရွှေ့ဖျက်သိမ်းပေးရန် အသိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းသည် ဈေးကွက်သစ်ရပ်ကွက်အတွင်း မြေရေိယာ ၄ ဒသမ ၃၈၇ ဧကပေါ်တွင် တည်ရှိခြင်းဖြစ်ပြီး မြို့မစည်ပင်သာယာဈေးကြီးအနီးတွင် တည်ရှိသဖြင့် ယခင်က မြို့နယ်ရဲတပ်ဖွဲ့ဝန်ထမ်းမိသားစုများ သက်သာအဖြစ် စခန်းရှေ့မျက်နှာစာတွင် ဆိုင်ခန်း ၃၅ ခန်း ဆောက်လုပ်၍ ၁၉၉၈ ခုနှစ်မှစတင်ကာ အငှားချထားပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အဆိုပါ ဆိုင်ခန်း ၃၅ ခန်းကို ပြောင်းရွှေ့ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အခွင့်အာဏာအပ်နှင်းခြင်းဆိုင်ရာ အမိန့်ကြေညာချက်ကို ၁-၁၂-၂၀၁၇ ရက်က ထုတ်ပြန်ခဲ့ပြီး ဈေးဆိုင်ခန်းများ ရွှေ့ပြောင်းရေးကို ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ် ဇန်နဝါရီလထဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ဆိုင်ခန်းရှင်အားလုံးကို မြို့မရဲစခန်းဓမ္မာရုံသို့ ဖိတ်ကြားကာ အသိပေးရှင်းလင်း၍ ဆိုင်ခန်းရှင်များ၏ သဘောဆန္ဒဖြင့် ရွှေ့ပြောင်းရက်သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သတ်မှတ်ရက်ဖြစ်သည့် ဧပြီ ၂၃ ရက်မှစ၍ ၁၅ ရက်အတွင်း ပြောင်းရွှေ့ပေးရန် မြို့နယ်ရဲတပ်ဖွဲ့မှူးက နို့တစ်စာ ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဆိုင်ရှင်များက လိုက်နာခြင်းမရှိသဖြင့် ယခုအခါ နောက်ဆုံးအကြိမ်အဖြစ် လိုက်လံအသိပေး အကြောင်းကြားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အရင်က နောက်ဆုံးသတ်မှတ်ရက် ၈-၇-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားပြီး ဆိုင်ခန်းတွေကို ရွှေ့ပြောင်းပေးဖို့ နို့တစ်စာ ထုတ်ပြန်ပေးခဲ့ပြီးသားပါ။ ဒါပေမဲ့ ဆိုင်ခန်းရှင်တွေရဲ့ တောင်းပန်မှုကြောင့် အများဆန္ဒအတိုင်း ဒီလ (ဇူလိုင်လ) ၂၈ ရက်နေ့မှာ နောက်ဆုံးထားရွှေ့ပြောင်းပေးဖို့ သူတို့တောင်းဆိုခဲ့သလို နှစ်ဦးနှစ်ဖက် အမုန်းမပွားရအောင် ကျွန်တော်တို့ဘက်က နောက်ဆုံးလိုက်လျောခဲ့တာပါ။ ဇူလိုင် ၂၈ ရက်မှာမှ ရွှေ့ပြောင်းမပေးဘူးဆိုရင်တော့ ကျွန်တော်တို့ဘက်က တရားဥပဒေအတိုင်းပဲ ဆောင်ရွက်သွားရမှာပါ၊ သူတို့ကိုလည်း ဒီနေ့ တစ်ခါတည်း အသိပေးပြောကြားခဲ့ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေအောင်(ပြန်/ဆက်)

ထီးလင်းမြို့နယ် ပြင်ဘကျေးရွာတွင် ဝေဖန်အကြံပြုတိုင်ကြားစာများ ဖြေရှင်း

ထီးလင်း ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ထီးလင်းမြို့နယ်ရှိ ပြင်ဘကျေးရွာအုပ်စု ပြင်ဘကျေးရွာ အာရုံခံတန်ဆောင်းတွင် ကျေးရွာသူ ကျေးရွာသားများက ပေးပို့ထားသော လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည့် ဝေဖန်အကြံပြု တိုင်ကြားစာများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဇူလိုင် ၈ ရက် က ဖြေရှင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ဖြေရှင်းပွဲတွင် ထီးလင်းမြို့လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ မြို့နယ်အဆင့် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး တာဝန်ခံဦးကျော်ဇေယျနှင့် နယ်မြေတာဝန်ခံ လူထုစည်းရုံးရေးမှူး ဦးထွန်းထွန်းနိုင်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း၍ ပြည်သူများ၏ ဝေဖန်အကြံပြုချက်များအပေါ် ဆွေးနွေးဖြေရှင်းသွားကြသည်။

ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် ဝေဖန်အကြံပြုတိုင်ကြားစာ ရရှိမှုနှင့် ပတ်သက်၍ ကျေးရွာ ၅၇ မှ ဝေဖန်အကြံပြုတိုင်ကြားစာ ၂၂၈ စောင်နှင့် လူကိုယ်တိုင် လာရောက်တိုင်ကြားမှု တစ်ခု စုစုပေါင်း ဝေဖန်အကြံပြုတိုင်ကြားမှုပေါင်း ၂၂၉ ခုရရှိပြီး ၎င်းတို့အနက် ပြည်ထောင်စုအဆင့်သို့ ဝေဖန်အကြံပြုတိုင်ကြားမှု လေးခု၊ မြို့နယ်အဆင့်သို့ ဝေဖန်အကြံပြုတိုင်ကြားမှု ၁၇၂ ခု နှင့် ကျေးရွာအုပ်စု အဆင့်သို့ ဝေဖန်အကြံပြုတိုင်ကြားမှု ၅၃ ခုရှိပြီး ၉၇ ရာခိုင်နှုန်းကို ဖြေရှင်းပြီးဖြစ်ကြောင်း သိရသည်။

၁၀၁

ချမ်းအေးသာစံမြို့နယ်တွင် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ဇူလိုင် ၉

မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက်က ကဥ္စနမဟီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် အမှတ်(၈) မြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုမောင်နှင့် နယ်ထိန်းရဲအုပ်ထင်လင်းကျော်တို့က မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးနှင့် မှုခင်းများကြိုတင်ကာကွယ် ဖော်ထုတ်နိုင်ရေးအတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီကြရန်အတွက် အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့အတူ အမှတ်၃နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်သူ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကန်ကောက်နှင့်ပြည်ကြီးမျက်ရှင်ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့ကလည်း လမ်း(၆၀)၊ လမ်း(၃၀)နှင့်(၃၂)လမ်းကြားတွင် ထိုနေ့နံနက်က ရပ်ကွက်နေပြည်သူ ၃၀၀ ကျော်အား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြသည်။

"မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲ့ လမ်းညွှန်ချက်အရ ရဲစခန်းပိုင်နယ်မြေအတွင်းမှာ မှုခင်းကျဆင်းရေးအတွက် သိန်းငှက်စီမံချက်အနေနဲ့ သုံးလတိတိ ရက်ပေါင်း ၉၀ တိုင်အောင် ပိတ်ဆို့စစ်ဆေးမှုတွေ ဆောင်ရွက်သွားမှာပါ။ အဲဒါကြောင့် ပြည်သူတွေအနေနဲ့ ဆိုင်ကယ်စီးတဲ့အခါမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြဖို့၊ ဆိုင်ကယ်စီး ဦးထုပ်ကို စနစ်တကျဆောင်းကြဖို့၊ ရှေ့နောက် ယာဉ်နံပါတ်ပြားများ တပ်ဆင်မောင်းနှင်ကြဖို့နဲ့ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ခြင်းများ မပြုလုပ်ကြဖို့၊ မှုခင်းလျော့နည်းကျဆင်းစေရေးအတွက် ပြည်သူလူထုကလည်း ရဲတပ်ဖွဲ့နဲ့အတူ ပူးပေါင်းပါဝင်ကူညီကြဖို့ အသိပေးဟောပြောခဲ့ပါတယ်။ ဒါ့အပြင် အခုဆိုရင် ရပ်ကွက်အသီးသီးမှာ နယ်မြေရဲကင်းစခန်းတွေ ဖွင့်လှစ်ထားရှိပြီး အပိုင်နယ်ထိန်းနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို တာဝန်ချထားပြီး ၂၄ နာရီပတ်လုံး ရာဇဝတ်မှုများမဖြစ်ပွားစေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး စတဲ့ ရဲလုပ်ငန်းအသီးသီးကို ပီပီပြင်ပြင် ဆောင်ရွက်နေပါပြီ"ဟု စခန်းမှူး ဒုရဲမှူးကိုကိုမောင်က ပြောကြားသည်။

တင်မောင်(မန်းကိုယ်ပွား)

ပုသိမ်မြို့ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် စည်ကားစွာဆက်လက်ကျင်းပ

ပုသိမ် ဇူလိုင် ၉

ပြည်သူများ စာဖတ်သည့်အလေ့အထများ ရရှိလာစေရေး၊ စာအုပ်စာပေနှင့် နီးကပ်စွာ အကျွမ်းတဝင်ရှိစေရေးနှင့် စာဖတ်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် ပုသိမ်မြို့၌ ကျင်းပသော မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်နှင့် စာပေဟောပြောပွဲ ဒုတိယနေ့ကို ဇူလိုင် ၇ ရက်က ပုသိမ်မြို့တော်ခန်းမ၌ စည်ကားစွာ ဆက်လက်ကျင်းပခဲ့သည်။

ဒုတိယနေ့ စာပေဟောပြောပွဲတွင် မန္တလေးစာကြည့်တိုက်မှ ကိုဇော်ဇော်က 'တွေးကြ၊ ခေါ်ကြ၊ ပြောင်းလဲကြ၊ စာဖတ်ကြပါ လူငယ်တွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတိုးဝေက 'စာဖတ်ခြင်းဖြင့် ကမ္ဘာပတ်ရအောင်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး စာပေဟောပြောပွဲသို့ စာပေဝါသနာပါသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နားထောင်ခဲ့ကြသည်။

အဆိုပါ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့မှ စာအုပ်တိုက် ၂၅ တိုက်ခန့်က စာအုပ်မျိုးစုံကို အထူးလျှော့ဈေးအစီအစဉ်များဖြင့် လာရောက် ရောင်းချပေးလျက်ရှိရာ စာအုပ်ရောင်းသူ၊ ဝယ်ယူသူများနှင့် စာပေဟောပြောပွဲ လာရောက်သူများဖြင့် စည်ကား လျက်ရှိသည်။

မောင်မောင်မြင့် (ပြန်/ဆက်)

မလှိုင်မြို့နယ် ချည်မျှင်ရှည်ဝါမျိုးသန့်အထူးဇုန်အတွက် မျိုးသန့်ဝါမျိုးစေ့များ ပေးအပ်

မလှိုင် ဇူလိုင် ၉

မလှိုင်မြို့နယ် ရေချိုဘုတာအုပ်စုရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးသန့်အထူးဇုန် ၇၅ ဧကအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရွှေတောင်(၈) မျိုးသန့် မျိုးဝါစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က သပြေပင်ကျေးရွာ ဘုန်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

မျိုးသန့်မျိုးစေ့များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်က အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းက မိုးနှောင်းချည်မျှင်ရှည်ဝါအထူးဇုန် တည်ထောင်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက မြို့နယ်အဆင့် အထူးဇုန်လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းများကို ရှင်းလင်းသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ရွှေတောင်(၈) ဝါမျိုးသန့် မျိုးစေ့များကို တစ်ဧကလျှင် သုံးပိဿာနှုန်းဖြင့် မျိုးသန့်အထူးဇုန် ၇၅ ဧကအတွက် ၂၂၅ ပိဿာကို တောင်သူများထံသို့ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခင်က ဆည်ရေသောက်ဒေသကို အထူးဇုန် သတ်မှတ်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင်မူ မိုးကောင်းသောက်ဒေသကို အထူးဇုန်အဖြစ် သတ်မှတ်ကာ မလှိုင်မြို့နယ်က ပထမဦးဆုံးအနေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်(၈)မျိုးကို စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ဝင်ငွေကောင်းစေသည့်သီးနှံဖြစ်၍ တောင်သူများအနေဖြင့် ဝါကိုပြောင်းလဲစိုက်ပျိုးသင့်ကြောင်းနှင့် ထွက်ရှိလာသည့် ဝါစေ့များကိုလည်း မျိုးသန့်ဝါစေ့ထုတ်လုပ်ကာ ဖြန့်ဖြူးရောင်းချနိုင်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

အောင်ဌေး(မလှိုင်)

ပုသိမ်မြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

ပုသိမ် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၈ -၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ခြင်းနှင့် ၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ချီးမြှင့်ပွဲကို ဇူလိုင် ၈ ရက်က ပုသိမ်မြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် တိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစဝင်းနိုင်က ပညာသင်စရိတ်ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၄၁၈ ဦးအား ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နှလုံးရောဂါသတိပြုပါ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ရုတ်တရက် အသက်ဆုံးရသည့် သတင်းများ

ယခုအခါ ရုတ်တရက် ရင်ဘတ်ထဲကအောင့်တယ်၊ အောင့်တယ်ဆိုပြီး အသက်ဆုံးသွားရတဲ့ သတင်းများ ကြားနေရပါတယ်၊ နှလုံးကိုသွေးဖြန့်ဝေပေးနေတဲ့ Coronary Arteries ခေါ် သွေးကြောငယ်လေးများမှာ ကိုလက်စထရော (cholesterol)ခေါ် အဆီဓာတ်ကြောင့် ပိတ်ဆို့ရာက အသက်သေဆုံးသည်အထိ ဖြစ်ရတယ်လို့ အကြမ်းဖျင်း သိထားရပါမယ်။

ကိုလက်စထရောခေါ်တဲ့ အဆီဓာတ်တွေဟာ အရည်အနေနဲ့ တည်ရှိနေကြပေမယ့် မာကျောသွားတဲ့အခါ sharp crystals ခေါ် ချွန်ထက်တဲ့အခဲငယ်လေးတွေအဖြစ် ပြောင်းလဲသွားပြီး လူကိုအသက်ဆုံးစေနိုင်တယ်လို့ လေ့လာမှုအသစ်တစ်ခုအရ သိရပါတယ်။ မိုးရေတွေဟာ အေးမြတဲ့ လေထု၊ နှင်းထုတွေနဲ့ တွေ့တဲ့အခါ မိုးသီးတွေဖြစ်သွားတတ်သလို အဆီဓာတ်တွေဟာ အခဲဖြစ်သွားတတ်ပါတယ်။ သွေးကြောများအတွင်းက အပူချိန်ဟာ ၃၇ ဒီဂရီစင်တီဂရိတ်မှာ အရည်အနေနဲ့ ရှိနေတတ်တယ်လို့ သိရပါတယ်။

ကိုလက်စထရော

ကိုလက်စထရောအခဲလေးတွေဟာ ကြီးမားလာပြီး plaque ခေါ် အခဲငယ်လေးတွေအဖြစ် ပြန့်ထွက်သွားကာ သွေးကြောလေးတွေမှာ ပိတ်ဆို့ကုန်လို့ နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်ပွားရတာဖြစ်ကြောင်း အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တက္ကသိုလ်ကထုတ်တဲ့ American Journal of Cardiology မှာ ဖော်ပြထားပါတယ်။

ယခင်ယူဆထားချက်များမှာ ကိုလက်စထရော အဆီဓာတ်တွေဟာ plaque ခေါ် အခဲတုံးကလေးများအဖြစ် နေကြပြီး ရောင်ရမ်းမှုကို ဖြစ်စေတယ်။ သူတို့ဟာ နှလုံးသွေးကြောလေးတွေကို မာကြောစေပြီး နှလုံးရောဂါထမှုကို ဖြစ်ပွားစေတာဖြစ်တယ်လို့ဆိုတာ ဖြစ်ပါတယ်။ နှလုံးသွေးကြောပိတ်ခံရသူ ၂၄၀ ရဲ့ သွေးကြောများထဲက ပိတ်ဆို့နေတဲ့ အခဲငယ်လေးတွေကို လေ့လာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ကိုလက်စထရော အဆီခဲလေးတွေကြောင့် အသက်သေဆုံးစေနိုင်တဲ့အထိ ဖြစ်ပွားနိုင်ကြောင်း ယူဆကြပါတယ်။

အရက်ကို ဆေးဝါးအဖြစ်သောက်ခြင်း

ယခုတွေ့ရှိချက်ကို ရေးသားသူ မီချီဂန်ပြည်နယ်တက္ကသိုလ် နှလုံးရောဂါကုသမှုဌာနမှ ပါမောက္ခ George Abela က "နှလုံးသွေးကြောလေးတွေအတွင်း ပိတ်ဆို့နေတဲ့ အစိုင်အခဲငယ်လေးတွေမှာ ဖော်ပြခဲ့တဲ့ အခဲလေးတွေ ၈၉ ရာခိုင်နှုန်းမျှ ရှိနေတာကို တွေ့ရပါတယ်"လို့ ဆိုပါတယ်။ ထူးခြားတာတစ်ခုက ဒီလိုအခဲလေးတွေကို အရက်(alcohol)က အရည်ပျော်စေတာကို တွေ့ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အရက်ကို ဆေးဝါးအဖြစ် အသင့်အတင့်သောက်ခြင်း(moderate alcohol drinking) ဟာ နှလုံးရောဂါကို ကာကွယ်နိုင်မယ်လို့တောင် ဆိုရမလိုဖြစ်နေပါတယ်။ လေ့လာသူအချို့ကလည်း moderate alcohol drinking ဟာ နှလုံးရောဂါဖြစ်မှုကို ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်တဲ့အပြင် အခြားရောဂါအချို့ကိုပါ တိုက်ဖျက်နိုင်လိမ့်မယ်လို့ ဆိုကြပါတယ်။

ပါမောက္ခ George Abela က The Independent ဆောင်းပါးမှာ ဖော်ပြထားတာ တစ်ခုက အခုလောလောဆယ်တော့ သွေးတွင်းအဆီကျဆေးဖြစ်တဲ့ စတက်တင်ဆေး(statins)များနဲ့ အက်စ်ပရင်ဆေး(aspirin)တို့ဟာ နှလုံးသွေးကြောများအတွင်းက အဆီခဲလေးတွေကို ချေဖျက်နိုင်တယ်ဆိုတာကိုတော့ လက်ခံပြီး လက်တွေ့အသုံးပြုနေတာဖြစ်တယ်။ အဓိကကတော့ သွေးအတွင်းမှာ လိုအပ်တာထက်ပိုများနေတဲ့ အဆီဓာတ်ကို လက်စထရောတွေကို ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်း၊ အန္တရာယ်ပေးနိုင်တဲ့ ပြည့်ဝအဆီမျိုးတွေကို ရှောင်ခြင်း စသည်တို့ဖြင့် လျှော့ချခြင်းတို့ကိုသာ ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။

"ရင်ဘတ်တည့်တည့်မှာ တစ်ခုခုနဲ့ ဆွဲညှစ်ထားသလို နာကျင်နေပြီး လက်မောင်းများဆီကိုပါ နာကျင်မှုက ရောက်သွားတတ်ပါတယ်၊ မိနစ်အနည်းငယ်ကြာအောင် နာကျင်နေတတ်ပြီး အနားယူလိုက်ရင် ပျောက်သွားတတ်ပါတယ်၊ အသက်ရှူကျပ်တာ၊ ချွေးစေးတွေထွက်တာ၊ ခေါင်းကိုက်တာ၊ ပျို့အန်တာမျိုးလည်း ဖြစ်တတ်ပါတယ်၊ နံနက်အိပ်ရာထချိန်မျိုးတွေမှာ အဖြစ်များတတ်ပါတယ်၊ ဖြစ်ပွားမှုများရဲ့ ၄၀ ရာခိုင်နှုန်းခန့်ဟာ နံနက် ၆ နာရီနဲ့ နေ့လယ် မွန်းတည့်ချိန်ကြားမှာ ဖြစ်လေ့ရှိကြောင်း သိရပါတယ်၊ နှလုံးသွေးကြောများ ရုတ်တရက်ပိတ်ပြီး ရုတ်တရက်သေဆုံးရမှုများရဲ့ ၂၉ ရာခိုင်နှုန်းခန့်ဟာ နံနက်ပိုင်းမှာဖြစ်လေ့ရှိကြောင်း သိရပါတယ်"

နှလုံးသွေးကြောပိတ်ခြင်း လက္ခဏာများ

အများသိနေကြတဲ့ နှလုံးရောဂါ(သို့မဟုတ်) နှလုံးသွေးကြောပိတ်ဖြစ်စဉ်ဟာ လူအများကို ရုတ်တရက် အန္တရာယ်ပေးနေတာဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားမှုကို သတိပြုထားသင့်ပါတယ်။

ရင်ဘတ်တည့်တည့်မှာ တစ်ခုခုနဲ့ ဆွဲညှစ်ထားသလို နာကျင်နေပြီး လက်မောင်းများဆီကိုပါ နာကျင်မှုက ရောက်သွားတတ်ပါတယ်။ မိနစ်အနည်းငယ်ကြာအောင် နာကျင်နေတတ်ပြီး အနားယူလိုက်ရင် ပျောက်သွားတတ်ပါတယ်။ အသက်ရှူကျပ်တာ၊ ချွေးစေးတွေထွက်တာ၊ ခေါင်းကိုက်တာ၊ ပျို့အန်တာမျိုးလည်း ဖြစ်တတ်ပါတယ်။ နံနက်အိပ်ရာထချိန်မျိုးတွေမှာ အဖြစ်များတတ်ပါတယ်။ ဖြစ်ပွားမှုများရဲ့ ၄၀ ရာခိုင်နှုန်းခန့်ဟာ နံနက် ၆ နာရီနဲ့ နေ့လယ် မွန်းတည့်ချိန်ကြားမှာ ဖြစ်လေ့ရှိကြောင်း သိရပါတယ်။ နှလုံးသွေးကြောများ ရုတ်တရက်ပိတ်ပြီး ရုတ်တရက်သေဆုံးရမှုများရဲ့ ၂၉ ရာခိုင်နှုန်းခန့်ဟာ နံနက်ပိုင်းမှာဖြစ်လေ့ရှိကြောင်း သိရပါတယ်။

ရင်ဘတ်အောင့်လာ နာလာလျှင်

ဖော်ပြခဲ့သလို ရုတ်တရက် ရင်ဘတ်တည့်တည့်က နာလာ အောင့်လာပြီဆိုရင် ဘယ်လိုလှုပ်ရှားမှုမျိုးမှမလုပ်ဘဲ နေရာမှာ ငြိမ်ငြိမ်လေး နေပါ။ ဘပ်စပရို (Buspro)လို့ သိကြတဲ့ ဆေးပြား ၃၀၀ မီလီဂရမ်တစ်ပြားကို ဝါးစားလိုက်ပါ။ ဒီဆေးပြားကို အိမ်တိုင်းမှာလည်း ဆောင်ထားသင့်ပါတယ်။ အက်စ်ပရင်လို့ခေါ်တဲ့ ဘပ်စပရိုဆေးဟာ သွေးအတွင်းက သွေးခဲမှုဖြစ်စဉ်များကို ချေဖျက်နိုင်ပြီး သွေးကြောပိတ်ခြင်းနဲ့ နှလုံးကြွက်သားများပျက်စီးမှုကို အမြန်ဟန့်တားနိုင်ပါတယ်။

လူနာကို တစ်ခုခုတိုက်ကျွေးတာ မလုပ်သင့်ဘဲ အိမ်တံခါးတွေကိုဖွင့်ထား၊ ဆရာဝန် သို့မဟုတ် ဆေးပညာအကူအညီပေးနိုင်မယ့်သူ တစ်ဦးဦးဆီ ဖုန်းဆက်အကူအညီတောင်းပါ။ အရေးပေါ်လူနာတင်ကား သို့မဟုတ် လျင်မြန်တဲ့ အစီအစဉ်တစ်မျိုးမျိုးနဲ့ ဆေးရုံကိုအမြန်ပို့ဖို့ စီစဉ်မှုဟာ သိပ်အရေးကြီးပါတယ်။ အောက်ဆီဂျင်မပြတ်လပ်စေဖို့ အရေးပေါ်အောက်ဆီဂျင်ပေးတာ၊ နှလုံးကို အီးစီဂျီရိုက်စစ်ဆေးတာများ အပါအဝင် အခြားလိုအပ်တဲ့ အရေးပေါ်စစ်ဆေးမှုတွေကို အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်ပြီး လိုအပ်တဲ့ ကုသမှုများကို အလျင်အမြန်ဆောင်ရွက်နိုင်မှသာ အသက်ဘေးအန္တရာယ်က လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။

ယခုအခါ ရုတ်တရက် ရင်ဘတ်အောင့်တယ်ဆိုပြီး ရုတ်တရက် အသက်ဆုံးသွားကြတဲ့ ဝမ်းနည်းဖွယ်သတင်းတွေကို ကြားနေတွေ့နေရပါတယ်။ ဆေးမြီးတိုတွေ၊ ဆေးပညာနားမလည်တဲ့ လူတွေနဲ့ ကုသတာမျိုးတွေ မလုပ်ကြဖို့ အရေးကြီးလှပါတယ်။

နှလုံးသွေးကြောများကျဉ်းမြောင်းခြင်း၊ ပိတ်ဆို့ခြင်းများမဖြစ်စေဖို့ လူတိုင်း ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအစာတွေ မှီဝဲကြဖို့၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်လုပ်ကြဖို့၊ ကိုယ်စိတ်ဖြေလျှော့ကြဖို့၊ သွေးအတွင်း အဆီဓာတ်စစ်ဆေးခြင်းအပါအဝင် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းများကို မှန်မှန်လုပ်ကြဖို့၊ ဆေးပညာဆိုင်ရာ အသိပညာဗဟုသုတများကို လေ့လာဖတ်ရှုလက်တွေ့အသုံးချကြဖို့ တိုက်တွန်းလိုပါတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မြန်မာနိုင်ငံမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနဟာ အစိုးရသစ်လက်ထက်မှာ အကောင်းဆုံးဆောင်ရွက်ပေးနိုင်နေတယ်လို့ စာရေးသူအနေနဲ့ မြင်မိပါတယ်။ အထူးသဖြင့် အခုဖော်ပြခဲ့တဲ့ နှလုံးရောဂါဖြစ်ပွားမှုများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အကောင်းဆုံး ကုသမှုပေးနိုင်နေတာ တွေ့ရပါတယ်။ လူအများစုကို သေတွင်းကနေ ကယ်တင်နိုင်နေတဲ့ နှလုံးရောဂါကုသမှုဌာနနဲ့ ဆရာဝန်များ၊ ဆေးပညာရှင်များ၊ အကောင်းဆုံးနည်းပညာ၊ ကိရိယာများနဲ့ လူနာမှန်သမျှကို မခွဲခြားဘဲ အချိန်နဲ့တစ်ပြေးညီ ကုသပေးနေတာတွေ့ရလို့ ဝမ်းမြောက်သာဓုခေါ်မိပါတယ်။ ကုန်ကျမှုလည်း အသင့်တော်ဆုံးဖြစ်အောင် စီစဉ်ပေးတာ၊ လှူဒါန်းပေးတာတွေ စီစဉ်ပေးတာမို့ လူနာအများ စိတ်ချမ်းသာကိုယ်ချမ်းသာရာရကြပါတယ်။ အများပြည်သူတို့ အားကိုးသင့်တဲ့ ဆေးရုံကြီးဖြစ်ပါတယ်။

လူများရဲ့အသက်ကို အချိန်တိုအတွင်း ဆွဲနုတ်ယူသွားတတ်တဲ့ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ဆို့ခြင်းရောဂါကို အများပြည်သူတို့ သတိပြုကြဖို့နဲ့ စနစ်တကျကုသကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။ ။

ရေစကြိုမြို့တွင် ဘင်ခရာတီးခတ်ခြင်းပညာကို ပြန်လည်ဖော်ထုတ် သင်ကြားပေးနေ

ရေစကြို ဇူလိုင် ၉

ရေစကြိုမြို့တွင် လွန်ခဲ့သော ၁၅ နှစ်ကျော်ခန့်ကတည်းက ပျောက်ကွယ်နေခဲ့သော ဘင်ခရာတီးခတ်ခြင်းပညာကို ပြန်လည်ဖော်ထုတ်သောအားဖြင့် ဘင်ခရာသင်တန်းသားဟောင်းကြီးများက လူငယ် ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့မှာ ဘင်ခရာက အဆက်ပြတ်သွားတာလည်း ကြာပြီဆိုတော့ ကလေးတွေအနေနဲ့ စိတ်ဝင်စားမှုတွေနည်းသေးတယ်၊ သူတို့ရှေ့မှာလည်း ဘင်ခရာတီးကြတာကို မြင်ထားတာမရှိတော့ လူအင်အားကတော့ နည်းသေးတယ်၊ ဘင်ခရာသင်တန်းဖွင့်တဲ့ရက်ကိုတော့ ကျောင်းကော်မတီတို့၊ ပညာရေးမှူးတို့နဲ့ ညှိနှိုင်းပြီးတော့ သတ်မှတ်သွားရမှာပေါ့"ဟု ဘင်ခရာသင်တန်း ကြီးကြပ်သူ ကိုညီညီဝင်းကပြောသည်။

သင်တန်းကို ရေစကြိုမြို့ အထက(၁)ကျောင်းဝင်းအတွင်း ဧပြီ ၂၃ရက်မှ စတင်ဖွင့်လှစ်နေခြင်းဖြစ်ပြီး ဩဂုတ်လအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ရေစကြိုမြို့ပေါ်ရှိ ကျောင်းပေါင်းစုံမှ ဘင်ခရာတီးရန် ဝါသနာပါသော ကျောင်းသားကျောင်းသူလေးများ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့တွင် လွန်ခဲ့သော ၁၅ နှစ်ကျော်ခန့်က ဘင်ခရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျောင်းတွင်းဘင်ခရာတီးခြင်းများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဘင်ခရာတီးဝိုင်း ကိရိယာများကို ကျောင်းစတိုခန်းအတွင်းသိမ်းထားရာမှ ပျောက်သွားခြင်းကြောင့် ဘင်ခရာသင်တန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။ အဆိုပါ ဘင်ခရာပစ္စည်းများ ပျောက်ဆုံးမှုမှာ ယနေ့အချိန်အထိလည်း တရားခံမပေါ်သေးကြောင်းနှင့် ယခုဖွင့်လှစ်နေသော ကျောင်းပေါင်းစုံဘင်ခရာသင်တန်းအတွက် ကျောင်းကော်မတီများက တောင်းခံထားသည့် တိုင်းဒေသကြီးရန်ပုံငွေထဲမှ ကျပ် ၁၀ သိန်းဖြင့် မတည်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပျောက်သွားတဲ့ တူရိယာတွေကို ပြန်ပြီးထူထောင်ရမှာရော၊ ကလေးတွေအတွက် ဝတ်စုံဝယ်ရမှာတွေရော လိုပါသေးတယ်၊ အကုန်လုံး အသစ်တွေလုပ်ဖို့အတွက် ကျောင်းသားဟောင်းတွေဆီကရောပေါ့၊ အလှူလည်းခံနေတယ်၊ နောက်ထပ် ထူထောင်ဖို့အတွက်က သိန်း ၃၀ လောက် လိုနေပါသေးတယ်၊ ဟိုတုန်းကတည်းက ရေစကြိုဘင်ခရာအဖွဲ့အနေနဲ့ ရပ်တည်ခဲ့တာပါ"ဟု ကိုညီညီဝင်းက ဆက်ပြောပြသည်။

ယခင်က ရေစကြိုမြို့ဘင်ခရာအဖွဲ့မှာ ဂန့်ဂေါ၊ ဇီးပြား၊ ကျော စသည့်မြို့များမှ ဖိတ်ခေါ်မှုများကြောင့်သွားရောက်တီးခတ်ခဲ့ရခြင်းများပင် ရှိခဲ့ပြီး ပခုက္ကူခရိုင်အတွင်းရှိ တံတားဖွင့်ပွဲ၊ ကျောင်းဖွင့်ပွဲ၊ သင်တန်းဆင်းပွဲများတွင်လည်း သွားရောက်တီးမှုတ်ပေးခဲ့ကြရသည်ဟု ဘင်ခရာသင်တန်းသားဟောင်းတစ်ဦးဖြစ်သူ ဦးအောင်မိုးထံမှ သိရသည်။

အိမွန်ဆွေ(ရေစကြို)

ခန္တီးမြို့ရှိ စာပေချစ်မြတ်နိုးသူများ၏ စာဖတ်ဝိုင်းကို ဇူလိုင် ၇ ရက်က ခန္တီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပစဉ်။ (စာဖတ်ဝိုင်းတွင် စာရေးဆရာ ကျော်ဝင်း၏ "နှစ်ဆယ့်တစ်ရာစု သားရှေဥ" စာအုပ်အကြောင်းကို ခန္တီးလူငယ် လူမှုကွန်ရက်အသင်းမှ ဦးဆော်လမွန်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သိန်းထွန်းနှင့် ရှမ်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။)

ချန်လော(ခန္တီး)

ဖခင်အမည်မှန်

ပေါင်မြို့နယ် (ဖြူဘကျေးရွာ) အထက (ခွဲ) တတိယတန်းမှ မောင်အောင်ကျော်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်လင်း ၇/သနပ(နိုင်)၀၇၈၉၀၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၂)၊ န၀မတန်း(B)မှ နန်းလဲ့လဲ့လင်းကြည်၏ ဖခင်အမည်မှန်မှာ စောဖေလင်းအောင် ၃/လဘန(နိုင်)၁၃၃၅၄၈ ဖြစ်ပါကြောင်း။ **စောဖေလင်းအောင်**

အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အော်သော်ကျေးရွာအုပ်စုနေ ဦးကျော်သူ ၅/ဟမလ(နိုင်)၁၀၄၇၉၀၏သမီး မကြယ်စင်ဝင်း၏အမည်မှန်မှာ မကြယ်ဇင်ဝင်း ဖြစ်ပါကြောင်း။ **မကြယ်ဇင်ဝင်း**

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့၊ (၂)ရပ်ကွက်နေ အထက အဋ္ဌမတန်းမှ မသဲအိဖွေး၏ဖခင် ဦးမောင်စော၏ အမည်မှန်မှာ ဦးစောအောင် ၅/ဟမလ(နိုင်)၀၈၄၅၈၉ ဖြစ်ပါကြောင်း။ **ဦးစောအောင်**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9408 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖခင်အမည်မှန်

ကျောက်တံခါးမြို့၊ အထက(ခွဲ) (ဘာဘူကုန်း) န၀မတန်း(B)မှ မရီသာကူမာရီ၊ တတိယတန်း(A)မှ မဆန်ဂီသာ၊ ဒုတိယတန်း(A)မှ မဆုနီသာနှင့် မအနီသာတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဘီရီဂျဘာရ် ၇/ကတခ(နိုင်)၀၇၉၆၃၃ ဖြစ်ပါသည်။ **ဦးဘီရီဂျဘာရ်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၉၀၇၉ New Anbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနုံဘွဲ့ ၄/ဖလန(နိုင်)၀၀၇၅၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဟားခါး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်(၅)၊ နည်းဥပဒေ-၂၀)

အင်္ဂပူမြို့နယ်တရားရုံး

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆

ဦးလှသန်း **တရားလို** နှင့် ဦးကြည်မြင့် **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဂိုပြင်စုကျေးရွာအုပ်စု၊ ကျောက်ပါးစပ်ကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးကြည်မြင့် (ဘ)ဦးထွန်းကြည်သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှသန်းက တံတားတည်ဆောက်ရေးအဖွဲ့သို့ တံတားမအပ်မီ ပြိုကျပျက်စီးသဖြင့် ပေးအပ်ထားသည့်ငွေကျပ် ၆၀၃၀၀၀၀/-အား ကတိအတိုင်း ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇူလိုင် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ဝင်း)
မြို့နယ်တရားသူကြီး
အင်္ဂပူမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊ မြေကွက်အမှတ်(၂၁၃)၊ မြေတိုင်းလမ်း၊ အကျယ်အဝန်း(အလျားပေ ၆၀×အနံ ၄၁ပေ)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းကျော် ၁၁/စတန(နိုင်)၀၀၂၅၃၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၃၃/၂၀၁၇)
အမှတ်(၂၅၃)၊ ငါးလွှာ၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၀၂၆၆၈

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ န၀ဒေးလမ်းနှင့် အလံပြဘုရားလမ်းထောင့်၊ တိုက် ၃၉ United Condo ၏ ပထမထပ်၊ အခန်းအမှတ် ၁၁၁၊ ၂၃ပေ×အနံပေ ၅၀အကျယ်ရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဆန်းလွင် ၁၄/မမန(နိုင်)၀၀၄၂၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမြင့် (တရားလွှတ်တော်ရှေ့နေ)
စဉ်-၇၃၅၈
အမှတ် ၅၀၊ (ပထမထပ်) A-1၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်မှန်

ဦးကျော်မြင့်၏သမီး မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းကောလိပ်၊ ရူပဗေဒဘာသာရပ် ပထမနှစ်မှ မအိအိ၏ အမည်မှန်မှာ မအိအိမော် ၈/ဆနန(နိုင်)၁၀၅၅၂၆ ဖြစ်ပါကြောင်း။ **မအိအိမော်**

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ ဂုဏ်ထူးဝေ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသီရိမေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ထွန်း ၅/ပလန(နိုင်)၀၅၅၈၁၂ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ထွန်း**

အမည်မှန်နှင့် ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(J)မှ မယာမင်ကျူး၏အမည်မှန်မှာ မမီမီအောင် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးရန်ဟန်ချန်း ၁၃/လရန(နိုင်)၀၁၄၄၉၈ ဖြစ်ပါကြောင်း။

အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ မြရိပ်ကျေးရွာနေ ဦးမြင့်ကြိုင်၏သမီး မအိရွှေစင်၏ အမည်မှန်မှာ မအိရွှေဇင် ၅/ယမပ(နိုင်)၁၂၈၈၄၀ ဖြစ်ပါကြောင်း။ **မအိရွှေဇင်**

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပုလဲလမ်း၊ အမှတ်(၅၁)တွင်နေထိုင်သူ ဒေါ်ကြူကြူသင်း ၁၂/တမန(နိုင်)၀၁၁၅၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။



